# ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ စနေနေ့၊ (14-3-2015) (၈၁၄၄)


သတင်းစာတွေကို ကျွန်တော်ပြောချင်တယ်။ သတင်းစာတွေဟာ ဒီအစိုးရလက်ထက်နဲ့ အရင်တုန်းက တခြားအစိုးရလက်ထက်နဲ့ သေသေချာချာနှိုင်းယှဉ်ကြည့်စေချင်တယ်။ ကျွန်တော်တို့ဟာ ဘယ်လိုအစိုးရဆိုတာလဲ ဘာမှအထူးပြောနေစရာမလိုဘူး။ အဲဒီတော့ကာ ကျွန်တော်တို့ကို ထောက်ခံအားပေးနေတဲ့ သတင်းစာတွေလည်း အားပေးချင်ပေးကြ။ ဒီလိုမှမဟုတ်လို့ ကျွန်တော်တို့ကို ဝေဖန်ပြီးတော့ အတိုက်အခံလုပ်ချင်ကြတဲ့ သတင်းစာတွေဆိုရင်လည်း သဘောအတိုင်းပဲ။ သို့ပေမယ့် အကြည်ညိုတစ်ဦးနဲ့တစ်ဦး ပျက်စေတဲ့စကားမျိုး၊ တိုင်းပြည်ဆူပူအောင် လှုပ်ရှားအောင် လှုံ့ဆော်တဲ့ စကားမျိုး၊ ဖက်ဆစ်အစီအမံလို လုံးဝတစ်ခါတည်း လိမ်လည်လှည့်ဖြားပြီး ရေးသားတဲ့ အရေးအသားမျိုးဆိုရင် ကျွန်တော်တို့ သည်းခံမှာမဟုတ်ဘူးဆိုတာ တိတိလင်းလင်းပဲသတိပေးပါရစေ။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ ပြောကြားခဲ့သော နှစ်သစ်ကူးမိန့်ခွန်းမှ ကောက်နုတ်ချက်)*

## သာယာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**ကွာလာလမ်ပူ မတ် ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇတ်တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပူထရာဂျာရားမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။**(ယာပုံ)**

ထို့နောက် မြန်မာ-မလေးရှား နှစ်နိုင်ငံတွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမားများကိစ္စ၊ နှစ်နိုင်ငံကြား ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာ-မလေးရှားနှစ်နိုင်ငံ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် တည်ထောင်မှု သဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ ပူးတွဲကော်မရှင် ပထမအကြိမ်အစည်းအဝေးကို ယခုနှစ်အတွင်း မလေးရှားနိုင်ငံတွင်ကျင်းပရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် မလေးရှားနိုင်ငံက အဆင့်(၇)တွင်ရှိပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ လုပ်ငန်းပေါင်း ၅၀ တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၈၆၁ ဒသမ ၉၇ သန်းရှိပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



# မြစ်ကြီးနားမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို




**မြစ်ကြီးနား မတ် ၁၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်ကျင်းပရာ မြစ်ကြီးနားမြို့နယ်အတွင်း စာဖြေဌာန ၁၄ ခုတွင် ကျောင်းသား ကျောင်းသူ ၇၅၀၀ ကျော် ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

မြစ်ကြီးနားမြို့နယ်တွင် စာဖြေဌာန ၁၄ ခု၌ ဖြေဆိုရန် မှတ်ပုံတင်ထားသူ ကျောင်းတွင်းနှင့် အပြင်ဖြေ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၁၅၁ ဦး ရှိသော်လည်း တတိယမြောက်နေ့ **စာမျက်နှာ ၉ ကော်လံ ၄ သို့ ◆**

## ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ် ဖြေဆိုသူ ၅၉၆၂၅ ဦးရှိ

**နေပြည်တော် မတ် ၁၃**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်းစတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ယနေ့နံနက် ၉ နာရီတွင် သင်္ချာဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ် [illegible] ဖြေဆိုသည့်နေ့ထက် ၄၄၄ ဦးလျော့နည်းပြီး စာမေးပွဲစတင်ဖြေဆိုသည့်နေ့ထက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၁၄၃ ဦး လျော့နည်းကြောင်း သိရသည်။ **(သတင်းစဉ်)**




ကြေးမုံစာတည်းရှုထောင့် ၁၄-၃-၂၀၁၅၊ စနေနေ့

# စက်မှုထုတ်ကုန်တိုးမှ ဖွံ့ဖြိုးချမ်းသာ

"သံသေတစ်ပြည်ဝ"ဆိုစကားကြားဖူးကြမည်။ သံဟူသည်ကားတွင်းထွက်ဒြပ်စင်ရော သံမဏိကုန်ကြမ်းဖြစ်သည်။ ကမ္ဘာကြီး၏ဗဟိုချက်အပြင် အူတိုင်လွှာသည် သံနှင့်နီကယ်သတ္တုစပ်အမြောက်အမြားဖြင့်ဖွဲ့စည်းထားသည်။ ကမ္ဘာမြေအတွင်း အလွန်ပူပြင်းသော အပူချိန်အောက်တွင် ယင်းသတ္တုများ အရည်ပျော်လျက်ရှိသည်။

သမိုင်းမတင်မီကာလက သံခေတ်ရှိခဲ့ဖူးသည်။ သံကိုအသုံးပြု၍ လက်နက်ကိရိယာများတည်ဆောက်ခြင်းဖြင့် လူသားယဉ်ကျေးမှု ခေတ်တစ်ခေတ်ကို တည်ဆောက်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ခရစ်နှစ်အစောဆုံးကာလ တကောင်းခေတ်က ပန်းပဲမောင်တင့်တယ်နှင့် သံဖိုကြီးများအကြောင်း၊ ကုန်းဘောင်ခေတ်သံချက်စက်ရုံကြီးများ အကြောင်းတို့ကို မှတ်သားဖူးသည်။

သံသေသည်ဆိုသည်မှာ သံရိုင်းကို အရည်ကျိုခြင်း၊ သံမှန်သမျှကို လိုရာပြုလုပ်နိုင်ခြင်းကိုဆိုလိုပါသည်။ ဂမ္ဘီရဝိဇ္ဇာအတတ်၌ ပြဒါးကိုသေအောင်ပြုလုပ်လျှင် တစ်ဆွေမျိုးလုံး ချမ်းသာနိုင်သလို သံကိုသေအောင်ပြုလုပ်နိုင်လျှင် တစ်တိုင်းတစ်ပြည်လုံး ချမ်းသာနိုင်ပုံကို ဖော်ကျူးထားခြင်းဖြစ်ပါသည်။

လူသားယဉ်ကျေးမှုခေတ်ကို ဖော်ဆောင်ရာတွင် သံ၏အခန်းကဏ္ဍမှာ အထူးအရေးပါသည်။ ၁၈ ရာစုတွင် ဥရောပ၌ စက်မှုတော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ ဗြိတိန်နိုင်ငံသည် နိုင်ငံငယ်သော်လည်း သံကိုသေအောင်ပြုလုပ်နိုင်သဖြင့် တိုင်းပြည်ချမ်းသာလာသည်။ ဂျာမနီနိုင်ငံနှင့်အပြိုင် စက်မှုနိုင်ငံတည်ဆောက်သည်။ ဂျာမနီသည် သံကိုအသုံးပြုပြီး ခေတ်မီစစ်လက်နက်ပစ္စည်းများ ထုတ်လုပ်ကာ ကမ္ဘာကိုလွှမ်းမိုးဖို့ကြိုးစားခဲ့သည်။

မျက်မှောက်ကာလတွင် သံကိုကာကွယ်ရေးပစ္စည်းသာမက လူသားအကျိုးပြုပစ္စည်းများ အမြောက်အမြားထုတ်လုပ်လာကြသည်။ ထုတ်လုပ်သည့်နိုင်ငံများမှာ ချမ်းသာသောနိုင်ငံများဖြစ်သွားကြသည်။ သံကို စက်မှုထုတ်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးပစ္စည်း၊ သယ်ယူပို့ဆောင်ရေးပစ္စည်း၊ ကုန်မာပစ္စည်းများသာမက အခြေခံအဆောက်အအုံတည်ဆောက်ရာတွင် အဓိကပစ္စည်းအဖြစ် အသုံးပြုနေကြပြီဖြစ်သည်။

သံအစစ်သည် အသုံးဝင်မှုအရာ၌ စိန်ထက်ပင်တန်ဖိုးကြီးမားသည်။ သံသည် အခြားဒြပ်စင်များနှင့် အလွယ်တကူပေါင်းစည်းနိုင်သောကြောင့် သံစစ်စစ်ကို သဘာဝသယံဇာတတွင် မတွေ့ရချေ။ ထို့ကြောင့် သံအစစ်သည် စိန်ထက်ပင် တန်ဖိုးကြီးမားသည်ဟုဆိုခြင်းဖြစ်သည်။ ဒြပ်စင်နှင့်ပေါင်းစည်းနိုင်သော ဂုဏ်ရည်ကြောင့် သံ၏အသုံးဝင်မှု အကျိုးထူးများရှိလာသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါများသောကြောင့် သံရိုင်းသတ္တုများရှာဖွေနိုင်သည်။ သံစိမ်းပြုလုပ်ရန်အတွက် သံရိုင်းကုန်ကြမ်းများလိုအပ်ပြီး သံမဏိဖြစ်ရန်အတွက် နည်းပညာနှင့် အရင်းအနှီးလိုအပ်သည်။ ယခင်က သံမဏိစက်ရုံရှိခဲ့သော်လည်း အဆင့်မြင့်မြင့်လုံလုံလောက်လောက် မထုတ်လုပ်နိုင်ခဲ့ချေ။

မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံများမြင့်တင်လျက်ရှိသည်။ မြို့ပြနှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ သံနှင့် သံမဏိလိုအပ်ချက် မြင့်မားလာသည်။ လိုအပ်သော ထိုသံများကို တောင်ကိုရီးယား၊ တရုတ်၊ ထိုင်းစသည့် ပြင်ပနိုင်ငံများမှ မှာယူတင်သွင်းနေရသည်။

အကယ်၍ သံနှင့်သံမဏိကို ပြည်တွင်း၌ အလုံအလောက်ထုတ်လုပ်နိုင်လျှင် သွင်းကုန်အစားထိုးနိုင်၍ နိုင်ငံခြားငွေသက်သာနိုင်သည်။ နည်းပညာတိုး၍ တိုင်းပြည်ဖွံ့ဖြိုးကာ စီးပွားဥစ္စာတိုးပွားလာနိုင်သည်။ စက်မှုနိုင်ငံအဖြစ် တည်ဆောက်၍ ချမ်းသာသောနိုင်ငံဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံတွင် သံနှင့် သံမဏိစီးပွားဖြစ်ထုတ်လုပ်နိုင်မည့် သတ္တုရိုင်းသိုက်များတည်ရှိရာ ဒေသမှာ ကချင်ပြည်နယ် ဖားကန့်ဒေသ သိုက်ကျီးတောင်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ပင်ပင်းဒေသဖြစ်သည်ဟု သိရှိရသည်။ ပင်ပင်းဒေသတွင် သံစိမ်းထုတ်လုပ်မှုကို ရှေ့ပြေးစီမံကိန်းအဆင့်မှ စီးပွားဖြစ်ထုတ်လုပ်သော စီမံကိန်းအဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

မကြာမီတွင် နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်သော သံစိမ်းတုံးများထုတ်လုပ်ပေးနိုင်တော့မည်။ ယင်းစီမံကိန်းအောင်မြင်ပါက တိုင်းပြည် ဖွံ့ဖြိုးရေးအတွက်တံခါးတစ်ချပ်ပွင့်မည်။စက်မှုထုတ်ကုန်၊ စက်မှုပစ္စည်းများတိုးတက်ထုတ်လုပ်နိုင်သော အဆင့်သို့ရောက်အောင် တက်ညီလက်ညီ ဆောင်ရွက်နိုင်လျှင် တိုင်းပြည်ဖွံ့ဖြိုးချမ်းသာခြင်းအကျိုးကို ရမည်ဖြစ်ပါသည်။ ။

# ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်

## USAID ၏တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်းအဖွဲ့ခေါင်းဆောင်နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် USAID ၏ တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်း (USAID's Promoting the Rules of Law Project) မှ အဖွဲ့ခေါင်းဆောင် Mitch Gruner ကို ယမန်နေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ် (I-2) ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော ဦးသောင်း၊ ဦးစတီဖန်၊ ဦးစိုးရယ်၊ ဦးစိုးစိုးနှင့် ဒေါက်တာစိုးမိုးအောင်တို့ တက်ရောက်ခဲ့ကြပြီး လွှတ်တော်၏ လုပ်ငန်းဖြစ်သော ဥပဒေပြုရေးလုပ်ငန်းများကိုလည်းကောင်း၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊ ဥပဒေကြမ်းနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို မည်သို့ ကူညီပံ့ပိုးနိုင်မည်တို့ကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၂၈၀၀ | - | ၆၆၃၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၂၀၀၀ | - | ၆၆၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၇၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၇.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၀၈၉.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၆၃.၉၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၁.၂၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၇၇.၉၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆.၄၁၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၄၆.၀၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၁.၄၇၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၇၈၉.၇၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၄၃.၇၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း


# မြန်မာနိုင်ငံစာရေးဆရာအသင်းမှ အဖွဲ့ဝင်များ ဗီယက်နမ်နိုင်ငံမှပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၁၃**

ဗီယက်နမ်နိုင်ငံစာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့်ဒုတိယအကြိမ်မြောက် အာရှပစိဖိတ်ကဗျာရွတ်ပွဲတော်နှင့် တတိယအကြိမ်မြောက် ဗီယက်နမ်စာပေကို နိုင်ငံတကာစာပေနှင့်မိတ်ဆက်ခြင်းညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ဦးဆောင်သည့်မြန်မာစာရေးဆရာ၊ကဗျာဆရာအဖွဲ့သည် မတ် ၁ ရက်တွင်ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး မတ် ၇ ရက် ညပိုင်းတွင်ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာစာရေးဆရာအဖွဲ့သည် မတ် ၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည့် ဖွင့်ပွဲ အခမ်းအနားနှင့် ညပိုင်းတွင် ကျင်းပသော အာရှပစိဖိတ်ဒေသ ၄၄ နိုင်ငံမှ ကဗျာဆရာများပါဝင်သည့် ကဗျာရွတ်ဆိုပွဲ အခမ်းအနားသို့လည်းကောင်း၊ မတ် ၃ ရက်တွင်ကျင်းပသည့်စကားပြေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် နိုင်ငံတကာကဗျာဆွေးနွေးပွဲသို့လည်းကောင်း၊ မတ် ၄ ရက်တွင် ဟလောင်းပင်လယ်ကွေ့အတွင်းရှိ ကျွန်းစုများ၊ သဘာဝကျောက်လိုဏ်ဂူများလေ့လာရေးနှင့် ညအချိန်နိုင်ငံတကာ ကဗျာရွတ်ဆိုပွဲသို့လည်းကောင်း၊ မတ် ၅ ရက် နံနက်ပိုင်းတွင် (၁၃)ကြိမ်မြောက် ဗီယက်နမ် ကဗျာနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပွဲသို့လည်းကောင်း၊ ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ သမ္မတရုံး၌ ကျင်းပသည့် ဗီယက်နမ်သမ္မတ Truong Tan Sang က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားသည့် အခမ်းအနားသို့လည်းကောင်း၊ မတ် ၆ ရက်တွင် ဗီယက်နမ် ဂန္ထဝင်ကဗျာစာဆိုကြီး Cao Ba Quat ကို ဂုဏ်ပြုသောအားဖြင့် ၎င်း၏မွေးရပ်မြေ ဖူသီရွာ Phu Thi Village တွင် ကျင်းပသည့် အမှတ်တရဂုဏ်ပြုပွဲနှင့် ကဗျာရွတ်ပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်ခဲ့ကြသည်။

မတ် ၁ ရက် မှ မတ် ၇ ရက် အထိ ကျင်းပသော အဆိုပါ ကဗျာပွဲတော်သို့ အာရှပစိဖိတ်ဒေသနိုင်ငံပေါင်း ၄၄ နိုင်ငံမှ ကဗျာဆရာ၊စာရေးဆရာ ၂၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်းနှင့် မြန်မာနိုင်ငံမှ အဖွဲ့ခေါင်းဆောင်နှင့် အတူ ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)၊ ဒေါ်မြမြသန်း (မနှင်းဖွေး)၊ ဒေါက်တာတင်မောင်ထွေး (ဒေါက်ထွေး၊ ဆေး/မန်း)နှင့် ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)တို့ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံကိုယ်စားပြု မြန်မာကဗျာကို အဖွဲ့ခေါင်းဆောင် ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ရွတ်ဆိုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တိုးတိုးအောင်[၇/ပမန(နိုင်)၀၃၄၅၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးတင်သိန်း(ခ)ကိုလတ် (ဘ)ဦးသိန်းထွန်း[၁၂/ကတတ(နိုင်)၀၀၉၂၆၂]တို့သည် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ရာ ဦးတင်သိန်းသည် အိမ်ထောင်ရေးပြစ်မှုကျူးလွန်၍ ၂၇-၇-၂၀၁၄ ရက်၌ နေအိမ်မှ အပြီးအပိုင်ဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးတင်သိန်းတို့သည် ယင်းရက်မှစ၍ သက်ဆိုင်မှုလုံးဝမရှိတော့ကြောင်း၊ ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို ကျွန်ုပ်၏မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်)
ဖုန်း-၀၉-၅၀၂၆၄၃၁

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းစိုး **LL.B** အထက်တန်းရှေ့နေ
အမှတ်(၆၉၃)၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း၊
ဖုန်း-၀၉-၄၃၀၇၈၀၁၂

၂၀၁၅ ခုနှစ် (၉)နှစ်မြောက် နှစ်သစ်ကူး မဟာသင်္ကြန် ခရီးစဉ်
ထားဝယ် ရှင်ကိုးရှင် နှင့် ထီးဒီး (တနင်္သာရီ/မြိတ် ဘုရား)
၁၁ - ၄ - ၂၀၁၅ မှ ၂၀ - ၄ - ၂၀၁၅ ထိ
သုခမိန်ဧကမ ၀၁ ၂၅၃၀၇၉ / ၀၉ ၅၁ ၅၅၆၅၄ / ၀၉ ၃၀၁၀၄၁၃၇

အစိုးတန်နေ့မှာကြိုတင်ပြင်ဆင်အောင်ပွဲဝင်ဖို့ စာသင်ကြပါစို့
YC ဖန်ဆင်း (၃)လမြောက်
၈-၉-၁၀တန်းဘာသာစုံ
သင်ရိုးကုန်သင်တန်းကြီး
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ➡ ဦးဝေမင်းအိမ်
သင်္ချာ ➡ ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု ➡ ဆရာသုတ
ရူပ ➡ ဦးကျော်မိုးလတ်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

(ဓာတုဗေဒ)
ကိုယ်တိုင်သင်ကြားစီစဉ်သည့်
ကျူရှင်
(၂၀၁၅) မတ်လမှစ၍
ပုံမှန်ပိုင်းတန်းခွဲများ
၈-တန်း၊၉-တန်း၊၁၀-တန်း
အဆင့်မြင့်စာသင်/စာကျက်ဝိုင်းနှင့်ဆော်ဒါ
အမှတ် / ၆၃ - အေ၊ (၃ - လွှာ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ - ၇၃၀၃၂၉၃၁၊ ၀၉ - ၅၀၇၀၁၅၈၊ ၀၉ - ၅၄၀၈၃၄၃

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း မလေးရှားနိုင်ငံ လက်မှုပညာပစ္စည်းပြတိုက်သို့ သွားရောက်လေ့လာ

**ကွာလာလမ်ပူ မတ် ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ လက်မှုပညာပစ္စည်းများပြတိုက်သို့ သွားရောက်လေ့လာခဲ့သည်။

နိုင်ငံတော်သမ္မတ၏ဇနီးနှင့်အဖွဲ့အား ပြတိုက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး ပြတိုက်အတွင်း လိုက်လံပြသခဲ့သည်။ **(သတင်းစဉ်)**

**❖ ရှေ့ဖုံး**

ယခင်နှစ်ကထက် ၄၆ ဒသမ ၁၆ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း သိရှိရသည်။

မလေးရှားနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Malaysia Technical Cooperation Programme-MTCP) အရ မလေးရှားနိုင်ငံတွင် ဖွင့်လှစ်သော ကာလတိုသင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးအစီအစဉ်များသို့ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ စေလွှတ်ခဲ့ပြီး ယခုဆွေးနွေးပွဲတွင် ယင်းအစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားရန် ထည့်သွင်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့က ရှန်ဂရီလာဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်သို့ရောက်ရှိပြီး မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာပညာတော်သင်များနှင့် တွေ့ဆုံ၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များမှာကြားကာ ပညာတော်သင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ




**ရန်ကုန် မတ် ၁၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံဘုရင် ဆူလတန်အဗ္ဗဒူဟာလင်မ်မူအက်ဒ်ဇမ်ရှားနှင့် မိဖုရား ရာဂျာပါမိုင်ဆူရီ အက်ဂွန်တွန်ကူ ဟာဂျာဟာမီနာတို့၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းဖြင့် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့အား ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဦးကျော်လွင်၊ ဦးသန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးဇေယျာအောင်၊ ဦးအေးမြင့်၊ ဦးဌေးအောင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

## ဩစတြေးလျအစိုးရက မြန်မာနိုင်ငံမှ ကလေးငယ်များအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း အကူအညီပေးမည်

**နေပြည်တော် မတ် ၁၃**

ဩစတြေးလျအစိုးရသည် မြန်မာနိုင်ငံမှ ကလေးသူငယ်များအား လိင်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လူကုန်ကူးခံရမှုများမှ ကာကွယ်စောင့်ရှောက်ပေးရန် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)သို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းအကူအညီပေးရန် ကတိပြုလိုက်ကြောင်း DVB သတင်းများအရ သိရသည်။ အဆိုပါလှူဒါန်းမှုကို မတ် ၁၀ ရက်က ရန်ကုန်မြို့ ယူနီဆက်ရုံး၌ ကျင်းပသည့် အခမ်းအနားတစ်ခုတွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျအစိုးရက မြန်မာနိုင်ငံသို့ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၉၀ ဝန်းကျင် ထောက်ပံ့နေကြောင်း၊ လှူဒါန်းမှုအများစုမှာ ပညာရေးနယ်ပယ်တွင်ဖြစ်ပြီး လှူဒါန်းမှုများမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၅ သန်းကို ကလေးများ၏ အခွင့်အရေးနှင့်ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်တွင် အကောင်အထည်ဖော်ရန် အသုံးပြုသွားမည်ဖြစ်ကြောင်း ယူနီဆက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ယူနီဆက်၏ ငွေကြေးထောက်ပံ့မှုများကို ကဏ္ဍသုံးခုတွင် အသုံးပြုရန် ဦးစားပေးသတ်မှတ်ထားပြီး ပထမဦးစားပေးလုပ်ငန်းမှာ မြန်မာနိုင်ငံတစ်ဝန်းရှိ ကလေးများအား ကာကွယ်စောင့်ရှောက်ရန်၊ ဒုတိယဦးစားပေးလုပ်ငန်းမှာ ကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်နှင့် တတိယဦးစားပေးလုပ်ငန်းမှာ ကလေးငယ်များ၏ အခွင့်အရေးနှင့်ပတ်သက်၍ မြန်မာတရားသူကြီးများအား ပညာပေးရန်တို့ဖြစ်ကြောင်း ယူနီဆက်ကဆိုသည်။ **(သုတ)**

**Y.E.S.** Since 1994
စာရေးဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
ကျောင်းခွဲမရှိပါ၊
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30am 9 Mar
Mon to Thurs-10:00-12:00am 9 Mar
Sat & Sun - 9:00-12:00 am 14 Mar
Mon to Thurs 1-3-5pm 16,30 Mar
Mon to Thurs-5:30-7:30pm 16 Mar
Sat & Sun - 12:30-3:30 pm 21 Mar

**Pre-Intermediate English**
Mon to Thurs-70:30-9:30 am 3 Mar
Sat & Sun - 12:30-3:30 pm 7 Mar
Mon to Thurs 10:00-12:00am 23 Mar
Mon to Thurs-1:00-3:00 pm 23 Mar
Mon to Thurs-5:00-7:00 pm 23 Mar

**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 3 Mar

**Grammar Foundation Course**
Sat & Sun - 9:00-12:00 am 7 Mar
Mon to Thurs - 3:30-5:00 pm 9 Mar
Mon to Thurs - 1:00-2:30 pm 30 Mar

**Intermediate English**
Mon to Thurs-1:00-3:00 pm 23 Mar

**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am 30 Mar

**Structure & Written Expression**
Mon to Thurs-1:00-3:00pm 16 Mar
Sat & Sun - 9:00-12:00 am 21 Mar
Sat & Sun - 12:30-3:30-6:30pm 14,21Mar
Mon to Thurs-3:00-4:30-6:00pm 30 Mar

**Basic Writing Course**
Mon to Thurs - 3:00 - 4:30pm 23 Mar
Mon to Thurs-3:45-6:15 pm 28 Mar
Sat & Sun - 12:30-3:30 pm 28 Mar
**SAT** Mon to Thurs -3:30-5:00pm 30 Mar
**TOEFL** Mon to Thurs-5:30-7:00pm 30 Mar
**IELTS**(Foundation) Mon&Thurs 5:30to7:00pm 30 Mar
**IELTS**(Test Practice) San&Sun 10:30to12:30am 28 Mar
**IELTS**(Speaking) San&Sun 1:00to3:30pm 28 Mar

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 28 Mar

နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ
Level I G - 5&6 Mon to Thurs : 8-10am 16 Mar
Level II G - 7&8 Mon to Thurs : 8-10am 16 Mar
Level III G - 9&10 Mon toThurs:8-10am 16 Mar

No.190, 2nd Flr.,28thSt(Upper), Pabedan Tsp. Ph: 01-243950, 246910

**စာအုပ်စာပေ လှူမိတ်ဆွေ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဆိုင်းရာ[၁/မကန(နိုင်) ၁၀၉၆၄၁]၏ ပတ်စပို့(No-မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၆၅၃၁၀၄၄

**ရောင်းမည်**

(၁) ကျွန်းကလေးကျေးရွာ၊ လှည်းကူး လယ်မြေ(၉၀)ဧက၊ ညှိနှိုင်းဈေး။
(၂) အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူး 200' x 200' ခြံခတ်ပြီး ညှိနှိုင်းဈေး

**Ph:09-31535277**
**09-5047224**
**09-73212352**

# မြန်မာနိုင်ငံအတွက် အထူးအခွင့်အရေး

မေး/ရေး - မိုးသူဇာစိုး၊ ရီရီမြင့်
ဓာတ်ပုံ - ဇော်မင်းလတ်၊ လှမိုး

**နိုင်ငံတော်သမ္မတ၏ မလေးရှားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကဏ္ဍအလိုက် ဆွေးနွေးမှုများနှင့် အကျိုးဖြစ်ထွန်းမှုများအပေါ် ခရီးစဉ်တွင် လိုက်ပါသွားသော ပြည်ထောင်စုဝန်ကြီးများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဦးအေးမြင့်၊ ပြည်ထောင်စုဝန်ကြီး**

ခရီးစဉ်မှာ အလုပ်သမားတွေကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ မလေးရှားနိုင်ငံဟာ မြန်မာအလုပ်သမားတွေ သွားရောက်အလုပ်လုပ်နေတဲ့ နိုင်ငံတွေထဲမှာ ဒုတိယအများဆုံး နိုင်ငံဖြစ်တယ်။ အများဆုံးကတော့ ထိုင်းပေါ့၊ မလေးရှားနိုင်ငံမှာ လက်ရှိမြန်မာအလုပ်သမား သုံးသိန်းနီးပါးရှိတယ်။ တစ်သိန်းခွဲကတော့ ဒီကတရားဝင် စေလွှတ်သူတွေပါ။ နောက်တစ်သိန်းလောက်ကတော့ ဟိုမှာတင် တရားဝင်အောင်လို့ လုပ်ပေးတာ။ သုံးသောင်း၊ လေးသောင်းလောက် ကျန်သေးတယ်။ ကျန်တဲ့အလုပ်သမားတွေကို ဟိုမှာ နိုင်ငံသားစိစစ်ရေးလုပ်ပေးတယ်။ တရားဝင်အလုပ်သမားဖြစ်သွားပြီဆိုတော့ လွတ်လွတ်လပ်လပ်နဲ့ တရားဝင်သွားလာနိုင်တယ်။ အဲဒီလိုမျိုးတွေ လိုက်လုပ်ပေးတော့ တော်တော်လေး အဆင်ပြေတယ်။ တစ်သောင်း၊ နှစ်သောင်းလောက် ကျန်နိုင်သေးတယ်။ ဟိုမှာ ဒီက ၁၂ ယောက်ပါတဲ့အဖွဲ့တစ်ဖွဲ့ရှိတယ်။ မလေးရှားနိုင်ငံ မြန်မာသံရုံးမှာထိုင်ပြီးတော့ သွားလုပ်ပေးတယ်။ အဲဒီမှာ ပြည်ထဲရေး၊ လဝက နဲ့ အလုပ်သမားက ဝန်ထမ်းတွေပါတယ်။

မလေးရှားအစိုးရနဲ့ ညှိနှိုင်းပြီး ဒီလုပ်ငန်းကို ၂၀၁၅ နှစ်ကုန်တဲ့အထိ ဆက်လုပ်ခွင့်ပေးမယ်ဆိုတော့ ကျန်တဲ့အလုပ်သမားတွေကို နိုင်ငံသားစိစစ်ပြီး မှန်လို့ရှိရင် နိုင်ငံသားထုတ်ပေးမယ်။ မြန်မာနိုင်ငံကို ပြန်ချင်တဲ့လူရှိရင် မြန်မာနိုင်ငံသားစိစစ်ပြီးတော့ နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးမှသာ မလေးရှားလဝကက မြန်မာနိုင်ငံကို ပြန်ဖို့ခွင့်ပြုတာပါ။ အဲဒါတွေလည်း လုပ်ပေးတဲ့အတွက် တချို့လည်း ကိုယ့်နိုင်ငံကို ပြန်တဲ့လူလည်းပြန်ကြတယ်။ အချို့လည်း ဟိုမှာဆက်ပြီးအလုပ်လုပ်နေကြတယ်။ အထောက်အထားတွေနဲ့ တရားမဝင်တဲ့သူကနေ တရားဝင်ရအောင် ဒါတွေကို ဆက်လုပ်ပေးနေပါတယ်။ ဒါက မြန်မာနိုင်ငံအတွက် အထူးအခွင့်အရေးပါပဲ။ မလေးရှားမှာ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံက သွားရောက်အလုပ်လုပ်ကိုင်ကြတယ်။ ဒီလိုအခွင့်အရေးမျိုး မြန်မာနိုင်ငံတစ်နိုင်ငံကိုပဲ သီးခြားအခွင့်အရေးပေးထားတယ်။ သမ္မတကြီးဦးဆောင်တဲ့အဖွဲ့သွားတော့ နှစ်နိုင်ငံညှိနှိုင်းပြီး မြန်မာအလုပ်သမားတွေအတွက် အများကြီးအကျိုးရှိတာပေါ့။

ဟိုမှာရှိတဲ့အဖွဲ့က ၂၀၁၄ ခုနှစ် ဧပြီလကတည်းက ၂၀၁၅ နှစ်ကုန်တဲ့အထိ လုပ်ပေးမှာ။ အလုပ်သမားတွေ မပြန်သေးရင်လည်း ဆက်လုပ်ပေးဖို့တောင်းဆိုရမှာပါ။ တရားမဝင်တဲ့အလုပ်သမားတွေ တရားဝင်ဖြစ်သွားတာပေါ့။ သို့သော်လည်းပဲ မြန်မာနိုင်ငံကနေ တရားဝင်သွားနိုင်ရဲ့သားနဲ့ ဘာလို့တရားမဝင်သွားရောက်ကြသလဲ။ ဒီမှာ တရားဝင်အလုပ်အကိုင် အေဂျင်စီ ၂၀၀ ကျော် လောက်ရှိတယ်။ ဒီကနေ နိုင်ငံကူးလက်မှတ်၊ နေထိုင်ခွင့်နဲ့ အလုပ်လုပ်ခွင့်ကိုင်သွားမယ်ဆိုရင် ဟိုရောက်ရင် ဘယ်သူမှ ကြောက်စရာမလိုဘူး။ တရားမဝင် သွားခြင်းဆိုတာက ပွဲစားတွေရဲ့လိမ်ခြင်းကိုခံရတာပဲ။ ပိုက်ဆံလည်း အများကြီး ကုန်တယ်။ အခု တရားဝင် လုပ်လိုက်တော့ ပိုက်ဆံလည်း မကုန်ဘူး။ အလိမ်အညာလည်း မခံရဘူး။ ပိုက်ဆံတွေ အများကြီးပေးပြီး ပွဲစားတွေရဲ့ အလိမ်အညာတွေ မခံကြပါနဲ့။ တစ်ခုခုဖြစ်လာရင် ဘယ်သူမှလည်း မကယ်နိုင်ဘူး။ ပွဲစားတွေလည်း ဘယ်ပျောက်သွားမှန်း မသိဘူး။ ဥပဒေကြောင်းအရ



ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်



ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်



ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်

အကာအကွယ်ပေးတဲ့နေရာမှာ အခက်အခဲတွေဖြစ်လာနိုင်တယ်။ ဒါ့ကြောင့် အားလုံး တရားဝင်လုပ်ပြီး သွားကြပါလို့ ပြောချင်ပါတယ်။

**ဦးဌေးအောင်၊ ပြည်ထောင်စုဝန်ကြီး**

မလေးရှားနိုင်ငံက ခရီးသွားလုပ်ငန်းတော်တော်လေး ဖွံ့ဖြိုးပါတယ်။ ရပ်နီးရပ်ဝေးက ကမ္ဘာလှည့်ခရီးသွား ၂၅ သန်းလောက်အထိ လာနေပါတယ်။ ဒါကိုဆက်ပြီး တိုးတက်လာအောင် မြှင့်တင်တာ၊ ကြော်ငြာတာတွေနဲ့ ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ မလေးရှားနိုင်ငံနဲ့ မြန်မာနိုင်ငံက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေတဲ့ မိတ်ဖက်နိုင်ငံတွေဖြစ်ပြီး ၁၉၉၇ ခုနှစ်က အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တော့လည်း ဒေသတွင်းမှာ အမြဲတမ်းပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

အခုချိန်မှာ အာဆီယံဒေသကို တစ်ခုတည်းသော ခရီးစဉ်ဒေသအဖြစ် ထူထောင်တဲ့နေရာမှာ မလေးရှားနဲ့ သာမက အခြားနိုင်ငံတွေနဲ့ပါ ဆက်စပ်ပြီး ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်တွေရှိပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလက နေပြည်တော်မှာ ကျင်းပတဲ့ အစည်းအဝေးမှာ မလေးရှားက စတင်ပြီး ဦးဆောင်ဦးရွက်ပြုတဲ့ အစီအစဉ်ကို ဒီနှစ်ထဲမှာ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ အခုလ လေးရက်နေ့က ဘာလင်မှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာခရီးသွားပြပွဲမှာ မြန်မာနိုင်ငံအနေနဲ့လည်း အကြီးကျယ်ဆုံး ပါဝင် ပြသခဲ့ပါတယ်။ အလားတူပဲ မလေးရှားကလည်း ပါဝင်ပြသပါတယ်။ အဲဒီမှာ ဒီအစီအစဉ်ကို ကျွန်တော်ဦးစီးပြီးတော့ပဲ လုပ်ငန်းမြှင့်တင်မှု ကြော်ငြာတွေ လုပ်ခဲ့ပါတယ်။ လုပ်ငန်းမြှင့်တင်မှု ကြော်ငြာတွေကို ရေရှည်ပူးပေါင်း ဆောင်ရွက်နိုင်အောင်နဲ့ မလေးရှားရဲ့ လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးနေတာကို ကျွန်တော်တို့ရဲ့ လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးအောင်လည်း ပေါင်းစပ်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ခရီးသွားလာရေးဖွံ့ဖြိုးဖို့အတွက် မလေးရှားက လုပ်ငန်းရှင်၊ ကုမ္ပဏီတွေကို မြန်မာနိုင်ငံက ခရီးစဉ်ဒေသတွေကိုဖိတ်ခေါ် မိတ်ဆက်ပြသပေးသွားမှာဖြစ်ပြီး မလေးရှားပြည်သူတွေသာမက နိုင်ငံတကာက ခရီးသွားတွေအနေနဲ့ မြန်မာနိုင်ငံက စိတ်ဝင်စားဖွယ်နေရာဒေသတွေကို လာရောက်လည်ပတ်ဖို့ အခွင့်အလမ်းတွေ ပိုမိုပွင့်လင်းလာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးရဲထွဋ်၊ ပြည်ထောင်စုဝန်ကြီး**

မလေးရှားနိုင်ငံကို ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တာမှာ တရားဝင်နဲ့ တရားမဝင်ရောက်ရှိနေတဲ့ မြန်မာအလုပ်သမားတွေရဲ့ အခွင့်အရေးနဲ့ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ဆွေးနွေးခဲ့တယ်။

နောက်တစ်ချက်က ဒီနှစ်ထဲမှာ နှစ်နိုင်ငံ ပူးတွဲအစည်းအဝေးတစ်ခု ပြုလုပ်ဖို့ နိုင်ငံခြားရေးဝန်ကြီးတွေ ဆွေးနွေးခဲ့တယ်။ မလေးရှားနိုင်ငံက အာဆီယံ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်တဲ့အခါမှာ အာဆီယံဒေသတစ်ခုလုံးရဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ အစီအစဉ်တစ်ခု ဆောင်ရွက်နေတာ ရှိပါတယ်။ ပြီးခဲ့တဲ့ လအနည်းငယ်က နေပြည်တော်မှာ ကျင်းပခဲ့တဲ့ ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးများအစည်းအဝေးမှာ အတည်ပြုခဲ့တယ်။ ဒါကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့တယ်။

နောက်တစ်ခုက အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းပေးဖို့ ကိစ္စနဲ့ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ဖို့ လုပ်ငန်းတွေ ဆွေးနွေးခဲ့ပါတယ်။ ခရီးစဉ်က အချိန်တိုပေမယ့် ဝန်ကြီးချုပ်နဲ့ ဆွေးနွေးတဲ့အခါ ကဏ္ဍအတော်များများမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တယ်။ ပူးပေါင်းဆောင်ရွက်မယ့် ဧရိယာအားလုံးအတွက်လည်း သဘောတူညီမှုတွေ ယူခဲ့တယ်။

ဟိုတယ်/ခရီးက ပြီးခဲ့တဲ့ အာဆီယံမှာ လက်မှတ်ထိုးခဲ့တယ်။ ဒီလ လဆန်းက ဘာလင်မှာ ကျင်းပခဲ့တဲ့ ခရီးသွားပြပွဲမှာ ဒါကို Promotion လုပ်ခဲ့တယ်။ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကို မြှင့်တင်နေတာကြာပြီ။ သို့သော် အာဆီယံဒေသကြီးတစ်ခုလုံးအနေနဲ့ အာဆီယံဒေသမှာရှိတဲ့ မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေ ၊ အနုပညာတွေ စွမ်းဆောင်မှုရှိတာတွေကို အခုလိုပေါင်းပြီး အာဆီယံဒေသကြီးတစ်ခုလုံးအနေနဲ့ မြှင့်တင်ဆွဲဆောင်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။

နောက်တစ်ခုက သမ္မတကြီး အဓိကထားတာက တနင်္သာရီ မြိတ်ကျွန်းစု ဒေသက Eco Tourism အတွက် အလွန်ကိုအလားအလာကောင်းတယ်။ ဒီဒေသရဲ့တောင်ဘက်ကို ဆက်ဆင်းလိုက်ရင် မလေးရှားနိုင်ငံမှာ ရှိတဲ့ လန်ကာဝီတို့ ဘာတို့မှာ ဒီလုပ်ငန်းက ဖွံ့ဖြိုးနေပြီဖြစ်လို့ ဒီနှစ်ခုကို ချိတ်ဆက်ဆောင်ရွက်နိုင်ရင် တော်တော်အကျိုးရှိမယ်။ ဟိုအရင်ကတည်းက မြန်မာနိုင်ငံတောင်ပိုင်းနဲ့ ပီနန်က ဆက်ဆံရေး အလေ့အထတွေ ရှိပြီးသားဖြစ်လို့ အဲဒီလမ်းကြောင်းကို ပြန်ဖော်ဖို့ ဆုံးဖြတ်ခဲ့တယ်။

ပညာရေးနဲ့ ပတ်သက်လို့ အဓိကက မလေးရှားက တက္ကသိုလ်နဲ့ မြန်မာတက္ကသိုလ်တွေကြားမှာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဖို့ပါ။ ဒါကို ပညာရေးဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်သွားမှာပါ။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ကော်မတီ၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးတွေကနေ အသေးစိတ် ဆွေးနွေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။



စက္ကူထက် သုံးဆခန့် ပိုမိုပေါ့ပါးသော ကာဗွန်အမျှင်ပြားများနှင့်
လူ့ဆံချည်မျှင်မျှရှိသော ဆိုလာဆဲလ်မျှင်များဖြင့် တီထွင်ထားသော
ဆွစ်ဇာလန်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် Solar Impulse - 2
မန္တလေးမြို့သို့ ၂၀၁၅ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ရောက်ရှိမည်

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၄-၃-၂၀၁၅ (စနေနေ့)

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၅၀) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Legrand Myanmar) ၏ ဖွင့်ပွဲအခမ်းအနား) |
| ၈း၃၅ | Kid's Show |
| ၉း၄၅ | ဆံတော်ကြိုဘုရား(သို့မဟုတ်) အလံပြဘုရား |
| ၉း၅၅ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၀ | လေ့လာစရာစုံလင် စင်ကာပူခရီးစဉ် |
| ၁၁း၀၀ | Star တို့ရဲ့ လက်ရာ |
| ၁၁း၂၀ | MRTV-4 Stage |
| ၁၁း၄၅ | Drive It |
| ၁၂း၁၀ | Healthy Life |
| ၂း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏ အကျိုး" [လွှန်လွှန်ကဲကဲ(အပိုင်း-၂)] |
| ၃း၄၀ | Fashion Week (Designer Sannbawkrar) |
| ၅း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်လူဆိုးမလေး" (အပိုင်း-၇) |
| ၆း၁၀ | Health Fix |
| ၁၁း၁၀ | နုယဉ်ဆန်းထွင် ပန်းအလှဆင် (ပန်းကန်လုံးဖြင့် ပန်းအလှပြင်ဆင်ခြင်း) |
| ၁၁း၃၀ | Spain Laliga Eibar Vs Barcelona (LIVE) |
| ၂း၁၅ | ခေတ်သစ်ပျိုမေ |
| ၄း၄၀ | မုံရွာမြို့ရဲ့ အထင်ကရနေရာ (၉)ခု |

❖ **မြန်မာနိုင်ငံမှ**

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံများ တည်ဆောက်ပြီးစီးမှု၊ ဆေးရုံများဖွဲ့စည်းမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်က မကြာမီဖွင့်လှစ်မည့် အထူးကုဆေးရုံ လေးရုံအတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကား ပြောကြားရာတွင် နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တွေ့ကြုံနေသည့် အခက်အခဲနှင့် လိုအပ်ချက်များကို တတ်နိုင်သမျှ ဆောင်ရွက်ပေးရန် ယခုလိုလာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြစေလိုကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အအုံများလိုအပ်သကဲ့သို့ ကျွမ်းကျင်ဝန်ထမ်းများလည်း လိုအပ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ထိုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကျန်းမာရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ခွင့်ပြုချထားပေးလျက်ရှိသည့်အပြင် ကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်ကို ဖြေရှင်းနိုင်ရန်လည်း နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နှိုင်းယှဉ်လေ့လာ၍ ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ဆောင်ရွက်၍မရသောကြောင့် သက်ဆိုင်သူ၊ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်သူများဖြင့် တက်ညီလက်ညီ စည်းစည်းလုံးလုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများ တပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ထို့အတူ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း စီမံချက်များ သတ်မှတ်ထားသည့် အခန်းဖွဲ့စည်းပုံအတိုင်း စနစ်တကျဆောက် လုပ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အဆောက်အအုံအသစ်ဆောက်လုပ်ပြီးစီး ပါက ဆေးရုံအတွင်းနှင့် ဆေးရုံဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကိုလည်း အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် အရိုးကုသဆောင် (၁)၊ အရိုးကုသဆောင် (၂)၊ သားဖွားဆောင်၊ ကလေးကုသဆောင်၊ မီးယပ်ဆောင်၊ ဆေးကုသဆောင် (၁)၊ ခွဲစိတ်လူနာဆောင်နှင့် လူနာစောင့်များ နားနေဆောင်များသို့ သွားရောက်ပြီး ဆေးဝါးကုသမှုခံယူနေသည့် ဝေဒနာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများတပ်ဆင်ထားရှိမှု၊ ဆေးဝါးကုသပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသဌာနအတွင်းရှိ ခွဲစိတ်ခန်းများ၊ ခွဲစိတ်ပြီးလူနာများ ခေတ္တနားနေခန်း၊ အထူးကြပ်မတ်ခန်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းများပေါင်းခန်းနှင့် သိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတက ဆေးရုံအတွင်းနှင့် ဆေးရုံဝန်းကျင်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ကြရန်နှင့် ဆေးရုံ၏ ရေပေးဝေမှုနှင့် လျှပ်စစ်မီးသွယ်တန်းမှုများကို စနစ်တကျပြုပြင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ(ဟသ်ာတ)ဖွင့်

**ဟသ်ာတ မတ် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (ဟသ်ာတ)ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ ရက်က ဟသ်ာတမြို့ လယ်တီကွင်းရပ်ကွက် ထပ်ဆင့်လွှင့်စက်ရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအား ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိမ်းစိုးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အင်ဂျင်နီယာချုပ် ဦးလှိုင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက စက်ရုံမှခ်ဦးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ထပ်ဆင့်လွှင့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဟသ်ာတမြို့တော်ခန်းမ၌ ထပ်ဆင့်လွှင့်စက်ရုံဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ကို ၁၉၈၀ ခုနှစ် နိုဝင်ဘာလမှစ၍ ရန်ကုန်မြို့၌ စတင်ထုတ်လွှင့်ခဲ့ပါကြောင်း၊ ယခုအခါ ထုတ်လွှင့်မှုသက်တမ်း ၃၅ နှစ်ရှိပြီဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ထပ်ဆင့်လွှင့်စက်ရုံပေါင်း ၂၅၀ ရှိပါကြောင်း၊ နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်ပါကြောင်း၊ မြန်မာ့ရုပ်မြင်သံကြားကို စတင်ထုတ်လွှင့်စဉ်က Analogue စနစ်ဖြင့် ထုတ်လွှင့်ခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်မှု စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းကဲ့သို့ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်မှုကြောင့် ယခင်က ရုပ်မြင်သံကြားလိုင်းခွဲတစ်ခုသာ ဖမ်းယူကြည့်ရှုနိုင်ရာမှ ယခုအခါ လိုင်းခွဲ ၁၄ ခုအထိ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါလိုင်းများမှာ MRTV၊ MITV၊ MRTV-4၊ Channel 7၊ 5 Plus၊ MNTV၊ MRTV Sport ရုပ်သံလိုင်းများ၊ လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသား ရုပ်သံလိုင်း၊ တောင်သူလယ်သမား ရုပ်သံလိုင်း၊ စာဖတ်သူတို့ ရုပ်သံလိုင်း၊ ပညာရေး ရုပ်သံလိုင်းစသည့် ရုပ်သံလိုင်းများဖြစ်ပါကြောင်း၊ အဆိုပါ ရုပ်သံလိုင်းများကို DVB T2 Set Top Box များဖြင့် လည်းကောင်း၊ Digital Tunner ပါသည့် ရုပ်မြင်သံကြားဖမ်းစက်များကို အသုံးပြုခြင်းဖြင့်လည်းကောင်း အခမဲ့ဖမ်းယူကြည့်နိုင်ပါကြောင်း၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ(ဟသ်ာတ)ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၄ ခုနှစ်ဩဂုတ် ၁၀ ရက်တွင် စတင်ထုတ်လွှင့်ပေးနိုင်ခဲ့ပါကြောင်း။

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (ဟသ်ာတ)မှ ထုတ်လွှင့်မှုကို အရှေ့ဘက်ရှိ သာယာဝတီမြို့၊ လက်ပံတန်းမြို့၊ အနောက်ဘက်ရှိ ကွင်းကောက်ကျေးရွာ၊ အိုင်သပြုကျေးရွာ၊ တောင်ဘက်ရှိ ဓနုဖြူမြို့၊ မြောက်ဘက်ရှိ အင်္ဂပူမြို့၊ ထူးကြီးမြို့တို့မှ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းထပ်ဆင့်လွှင့်စက်ရုံကို နိုင်ငံတော်မှ ငွေကျပ်သိန်း ၈၃၀နှင့် အမေရိကန်ဒေါ်လာ ၂၀၈၉၆၄ ဒေါ်လာ အကုန်အကျခံပြီး တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ် ပါကြောင်း။

ထို့ပြင် မြန်မာ့အသံရေဒီယိုထုတ်လွှင့်မှု အစီအစဉ်ကိုလည်း အသံအရည်အသွေး ပိုမိုကောင်းမွန်စွာ နားသောတဆင်နိုင်ရန်အတွက် FM လွှင့်စက်ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ FM ထုတ်လွှင့်မှုကို နှစ်အလိုက် စီမံချက်ချ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

DVB T2 Set Top Box များကို စီးပွားဖြစ်မဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက အခမဲ့ထောက်ပံ့ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အလုံးရေ ၃၂၇၈၆၃လုံး အတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂၅ သန်းသုံးစွဲခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် DVB T2 Set Top Box ၇၅၅၆၆ လုံးအတွက် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း သုံးစွဲ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ပြည်သူဗဟိုပြု လုပ်ငန်းစဉ်နှင့်အညီ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူဗဟိုပြုသော ဝန်ဆောင်မှု လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုးမြင့်က ဝမ်းမြောက်စကားပြောကြားပြီး ဒုတိယဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအတွက် DVB T2 Set Top Box များကို ပေးအပ်ရာ စည်ပင်သာယာရေးဝန်ကြီးက လက်ခံရယူပြီး ဧရာဝတီတိုင်းဒေသကြီးအတွက် စာအုပ်စာစောင်များကို သစ်တောနှင့်သတ္တုဝန်ကြီးက လက်ခံရယူသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း လေ့လာရေးအဖွဲ့အား တွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်၌ တွေ့ဆုံ၍ လွှတ်တော်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကို ပြောကြားသည်။

ယနေ့တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၁၃၆ ဦး၊ မကွေးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်း ၁၀၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၆၄ ဦး စုစုပေါင်း ၃၀၈ ဦးတို့သည် အစည်းအဝေး ကျင်းပနေပုံနှင့် လွှတ်တော်အဆောက် အအုံများကို လာရောက်လေ့လာ ကြည့်ရှုလေ့လာကြောင်း သတင်းရရှိသည်။

ပြည်ထောင်စုလွှတ်တော်ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာရန် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ နေ့စဉ်လာရောက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်မှ မတ် ၁၃ ရက်ထိ စုစုပေါင်း ၇၇၄၇ ဦး ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေသော ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနိုင်ရေးအတွက် မတ် ၁၃ ရက် (သောကြာနေ့)က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့များရှိ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာစာစစ်ဌာနကျောင်းများတွင် လုံခြုံရေး၊ယာဉ်လမ်းရှင်းရေးနှင့်ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ခဲ့ကြရာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဘိုးဘွားအမွေအနှစ်မို့ အားပေးကူညီ မင်းလှမြို့က ရွှေအိုးစည်

မေသံလွင်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အပေါ်တွင် မူတည်နေကြောင်း မှတ်သားမိပါသည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ပုံမှာ နိုင်ငံအလိုက် ကွာခြားမှုရှိသော်လည်း နိုင်ငံတိုင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ပျမ်းမျှ ၉၀ ရာခိုင်နှုန်းခန့်သည် အသေးစားနှင့် အလတ်စား လုပ်ငန်းများသာဖြစ်ကြောင်း သိရပါသည်။ SME များကို အားပေးမြှင့်တင်ခြင်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကမောင်းနှင်နေခြင်းဖြစ်ကြောင်း နိုင်ငံတိုင်းက လက်ခံကျင့်သုံးလျက်ရှိကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးအရှိန်အဟုန်ရရှိပြီးဖြစ်သော အခြားနိုင်ငံများထက် SME ကို ပို၍အားပေးရပါမည်။ ဤသို့ အားပေးမြှင့်တင်ရန် နိုင်ငံအတွင်းရှိ SME မှန်သမျှ မကျန်ရအောင် ဖော်ထုတ်ပြီး တိကျသော အချက်အလက်များ ရရှိရန်လိုအပ်ပါသည်။ သို့မှသာ SME များ၏ ကဏ္ဍအလိုက် လိုအပ်ချက်များကိုသိရှိပြီး မည်ကဲ့သို့ ပံ့ပိုးကူညီရမည်ကို သိနိုင်ပါမည်။ SME များကို တရားဝင် မှတ်ပုံတင်လာအောင် ဖန်တီးပေးခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးကိန်းဂဏန်းများ တွက်ချက်ရာတွင်လည်း ပိုမိုတိကျပြီး တိုင်းပြည်၏ စီးပွားရေးကို ကောင်းစွာထိန်းကျောင်းနိုင်မည်ဖြစ်ပါသည်။

SME များ၏ အခန်းကဏ္ဍ အရေးပါသည်နှင့်အမျှ မြန်မာနိုင်ငံတွင်လည်း SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်သမ္မတကြီးက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယသမ္မတ ဦးညွန့်ထွန်းက လုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း ဦးဆောင်ဖွဲ့စည်းအကောင်အထည်ဖော်လျက်ရှိပါသည်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် စက်မှုဝန်ကြီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနကို စတင်ဖွင့်လှစ်ခဲ့ပြီး တစ်နိုင်ငံလုံးရှိ SME များကို ပံ့ပိုးကူညီခဲ့ပါသည်။

ထိုမှတစ်ဆင့် SME လုပ်ငန်းရှင်များကို ပိုမိုနီးကပ်စွာ ပံ့ပိုးကူညီနိုင်ရန်၊ လုပ်ငန်းနှင့်ဆိုင်သော အချက်အလက်များ တိကျစွာကောက်ယူနိုင်ရန် ၂၀၁၄ ခုနှစ် မေလတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်များရှိ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရုံးခွဲပေါင်း ၅၀ ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

နေရာဒေသအသီးသီးရှိ SME များကို ရှာဖွေဖော်ထုတ်ပြီး အပြန်အလှန် ယုံကြည်မှုများ တိုးတက်အောင် ဆောင်ရွက်ကာ အနီးကပ်ကူညီမှုများ ပေးနိုင်ရန်ဖြစ်ပါသည်။ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး ပူးပေါင်းအဖြေရှာ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဌာန၏ ဝန်ထမ်းများအနေဖြင့် ပရဟိတနှင့်ယှဉ်သော မိမိတို့လုပ်ငန်းကို ဂုဏ်ယူစွာဖြင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ SME များကလည်း မိမိတို့လုပ်ငန်းနှင့် ဆိုင်သော အချက်အလက်များကို ဖြည့်ဆည်းပေးရပါမည်။

SME မှန်သမျှ မကျန်ရအောင် ကြိုးစားဖော်ထုတ်ရင်းဖြင့် မိမိဒေသတွင်းရှိ ထူးခြားသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ထူးခြားသော လက်မှုလုပ်ငန်းများ၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် ရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်သည့်လုပ်ငန်းများ၊ ဒေသတွင်းရင်းမြစ်ကို အသုံးပြုသည့် ထုတ်လုပ်မှုများ၊ စီးပွားရေးလုပ်ငန်းများကိုပါ ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။ အမှန်မှာ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ၊ သမိုင်းအမွေအနှစ်များ၊ နိုင်ငံတကာက စိတ်ဝင်စားမည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လက်မှုလုပ်ငန်းများသည် နေရာဒေသအသီးသီးတွင် တည်ရှိနေခဲ့ပြီးဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ အိုးစည်



လုပ်ငန်းသည် လွန်ခဲ့သောနှစ်ပေါင်း (၁၅၅)နှစ်က မန္တလေး မင်းနေပြည်မှ သယ်ဆောင်လာခဲ့သည့် လုပ်ငန်းဖြစ်သည်ဟု သိရှိရသော်လည်း ထို့ထက် နှစ်ပေါင်းမည်မျှစောစွာ ကတည်းက လက်ဆင့်ကမ်းလာခဲ့သည်ကိုမူ မသိရှိရပါ။ မည်သို့ဆိုစေ နှစ်ပေါင်း(၁၅၅)နှစ်ထက် စောကတည်းက ရှိခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်အစစ်ဖြစ်သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိခဲ့ရပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ပြီး ဖြစ်နိုင်ပါသည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောကဏ္ဍတစ်ခုလည်း ဖြစ်နေသည့်အတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်နိုင်ရန် ရှာဖွေဖော်ထုတ်ရခြင်းဖြစ်ပါသည်။

၁၈၈၅ ခုနှစ်တွင် နယ်ချဲ့ဗြိတိသျှတပ်များကို ကြံ့ကြံ့ခံကာ ခုခံတိုက်ခိုက်ခဲ့သော သမိုင်းဝင် "မင်းလှခံတပ်" ကို ခရစ်နှစ် ၁၈၆၀ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၂၃ ခုနှစ်က တည်ဆောက်ခဲ့ပါသည်။ မန္တလေး မင်းနေပြည်တွင် မင်းတုန်းမင်းစိုးစံချိန်ဖြစ်ပြီး မင်းတုန်းမင်း၏ ညီတော် ကနောင်မင်းသားကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ဤသို့တည်ဆောက်ရာတွင် မန္တလေး မင်းနေပြည်မှ ပန်းရန်၊ ပန်းပု၊ လက်သမားပညာရှင်များ လာရောက်နေထိုင်ပြီး သုံးနှစ်ကြာ တည်ဆောက်ခဲ့ရပါသည်။ တည်ဆောက်သည့်ကာလအတွင်း (၁၂)ရာသီပွဲများ၊ အလှူမင်္ဂလာပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပြီး အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် တီးမှုတ်ကခုန်၍ အပန်းဖြေကြရသည်ဟု သိရှိရပါသည်။

ခံတပ်တည်ဆောက်သည့် မန္တလေး မင်းနေပြည်မှအဖွဲ့တွင် အိုးစည်လုပ်ငန်းကျွမ်းကျင်သူပညာရှင် မြန်မာလူငယ်တစ်ဦးပါလာခဲ့သဖြင့် အိုးစည်ကို ကိုယ်တိုင်လုပ်၍ တီးခဲ့ကြသည်ဟု လေ့လာမှတ်သားရပါသည်။ အဆိုပါ မြန်မာလူငယ်မှာ ယခုမင်းလှမြို့ဖြစ်လာမည့် ရွာကြီးလေးရွာမှ မြောက်ရွာသူဖြင့် အိမ်ထောင်ကျပြီး အိုးစည်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။ မင်းလှမြို့တွင် အခြေချနေထိုင်ရာမှ ပညာများပြန့်ပွားပြီး အိုးစည်တန်းဟုခေါ်တွင်သည့် ရပ်ကွက်တစ်ခုအထိ ဖြစ်လာခဲ့ပါသည်။ အိုးစည်ပညာရှင်အများအပြား ပေါ်ထွက်ခဲ့ရာ ဆရာလွှား၊ ဆရာစိုင်၊ ဆရာမှင် (မန္တလာဆရာမှင်)၊ ဆရာပေါက် (ရတနာပုံ ဆရာပေါက်)၊ ဆရာသိန်း(ဗမာ့အသံ) စသည့် ပညာရှင်များမှာ နာမည်ကျော်ကြားလှပါသည်။ အဆိုပါ ဆရာများ၏ မျိုးဆက်များမှ ဆရာကြိုင်(ပန်တျာဆရာကြိုင်)၊ ဆရာစိုး(ရွှေပြည်စိုး)၊ ဆရာတိုး၊ ဆရာကြူ (ဦးမြင့်ကြူ)၊ ဆရာကြည်(ဦးကြည်ဝင်း)၊ ဆရာတင်မြင့်တို့မှာ နာမည်ကျော်ကြားခဲ့ပါသည်။

ဆရာစိုး(ရွှေပြည်စိုး) မှာ ယခု အသက်(၉၀)အရွယ်ခန့်ရှိပြီး ပညာရေးဌာန အငြိမ်းစား ကျောင်းအုပ်ဆရာကြီးတစ်ဦးဖြစ်ပါသည်။ သက်ရှိထင်ရှားရှိနေသည့်အပြင် မန္တလေး မင်းနေပြည်မှ မြန်မာလူငယ်၏ မျိုးဆက်သုံးဆက်မြောက်တွင် ပညာအမွေဆက်ခံခဲ့သူလည်းဖြစ်ပါသည်။ သားဖြစ်သူ ဦးတင်ယုမှာ လက်ရှိအိုးစည်လုပ်ငန်းဖြင့် အသက်မွေးလျက်ရှိပါသည်။ နောက်ထပ်သားတစ်ဦးဖြစ်သူ ဦးတင်မောင်ရှိန်မှာ စီးပွားရေးအရ အခြားလုပ်ငန်းဖြင့် အသက်မွေးသော်လည်း အိုးစည်လုပ်ငန်းကို ကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း သိရပါသည်။ ဆရာစိုး(ရွှေပြည်စိုး)၏ တူလည်းဖြစ်၊ ဆရာလွှား၏ သားလည်းဖြစ်သူ အသက်(၇၀)အရွယ် ဦးဝင်းညွန့်မှာလည်း အိုးစည်လုပ်ငန်းကို လုပ်ကိုင်အသက်မွေးဆဲဖြစ်သည်။

အဆိုပါ ပညာရှင်များဖန်တီးထုတ်လုပ်သည့် မင်းလှအိုးစည်ကို နိုင်ငံကျော် ဆိုင်းပညာရှင်ကြီးများဖြစ်ကြသည့် စိန်ဗေဒါ၊ စိန်ဗိုလ်တင့်၊ စိန်ကုလားအစရှိသူတို့ သုံးစွဲခဲ့ကြသည်။ မင်းလှမြို့၏ ထုတ်ကုန်တစ်ရပ်အဖြစ် နိုင်ငံအဝှမ်း ကျော်ကြားခဲ့ပါသည်။ လုပ်သားအင်အား (၄၀၀-၅၀၀) ခန့်ကို အလုပ်အကိုင်ပေးနိုင်ခဲ့ပြီး စားဝတ်နေရေး အဆင်ပြေခဲ့ကြပါသည်။

ယခုအခါ ဒေသတွင်း စက်ရုံ၊ အလုပ်ရုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ရေနံထွက်ရှိရာ ဒေသဖြစ်ခြင်းတို့ကြောင့် အလုပ်အကိုင် ပေါများလာပါသည်။ အိုးစည်လုပ်ငန်းလုပ်ကိုင်မည့် ကျွမ်းကျင်လုပ်သား နည်းပါးလာပါသည်။ လက်ဖြင့်သာပြုလုပ်သည့် လုပ်ငန်းဖြစ်သည့်အတွက် ပင်ပန်းပြီး ဝင်ငွေရရှိမှုနည်းပါးပါသည်။ ရင်းနှီးမြှုပ်နှံနိုင်သည့် ငွေကြေးအင်အား နည်းပါးပါသည်။ ထို့အတွက် စားဝတ်နေရေးအရ ငွေကြေးပိုမိုရရှိသည့်လုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်ကြသဖြင့် မင်းလှအိုးစည်မှာ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေပါသည်။ အထက်ဖော်ပြပါ ပညာရှင်အချို့သာ အစဉ်အလာကို ထိန်းသိမ်းသည့်အနေဖြင့် လုပ်ကိုင်နေကြခြင်းဖြစ်ပါသည်။

မင်းလှအိုးစည်လုပ်ငန်းမှ စည်တော်ကြီး၊ အိုးစည်၊ ဒိုးပတ်၊ စည်တိုနှင့် မြန်မာ့ဆိုင်းဝိုင်းတွင် အသုံးပြုသော ပတ်လုံးများထိ ထုတ်လုပ်ရောင်းချရပါသည်။ တူရိယာအဖြစ် အသုံးပြုရန်အတွက်သာမက အလှထားရှိရန်၊ ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေးနှင့် ပုဂံမြို့တို့တွင် နိုင်ငံခြားသားများအား ရောင်းချနိုင်ရန်အတွက် ပစ္စည်းအသေးလေးများလည်း ပြုလုပ်ကြပါသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စုန်/ဆန် သွားလာသော ဈေးသင်္ဘောများဖြင့်လည်း တင်ပို့ရောင်းချရသည်။ မြန်မာပြည်အနှံ့ ဈေးကွက်ရှိပြီးဖြစ်ပါသည်။ အလှပြပစ္စည်းကိုပင် သားရေအစစ်၊ ပစ္စည်းအစစ်များသုံးပြီး အချိုးအစားကျနစွာ ပြုလုပ်ထားသဖြင့် လက်ရာမြောက်လှပါသည်။ ဈေးကွက်ရှိသော်လည်း ငွေအရင်းအနှီးမရှိခြင်း၊ လုပ်ခလစာ လုံလောက်စွာ မပေးနိုင်၍ လုပ်သားရှားပါးခြင်းတို့ကြောင့် တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်တော့မည့် အခြေအနေဖြစ်ခဲ့ရပါသည်။

ကုန်ကြမ်းအတွက် သားရေနှင့် ကုက္ကိုသား၊ ဒီဒူးသား၊ ကျွန်းသားတို့ကို သုံးစွဲကြပါသည်။ တူရိယာအဖြစ် ကုက္ကိုသား၊ ကလေးကစားစရာကို ဒီဒူးသားနှင့် အလှပြ မှန်စီရွှေချဆိုင်းဝိုင်းများတွင် ကျွန်းသားတို့ကို အသုံးပြုပါသည်။

တူရိယာအတွက် နွားသားရေကိုသုံးပြီး ကစားစရာနှင့် အလှပြပစ္စည်းများအတွက် ဆိတ်သားရေကို သုံးကြပါသည်။ နွားသားရေမှာ အသံကောင်းပါသည်။ ငွေကြေးအရင်းအနှီး မပြည့်စုံသည့်အတွက် ကုန်ကြမ်းဝယ်ယူစုဆောင်းမထားနိုင်ခြင်း၊ သစ်လုံးမှ အိုးစည်ဖြစ်သည်အထိ ဓား၊ စူး၊ ဆောက်တို့သုံး၍ လက်ဖြင့်ပင် ပြုလုပ်ရခြင်းတို့ကြောင့် အစစအရာရာ ဆင်းရဲပင်ပန်းသည်ကို တွေ့ရပါသည်။ စက်ကိရိယာတပ်ဆင်ပြီး ပွတ်လုံးထိုးခြင်း၊ အိုးထွင်းခြင်းတို့ ဆောင်ရွက်လျှင် လုပ်ငန်းတွင်ကျယ်ပြီး အတွင်းမျက်နှာပြင် ညီညာသဖြင့် အသံအရည်အသွေး ပိုကောင်းပါမည်။ သို့သော် မော်တာတစ်လုံးဝယ်ရန် ငွေကျပ်တစ်သိန်းခန့်ကိုပင် မတတ်နိုင်သည့် အခြေအနေကို တွေ့မြင်ခဲ့ရပါသည်။

"အိုးစည်လုပ်ငန်းကလေးကို ရိုးရာမပျက် ထိန်းသိမ်းထားချင်တယ်။ သမိုင်းကြောင်းလေး ပျောက်သွားမှာလည်း စိုးရိမ်တယ်။ ဆက်လက်လုပ်ကိုင်သွားဖို့ သားဖြစ်သူကို အားပေးနေရပေမဲ့ လက်ရှိမှာ စီးပွားဖြစ်နိုင်တဲ့ လုပ်ငန်းမဟုတ်တော့လည်း သမိုင်းပျောက်မှာ စိုးရိမ်မိတယ်"ဟု အသက်(၉၀)အရွယ် အိုးစည်ပညာရှင်ကြီး ဆရာစိုး(ရွှေပြည်စိုး)က ပြောပြပါသည်။ ပညာရေးဌာနမှ အငြိမ်းစားကျောင်းအုပ်ဆရာကြီးတစ်ဦးပီပီ သားများကို ပညာအမွေကိုသာ တန်ဖိုးထားစေလိုသည်။ မြန်မာ့ယဉ်ကျေးမှုသမိုင်းအမွေကို တန်ဖိုးထားပြီး ဆက်ခံစေလိုသည်။ ပေးခဲ့လိုသည်။ သို့သော် ပေးလိုသူနှင့် ဆက်ခံလိုသူအကြား ဟန့်တားထားသောအရာကို မကျော်လွှားနိုင်ရှာပေ။

ယခုအခါ နိုင်ငံတော်က အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ကူညီပံ့ပိုးပြီး အားပေးမြှင့်တင်နေကြောင်း ရှင်းပြသည့်အခါ "ကျွန်တော် မသေခင်မှာ ကျွန်တော် လက်ဆင့်ကမ်းခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်လေး မပျောက်မပျက် ရှင်သန်နေတာ တွေ့ခွင့်ရသွားချင်ပါတယ်" ဟု မျှော်လင့်တကြီး ပြောရှာသည်။

အခြားစီးပွားရေးလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်နေသော အိုးစည်လုပ်ငန်း ပညာရှင်များအနေဖြင့်လည်း ငွေကြေးအရင်းအနှီးပြည့်စုံပါက မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်၊ မြန်မာ့သမိုင်းဝင် လက်မှုလုပ်ငန်းကို ပြန်လည်ကြိုးစားလုပ်ကိုင်လိုကြသည်။ စားဝတ်နေရေးအတွက်သာမက အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သူများ ဖြစ်လိုကြပါသည်။ ကမ္ဘာ့အလယ်တွင် မြန်မာ့ထုတ်ကုန်တစ်ရပ်အဖြစ် ဂုဏ်ယူလိုစိတ်များ ရှိကြပါသည်။ ပညာရှင်များကို အားပေးမြှင့်တင်ပြီး အခွင့်သာသည့် အခြေအနေများ ဖန်တီးပေးနိုင်မည်ဆိုလျှင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာမည်။ ဆင်းရဲနွမ်းပါးမှုလျော့ကျကာ ဒေသဖွံ့ဖြိုးရေးမှတစ်ဆင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အားပေးမြှင့်တင်နိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့သော ထူးခြားသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ လက်မှုလုပ်ငန်းများသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများအဖြစ် မြန်မာပြည်အနှံ့အပြားရှိနေဦးမည်ဖြစ်ပါသည်။ နိုင်ငံတော်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများသာမက လုပ်ငန်းရှင်များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ပြီး ရှာဖွေဖော်ထုတ်သင့်လှပါသည်။ တိုင်းပြည်၏ စီးပွားရေးကို မောင်းနှင်နေသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာ့အိုးစည်လုပ်ငန်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်အစစ်လည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဂုဏ်ယူဖွယ်ရာ လုပ်ငန်းတစ်ခုကို တိမ်မြုပ်ပျောက်ကွယ်မသွားစေရန်၊ အဘက်ဘက်မှ ကူညီပံ့ပိုးမှုများပေးနိုင်ပါရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းတင်ပြ

**နေပြည်တော် မတ် ၁၃**

ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့တွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာ၌ ဥပဒေကြမ်း တစ်ရပ်လုံးတွင် အငယ်စား စီးပွားရေး တစ်ရပ်လုံးကို ပြဋ္ဌာန်းမထားခြင်း၊ ဤဥပဒေကြမ်းသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အတွက်သာ ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်သည့်အတွက် "အငယ်စား (Micro) စီးပွားရေးလုပ်ငန်းဖြစ်လျှင် ဝန်ထမ်း ၅ ဦးထက်မပိုသော သို့မဟုတ် မတည် ရင်းနှီးငွေကျပ်သန်း ၅၀ထက်မပိုသော



ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ်ကျော်ဇံမြင့်

လုပ်ငန်း"ဟု အသစ်ဖြည့်စွက်ချက်ကို ပယ်ဖျက်သင့်ကြောင်း၊ တည်ဆဲ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဥပဒေ များနှင့် ကွဲလွဲမှုမရှိစေရန် "ဝန်ထမ်း ဆိုသည်မှာ တစ်နေ့ ၆ နာရီ၊ တစ်လ ၂၀ ရက်ထက်မနည်း အခကြေးငွေယူ၍ အလုပ်လုပ်ကိုင်သော ပုဂ္ဂိုလ်များ ကိုဆိုသည်"ဟု အတည်ပြုချက်အား ပယ်ဖျက်သင့်ပါကြောင်း စသည်ဖြင့် ပါရှိသည်။

အစည်းအဝေးတွင် **၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြည်ထဲရေးဝန်ကြီးဌာနက ကောက်ခံသည့် ယစ်မျိုးခွန်၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ ဓာတ်သတ္တု ပစ္စည်းများထုတ်ယူသည့် အခွန်များ နှင့်စပ်လျဉ်း၍လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်း သန်းက ဆည်မြောင်းဦးစီးဌာန၏ ရေခွန်ကောက်ခံမှုနှင့် ပြည်နယ်နှင့်



ဒုတိယဝန်ကြီး
ဦးအုန်းသန်း

တိုင်းဒေသကြီးများသို့ ရေခွန်ကောက် ခံမှု လွှဲပြောင်းပေးခဲ့မှုအခြေအနေများ အား လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ရေချိုငါးလုပ်ငန်း အခွန်အခ၊ ကမ်းနီးငါးဖမ်းလုပ်ငန်း အခွန်အခများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်းကောင်း၊ မြန်မာ့ပင်လယ် ငါးဖမ်းလုပ်ငန်းမှ ရရှိသော အခွန်အခများနှင့် နိုင်ငံခြားငါးဖမ်း ရေယာဉ်များမှ ငါးလုပ်ငန်းလုပ်ကိုင် ခွင့် ပြုခြင်းမှရရှိသော အခွန်အခ များကို ပြည်ထောင်စုကလည်းကောင်း၊ ကောက်ခံလျက်ရှိသည့် အခြေအနေ များနှင့် အင်းအိုင်ခွန်ကောက်ခံမှုအ ခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အလားတူ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော် သာထွေးက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းမှ ဖြန့်ဖြူးခြင်းအချိန် အထိ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံ မှု၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသည့် ကိစ္စများ ကို ကင်းလွတ်ခွင့်ပြုထားသည့်အတိုင်း ဆောင်ရွက် နေမှုများအားလည်း ကောင်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှုဆိုင်ရာအခြေအနေများ၊ အာဆီယံ သဘောတူညီချက်အရ အကောက်ခွန်လျှော့ချရမည့် အခြေ အနေများ၊ ပြည်တွင်းလုပ်ငန်းများရှင် သန်ရေးနှင့် စားသုံးသူများ အန္တရာယ် မဖြစ်စေရေးဆောင်ရွက်မည့် အခြေ အနေများကိုလည်းကောင်း၊ သတ္တု တွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က တွင်းထွက် ရတနာများနှင့်ပတ်သက်၍ အခွန် ကောက်ခံနေမှုကိုလည်းကောင်း ရှင်း လင်းတင်ပြခဲ့ကြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်း တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို မတ် ၁၆ ရက် တွင် ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

**(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကြားနာခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပ ပြီး **(ယာပုံ)**အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စား လှယ်များ၏ အကြံပြုချက်များအားကြားနာခဲ့သည်။



အဆိုပါပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကြားနာရာသို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသား လွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာ ကော်မရှင်အတွင်းရေးမှူး ဦးကြည်နှင့် ကော်မရှင်အဖွဲ့ဝင် များ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးဆန္ဒပြုသည့် နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

ထိုသို့ကြားနာခြင်းဆောင်ရွက်ရာတွင် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက အမျိုးသား ပညာရေးဥပဒေကြမ်းဖြစ်သည့်အတွက် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် လူမျိုးအသီးသီးနှင့် သက်ဆိုင်ပါ ကြောင်း၊ တစ်မျိုးသားလုံးနှင့် အကျုံးဝင်ပါကြောင်း၊ ဤ ဥပဒေကြမ်းသည် လေးလေးနက်နက်ဆောင်ရွက်ရမည့် ဥပဒေဖြစ်သည့်အတွက် ပြည့်စုံအောင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လွှတ်တော်သည် ဥပဒေပြုမည် (သို့မဟုတ်) ဥပဒေကြမ်း ရေးဆွဲတော့မည်ဆိုလျှင် အခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းဆန့်ကျင်ခြင်း ရှိ၊ မရှိ၊ တည်ဆဲဥပဒေများနှင့် ငြိစွန်းခြင်း ရှိ၊ မရှိ၊ လက်တွေ့ အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိနှင့် နိုင်ငံတော်နှင့် ပြည်သူအတွက်အကျိုးဖြစ်ထွန်းစေမှု ရှိ၊ မရှိ တို့ဖြင့် စံထားစဉ်းစား၍ ဆောင်ရွက်သည့် အစဉ်အလာကို ကျင့်သုံးလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးလို သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဖြစ်ကြသည့် အမျိုးသား ညီညွတ်ရေးကွန်ဂရက်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်စိုး၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး ဦးဆန်လှေးမန်၊ "ဝ" ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ ဗမာပြည်သူ့ပါတီဥက္ကဋ္ဌ ဦးအောင် သန်းတင့်၊ ဖလုံ - စဝေါ် ဒီမိုကရက်တစ်ပါတီ ဗဟိုကော်မတီ ဝင် ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကမန် အမျိုးသား တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးလှတိုး၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်၊ မွန်ဒေသလုံးဆိုင်ရာဒီမိုက ရေစီပါတီ အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းနွယ်စိုး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှု ဆောင် ဦးသိန်းထွန်း၊ အမျိုးသားတိုးတက်မြင့်မားရေးပါတီ ဥက္ကဋ္ဌ ဦးအောင်နိုင်ထွန်းနှင့် ခေတ်သစ်ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်တို့က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မိမိတို့၏ သဘောထား အမြင်များကို ဆွေးနွေးအကြံပြုခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်လမ်းမပေါ်ရှိ မြေနီကုန်းမီးပွိုင့်မှ ရှင်စောပုမီးပွိုင့်အကြား ခေတ္တလမ်းပိတ်မည်

**ရန်ကုန် မတ် ၁၃**

မြေနီကုန်းခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းအား သတ်မှတ် ကာလအတွင်းပြီးစီးနိုင်ရေးအတွက်ပြည်လမ်းမပေါ်ရှိ မြေနီကုန်းမီးပွိုင့်မှ ရှင်စောပုမီးပွိုင့်ကြားတွင် စက်ယန္တရားကြီးများ အထိုင်ချတပ်ဆင်ခြင်း၊ ကွန်ကရစ်ကားများဖြင့် ကွန်ကရစ်လောင်းခြင်းတို့အား နေ့/ည ဆောင်ရွက်ရ မည်ဖြစ်ပါ၍ မတ် ၁၆ မှ မတ် ၃၁ ရက်အထိ ပြည်လမ်းမပေါ်ရှိ မြေနီကုန်း မီးပွိုင့်မှ ရှင်စောပုမီးပွိုင့်ကြားအား ယာယီပိတ်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် သင့်တော်သည့် လမ်းကြောင်းများအား ရွေးချယ်မောင်းနှင်နိုင်ကြရန် ကြိုတင်အသိပေးနှိုးဆော် ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

**(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၁၄-၃-၂၀၁၅ (စနေနေ့)

| | |
|---|---|
| ၆း၀၀ | အဖွင့် |
| | -မြို့မငြိမ်း (၁၀၅)နှစ်မြောက် အထိမ်းအမှတ်မန္တလေးမြို့မ တူရိယာအသင်းနှင့် နိုင်ငံတော်သံစုံ တီးဝိုင်းတို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု(အပိုင်း-၈) |
| ၆း၂၅ | ပျော်ရွှင်စေသော နေ့ရက်များ "ရန်များကိုရှင်းမယ်" (အပိုင်း-၇) |
| ၆း၄၀ | သီချင်းကြီးပဒေသာ |
| ၆း၅၅ | ဟိုတုန်းကရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "အလယ်လူ" (ထက်နေချမ်း၊ ထူးမြတ်၊ ချိုတေးလွင်လွင်) [ဒါရိုက်တာ-သီတာလင်း (Lurel Art Academy)] |
| ၇း၃၅ | "များလူခပ်သိမ်းငြိမ်းချမ်းစေဖို့ ပြဇာတ်" |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "နှလုံးသားစီရင်ခန်း" (နေတိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဝိုင်း) |

ပြည်ကြီးမဏ္ဍိုင် ခိုင်မာဖို့
အခွန်တာဝန်၊ ကျေပွန်စို့



**ပြည်တွင်းရေးရာ**

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြန်လည်စေလွှတ်ခဲ့သည့် သတင်းထောက်နှစ်ဦးနှင့် မိဘများထံ ပြန်လည်အပ်နှံပြီးသည့် ကျောင်းသား ကျောင်းသူများစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အမည် | အသက် | ခေါ်ဆောင်သည့်အုပ်ထိန်းသူ/မိဘအမည် | ပညာအရည်အချင်း | တက်ရောက်သည့်တက္ကသိုလ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ပဲခူး | သန့်လွမ်းဝေချစ် | (၂၀)နှစ် | ဦးသန်းရွှေ+ဒေါ်ခင်စန်း | (၃)နှစ်၊ရုက္ခဗေဒ | တောင်ငူတက္ကသိုလ် | အမှတ်(၂၄၉)၊ ဦးမှန်းလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ငူမြို့ | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၂ | မန္တလေး | ထက်ခိုင် | (၁၈)နှစ် | ဒေါ်နန်း၊ ၁၃/ဟပန (နိုင်)၀၃၂၇၀၆ | (၃)နှစ်၊ဥပဒေ | ရတနာပုံတက္ကသိုလ် | (၈၁)လမ်း၊ (၃၇/၃၈)လမ်းကြား၊ မန္တလေးမြို့ | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၃ | မန္တလေး | စစ်နိုင်အောင် | (၁၇)နှစ် | ဦးမင်းနိုင်၊ ၁၃/နခန(နိုင်)၀၂၀၃၂၆ | (၃)နှစ်၊ ဥပဒေ | ရတနာပုံတက္ကသိုလ် | ကြိမ်ဂနိုင်ရွာ၊ နောင်ချိုမြို့ | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၄ | မန္တလေး | ပြည့်စုံ | (၂၂)နှစ် | ဦးမောင်မောင်+ဒေါ်ခင်သန်း | (၈)နှစ်၊ စက်မှု | မိတ္ထီလာ နည်းပညာတက္ကသိုလ် | အမှတ်(၁၃၃၉)၊ လေတပ်လမ်း၊ အောင်ဇေယျာ(၉)နယ်မြေ၊ မိတ္ထီလာမြို့ | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၅ | မန္တလေး | အောင်မင်းခန့် | (၂၀)နှစ် | ဦးခင်မောင်ဆွေ၊ ၉/ပကခ(နိုင်) ၀၁၈၄၇၉ | (၃)နှစ်၊ မြို့ပြ | ကျောက်ဆည် နည်းပညာတက္ကသိုလ် | အမှတ်(အ/၁၇)၊ လမ်းသွယ်(၁၈)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၆ | မန္တလေး | မခိုင်ဇင်သက် | (၂၁)နှစ် | ဦးကျော်ခိုင်+ဒေါ်ချိုချိုသက် | (၈)နှစ်၊ အင်္ဂလိပ်စာ | ရတနာပုံတက္ကသိုလ် | အမှတ်(၁၆/၁၂) လမ်း၊ (၈၆/၈၇) လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၇ | မွန် | စိုးလွင်ကျော် | (၁၈)နှစ် | ဦးချိုချို၊ ၇/ပခန(နိုင်)၂၄၇၉၅၈ | (၃)နှစ်၊ စိုက်/သိပ္ပံ | သထုံမြို့ | အမှတ်(၄၇၈)၊ ကလျာဏီ (၄)လမ်း၊ ပဲခူးမြို့ | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၈ | ရန်ကုန် | ကျော်ဇင်ခန့် | (၂၁)နှစ် | ဦးအောင်ကြည်မြင့် + ဒေါ်ကြည်ကြည်မြင့် | (တ)နှစ်၊စက်မှု | သန်လျင်နည်းပညာတက္ကသိုလ် | အမှတ်(၁၁၆၃)၊ ဇာဒက်ကြီးကျွန်းလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံ(တောင်)၊ ရန်ကုန် | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၉ | ရန်ကုန် | ထက်လင်း | (၁၉)နှစ် | ဦးတင်လှ၊ ၇/ပခန(နိုင်) ၁၇၆၁၄၅ | (၃)နှစ်၊ စက်မှု/လျှပ်စစ် | မော်ဘီနည်းပညာတက္ကသိုလ် | အမှတ်(၃၆၂)၊ ဗိုလ်မင်းရောင်(၄)လမ်း၊ (၇)ရပ်ကွက်၊ ပဲခူးမြို့ | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၀ | ရန်ကုန် | အောင်သောင်းဦး | (၂၃)နှစ် | ဒေါ်နုနုရီ၊ ၁၂/ကမရ(နိုင်)၀၂၉၉၅၇ | (တ)နှစ်၊ ဂီတ | ရန်ကုန်အနုပညာတက္ကသိုလ် | အမှတ်(၂၉)၊ ရွှေနှင်းဆီ(၅)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံ(တောင်) | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၁ | ရန်ကုန် | သန့်ညီညီဝင်း | (၂၁)နှစ် | ဦးခင်ဝင်း + ဒေါ်သန်းသန်းနွဲ့ | (တ)နှစ်၊ သမဝါယမ | သန်လျင်သမဝါယမတက္ကသိုလ် | အမှတ်(၈/၉၆)၊ ငုရွှေဝါလမ်း၊ မြို့မ (၁)ရပ်ကွက်၊ မဒေါက်၊ ညောင်လေးပင်မြို့ | ၁၂. ၃. ၂၀၁၅ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၂ | ရန်ကုန် | ရည်မိုမိုအောင် (ခ) ရည်မွန် | (၁၉)နှစ် | ဒေါ်အေးအေးမော်၊ ၁၂/တကတ(နိုင်)၀၄၂၇၈၈ | (တ)နှစ်၊ ကုန်ထုတ်/ဓာတု | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | နဝရတ်(၂)လမ်း၊ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း | ၁၂. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၃ | ရန်ကုန် | မအိဖြူဖြူထွန်း | (၁၉)နှစ် | ဦးတင်ထွန်း၊ ၁၂/သကတ(နိုင်)၀၃၇၁၄၁ | (တ)နှစ်၊ ပထဝီ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | နဝရတ်(၂)လမ်း၊ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း | ၁၂. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၄ | ရန်ကုန် | မသစ္စာအေးမြတ်မွန် | (၁၉)နှစ် | ဦးယဉ်ထွေးဇော်[ဦးလေး] မိဘကွယ်လွန် 3CG-018743 | (တ)နှစ်၊ အင်္ဂလိပ်စာ | ဒဂုံတက္ကသိုလ် | အမှတ်(၃၇၃)၊ ရွှေနှင်းဆီ(၆)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံ(တောင်) | ၁၂. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၅ | ရန်ကုန် | မတင့်တင့်ခိုင် | (၂၂)နှစ် | ဦးငွေဝင်း၊ ၁၂/သလန(နိုင်)၀၅၈၁၁၀ | (၃)နှစ်၊ ဥပဒေ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ဗိုလ်ချုပ်ကျေးရွာ၊ မဥ္ဇူလမ်း၊ သန်လျင်မြို့နယ် | ၁၂. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၆ | ဧရာဝတီ | ဆန်းလင်းထိုက် | (၂၁)နှစ် | ဦးစန်းဝင်း၊ ၁၄/ဇလန(နိုင်)၀၅၇၉၃၉ | (၃)နှစ်၊ စက်မှု | ဟင်္သာတ နည်းပညာတက္ကသိုလ် | မေဒုံရွာ၊ ဇလွန်မြို့ | ၁၂. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၇ | ဧရာဝတီ | မသက်ထားစံ | (၁၇)နှစ် | ဦးအောင်မြင့်ကြည်၊ ၁၄/ပသန(နိုင်)၀၂၀၃၂၈ | (ပ)နှစ်၊ သတ္တဗေဒ | ပုသိမ်တက္ကသိုလ် | အမှတ်(၁၀၄၆)၊ ယိုးဒယားကုန်းရပ်၊ (၂)ရပ်ကွက် ပုသိမ်မြို့ | ၁၂. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၈ | ရန်ကုန် | မအေးအေးဟန် | (၂၃)နှစ် | ဦးသက်နိုင် + ဒေါ်ခင်ဖြူဝင်း | (တ)နှစ်၊ ရူပဗေဒ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ကွမ်းမိုးဒိန်းရွာ၊ ညောင်ပင်ကွင်းအုပ်စု၊ ခရမ်းမြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၁၉ | မန္တလေး | ကောင်းဇော်ဟိန်း | (၂၁)နှစ် | ဦးစိုးသန်းမောင်+ ဒေါ်ခင်မြထွေး | (၃)နှစ်၊ စက်မှု/လျှပ်စစ် | မန္တလေး နည်းပညာတက္ကသိုလ် | ၆၀-က/အကွက်အမှတ်(ပ-၅)၊ မြို့သစ် (၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၀ | မန္တလေး | နိုင်ရဲဝေ | (၁၉)နှစ် | ဒေါ်ဒီမိုးကျော် (အစ်မ) | (တ)နှစ်၊ ဇီဝ/ဓာတု | ရတနာပုံတက္ကသိုလ် | ပလိပ်အုပ်စု၊ စဉ့်ကိုင်မြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၁ | မန္တလေး | ရဲမင်းထွန်း | (၁၈)နှစ် | ဦးဝင်းမြင့်+ ဒေါ်ခင်ငွေဝင်း | (ပ)နှစ်၊ သင်္ချာ | ရတနာပုံတက္ကသိုလ် | ကပယ်ရွာ၊ တံတားဦးမြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၂ | မန္တလေး | ကျော်သီဟရဲကျော် | (၁၈)နှစ် | ဦးဇော်ရဲကျော် (အစ်ကို) | (၃)နှစ်၊ ဥပဒေ | ရတနာပုံတက္ကသိုလ် | ကန်ဆင့်ကျေးရွာ၊ မြင်းခြံမြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၃ | မန္တလေး | ရှိုင်းမင်းထက်ဇော် | (၂၁)နှစ် | ဦးမျိုးမြင့်နိုင် + ဒေါ်နွယ်နွယ်အေး | (၃)နှစ် ကုန်ထုတ်/ဓာတု | ရတနာပုံတက္ကသိုလ် | မင်းလှဘုတာ၊ မင်းလှမြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၄ | မန္တလေး | မအောင်မေလွင် | (၁၉)နှစ် | ဦးအောင်ကျော် + ဒေါ်တင်လှ | (၃)နှစ်၊ ရူပဗေဒ | ရတနာပုံတက္ကသိုလ် | ဝံစုကျေးရွာ၊ မတ္တရာမြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၅ | စစ်ကိုင်း | သော်ဆွေ | (၂၂)နှစ် | ဦးစိုးမြင့်+ ဒေါ်မော် | (တ)နှစ်၊ ပထဝီ | မုံရွာတက္ကသိုလ် | မောက္ကတော်ရွာ၊ မင်းကင်းမြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၆ | စစ်ကိုင်း | ဟိန်းစိုးကျော် | (၂၀)နှစ် | ဦးကျော်စဟန် + ဒေါ်စန်းစန်းယဉ် | (တ)နှစ်၊ ရူပဗေဒ | မုံရွာတက္ကသိုလ် | ကြို့ကုန်းရွာ၊ ဘုတလင်မြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ ပြန်လည်အပ်နှံ |
| ၂၇ | ရန်ကုန် | ညဏ်လင်းထွန်း (အငယ်တန်း သတင်းထောက်၊ မြန်မာပို့စ် ဂလိုဘယ်ဂျာနယ်) | (၂၁)နှစ် | ဦးဇော်လင်း+ ဒေါ်ဝင်းဝင်းခိုင် | သိပ္ပံဘွဲ့(ဓာတု) | - | အမှတ်(ခ)/၃၀၅၊ တုသိတာလမ်း၊ မ/ဥက္ကလာမြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ သတင်းထောက်ပြန်လွှတ် |
| ၂၈ | ရန်ကုန် | ဖြိုးအောင်မြင့် (အကြီးတန်း သတင်းထောက်၊ The Reporter Journal) | (၂၆)နှစ် | ဦးအောင်တင့် | BE(IT) | - | အမှတ်(၄၀)၊ ရေစက်လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ် | ၁၃. ၃. ၂၀၁၅ ရက်နေ့ သတင်းထောက်ပြန်လွှတ် |

## ပြည်တွင်းရေးရာ

❒ **ကျောဖုံးမှ**

ဆက်လက်စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယနေ့နံနက်ပိုင်းကလည်း သတင်းထောက်နှစ်ဦးကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေးမှာကြား၍ ပြန်လည်စေလွှတ်ပေးခဲ့ပြီးဖြစ်ရာ ပြန်လည်စေလွှတ်ပေးခဲ့သူ စုစုပေါင်း ၂၈ ဦး ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြန်လည်စေလွှတ်ခဲ့သည့် သတင်းထောက်နှစ်ဦးနှင့် မိဘများထံ ပြန်လည်အပ်နှံပြီးသည့် ကျောင်းသား ကျောင်းသူများစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၁၂-၃-၂၀၁၅ အပ်နှံပြီး | | | ၁၃-၃-၂၀၁၅ အပ်နှံပြီး | | | စုစုပေါင်းအပ်နှံပြီး | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | စစ်ကိုင်း | ၂ | - | ၂ | - | - | - | ၂ | - | ၂ |
| ၂ | ပဲခူး | ၁ | - | ၁ | - | - | - | ၁ | - | ၁ |
| ၃ | မန္တလေး | ၄ | ၁ | ၅ | ၅ | ၁ | ၆ | ၉ | ၂ | ၁၁ |
| ၄ | မွန် | ၁ | - | ၁ | - | - | - | ၁ | - | ၁ |
| ၅ | ရန်ကုန် | ၄ | ၄ | ၈ | - | ၁ | ၁ | ၄ | ၅ | ၉ |
| ၆ | ဧရာဝတီ | - | - | - | ၁ | ၁ | ၂ | ၁ | ၁ | ၂ |
| | **ပေါင်း** | ၁၂ | ၅ | ၁၇ | ၆ | ၃ | ၉ | ၁၈ | ၈ | ၂၆ |
| ၇ | သတင်းထောက် | - | - | - | ၂ | - | ၂ | ၂ | - | ၂ |
| **စုစုပေါင်း** | | ၁၂ | ၅ | ၁၇ | ၈ | ၃ | ၁၁ | ၂၀ | ၈ | ၂၈ |






ရဟန်းသံဃာတော်များနှင့် မအပ်စပ်သည့်ကိစ္စများ၌ ပါဝင်ခဲ့ခြင်းအပေါ် ခွင့်လွှတ်သည်းခံပေးပါရန် လျှောက်ထား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားလွှာများနှင့်အညီ ကျင့်ကြံအားထုတ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပြီး မတ် ၁၁ ရက် နံနက်ပိုင်းတွင် လက်ပံတန်းမြို့ အောင်မြေဗိမာန်ကျောင်းတိုက်မှ ပြန်လည်ထွက်ခွာသွားခဲ့သော မတ် ၁၀ ရက် လက်ပံတန်းဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် သံဃာ ၁၀ ပါးအား တွေ့ရစဉ်။

(သတင်းဖော်ပြပြီး)(၀၀၉)

◆ **မြစ်ကြီးနားမှ**

စာမေးပွဲတွင် အမှန်တကယ်ဖြေဆိုသူ ကျား ၂၉၂၅ ဦး၊ မ ၄၅၈၉ ဦး စုစုပေါင်း ၇၅၁၄ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရပြီး စာမေးပွဲလာရောက်ဖြေဆိုသူ ကျောင်းသားတစ်ဦးက "ဖြေနိုင်တယ်၊ နောက်ပိုင်းဘာသာတွေလည်း ဖြေနိုင်မယ်လို့ ယုံကြည်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မြို့မှာ တည်တည်ငြိမ်ငြိမ် ငြိမ်းငြိမ်းချမ်းချမ်းဖြစ်နေလို့ပါ။ မတည်မငြိမ်ဆိုရင် ကျွန်တော်တို့ ကျောင်းသားတွေလည်း စိတ်အနှောင့်အယှက်ဖြစ်ပြီး စာမေးပွဲဖြေဆိုရာမှာ အခက်အခဲဖြစ်မှာပါ၊ အခုဆိုရင် အေးအေးချမ်းချမ်းမို့ ဝမ်းသာမိပါတယ်"ဟု ပြောကြားသည်။

**မိုးယ်ကျ(မြစ်ကြီးနား)**

**စာပေမြင့်မှ လူမျိုး တင့်မည်**

## ဘားအံမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်အား အေးချမ်းစွာဖြေဆို

**ဘားအံ မတ် ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် မတ် ၁၃ ရက် နံနက် ၉ နာရီက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့အဖြစ် သင်္ချာဘာသာရပ်အား ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုကြောင်း သိရသည်။

ထိုသို့ဖြေဆိုရာတွင် ကရင်ပြည်နယ် တစ်ပြည်နယ်လုံး စာစစ်ဌာန ၂၈ ခုတွင် စာရင်းသွင်း ကျောင်းသား ကျောင်းသူ ၁၂၆၈၂ ဦး ဖြေဆိုသူ ၁၂၀၂၈ ဦးရှိရာ ဘားအံမြို့နယ် မြို့ပေါ်စာစစ်ဌာန ငါးခု၊ ကျေးရွာစာစစ်ဌာန ခြောက်ခု စုစုပေါင်း ၁၁ ခုတွင် စာရင်းသွင်း ၅၂၄၄ ဦး ဖြေဆိုသူ ကျောင်းသား ၁၉၆၆ ဦး၊ ကျောင်းသူ ၃၀၆၂ ဦး စုစုပေါင်း ၅၀၂၈ ဦး ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၈၈ ရာခိုင်နှုန်းမှာ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**






## မန္တလေး၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

**မန္တလေး မတ် ၁၃**

နိုင်ငံတစ်ဝန်း၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ယနေ့နံနက် ၉ နာရီတွင် သင်္ချာဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး၌ စာစစ်ဌာနပေါင်း ၁၆၁ ခုရှိပြီး ထိုစာစစ်ဌာနများ၌ စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို စာရင်းရှိ ၉၁၂၆၇ ဦးရှိသည့်အနက် စာဖြေသူစုစုပေါင်း ၈၆၉၉၄ ဦး အေးချမ်းစွာ ဖြေဆိုကြသည်။ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် တစ်ပြိုင်တည်းစာမေးပွဲဖြေဆိုလျက်ရှိရာ ယနေ့ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အထက(၁၆) စာစစ်ဌာနမှ ကျောင်းသား ကျောင်းသူများ သင်္ချာဘာသာရပ်ဖြေဆိုပြီး ပျော်ရွှင်စွာထွက်ခွာလာကြသည်ကို တွေ့ရသည်။

**တင်မောင်(မန္တလေး)**

# တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး တရားဝင်ဆွေးနွေးပွဲများ ယခုရက်ပိုင်းအတွင်း ပြန်လည်စတင်မည်

**ရန်ကုန်  မတ်  ၁၃**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ-UPWC နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့၏ သတ္တမအကြိမ်မြောက်ဆွေးနွေးပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)၌ ပြုလုပ်သွားနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း MPC မှ သိရသည်။

သတ္တမအကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(မူကြမ်း) ဆွေးနွေးပွဲအား ငါးရက်ကြာကျင်းပသွားရန် လျာထားကြောင်း MPC မှ သိရသည်။

ယခု ပြုလုပ်မည့် ဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)မှ ဆွေးနွေးရန် ကျန်ရှိသော အချက်(၈)ချက်ကို ဆက်လက်ဆွေးနွေးမည်ဖြစ်ပြီး ပဋိပက္ခလျှော့ချရေး၊ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ရေး၊ စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များနှင့် အထွေထွေကိစ္စရပ်များကိုပါ ထည့်သွင်းဆွေးနွေးသွားမည်ဟု MPC မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အစီအစဉ်၏ တွဲဖက်ဒါရိုက်တာ ဦးအောင်နိုင်ဦးက ပြောကြားသည်။

"(၇)ကြိမ်မြောက် တရားဝင်အစည်းအဝေးကို ရန်ကုန်မှာပဲ လုပ်မယ်။ NCCT ဘက်က လာရတဲ့အတွက်လည်း ခရီးစဉ် နောက်ကျသလို အစိုးရဘက်ကလည်း ၁၆ ရက်နေ့မှာ အရေးကြီးတဲ့ အစည်းအဝေးရှိတယ်။ KIO က ရန်ကုန်မလာခင် နေပြည်တော်ကိုဝင်ပြီးတော့ အစိုးရနဲ့ တပ်မတော်ကိုတွေ့မယ်။ နှစ်ဖက်စလုံးက မတ် ၁၆ ရက်နေ့လယ်မှရောက်မှာဆိုတော့ ဆွေးနွေးပွဲက မတ် ၁၇ ရက်လောက် ဖြစ်မယ်"ဟု ဦးအောင်နိုင်ဦးက ပြောသည်။

ယခု ဆွေးနွေးပွဲပြုလုပ်နိုင်ရန်အတွက် MPC ၏ လုပ်ငန်းအဖွဲ့နှင့် NCCT မှ ဦးနိုင်ဟံသာ၊ ပဒိုစောကွယ်ထူးဝင်း၊ ဦးဂွမ်မော် တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ နောက်ဆုံးပတ်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ(Union Peace Making Work Committee) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(Nationwide Ceasefire Coordination Team)တို့အကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (Nationwide Ceasefire Agreement) မူကြမ်းအပေါ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ မှ ၂၃ ရက်အထိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center)၌ ကျင်းပခဲ့သည်။

**(ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်)**

# မြန်မာနိုင်ငံသည် တောင်အာရှသို့သွားရာ အာဆီယံတံခါးပေါက်ဖြစ်သကဲ့သို့ အာဆီယံသို့သွားရာ အိန္ဒိယတံခါးပေါက်သဖွယ်ဖြစ်

**နေပြည်တော်  မတ်  ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မတ် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့်သတ္တမအကြိမ် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

သတ္တမအကြိမ်ဒေလီဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနနှင့်အတူ အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုံးသပ်လေ့လာရေးဌာန၊ အိန္ဒိယနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်း၊ ကမ္ဘာရေးရာ အိန္ဒိယကောင်စီ၊ စင်ကာပူနိုင်ငံရှိ အရှေ့တောင်အာရှ လေ့လာရေးဌာနနှင့် SAEA သုတေသနအုပ်စု၊ ဂျကာတာရှိ အာဆီယံနှင့်အရှေ့တောင်အာရှဆိုင်ရာစီးပွားရေးသုတေသနဌာန၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးဌာန၊ နယူးဒေလီရှိ အာဆီယံ-အိန္ဒိယဗဟိုဌာန၊ ဂျကာတာရှိ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန၊ ထိုင်းနိုင်ငံရှိ လုံခြုံရေးနှင့် နိုင်ငံတကာလေ့လာရေးဌာနတို့မှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာ စီးပွားရေးဆက်သွယ်မှုနှင့်စပ်လျဉ်းသည့် သုတေသနဆိုင်ရာ အိန္ဒိယကောင်စီ၊ အိန္ဒိယစက်မှုလုပ်ငန်းအသင်း၊ မိုဘိုင်းနှင့် ကိုးလ်ကတ္တားရှိ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်းများ၏ ထောက်ပံ့မှုဖြင့်ကျင်းပခဲ့ခြင်းဖြစ်သည်။

ဒေလီဆွေးနွေးပွဲကို "၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းကို ပုံဖော်ခြင်း" ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာနဝန်ကြီး ရှာရီမာတီဆူရှမာ စဝါရက်ဂျ်က အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးခဲ့သည်။ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က မိန့်ခွန်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် "အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပေါင်းစည်းဆက်သွယ်မှု တည်ဆောက်ခြင်း" နှင့် "အာဆီယံ မဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေး၏ အနာဂတ်မျှော်မှန်းချက်" စသည့် ကဏ္ဍနှစ်ခုနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က "အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပေါင်းစည်းဆက်သွယ်မှု တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးက အာဆီယံပေါင်းစည်းဆက်သွယ်မှုသည် ၂၀၁၅ ခုနှစ် အကုန်ပိုင်းတွင် ဖြစ်ပေါ်လာမည့် အာဆီယံအသိုက်အဝန်းအတွက် အရေးကြီးသည့်ကဏ္ဍဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှသို့သွားရာ အာဆီယံတံခါးပေါက်ဖြစ်သကဲ့သို့ အာဆီယံသို့သွားရာ အိန္ဒိယတံခါးပေါက်သဖွယ် ဖြစ်ပါကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အမြန်လမ်းမကြီးအား ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့နှင့် ချိတ်ဆက်ရန် ချဲ့ထွင်ခြင်းအား ကြိုဆိုပါကြောင်း၊ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုသည် အာဆီယံ-အိန္ဒိယ စီးပွားရေးလုပ်ငန်းစဉ်များ မြှင့်တင်ခြင်း၏ အဓိကသော့ချက်ပင်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရေးကို ရှေးရှု၍ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒမှ အရှေ့ဆောင်ရွက်မှုမူဝါဒသို့ ပြောင်းလဲခြင်းမှာ အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပေါင်းစည်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအထောက်အကူဖြစ်ပြီး မဟာဗျူဟာကျသည့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်းဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နိုင်ငံ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့ကလည်း အဆိုပါကဏ္ဍအသီးသီးတွင် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ သံအမတ်ကြီးနှင့် မြန်မာသံရုံးဝန်ထမ်းများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးနှင့် ဝန်ထမ်းများကို တွေ့ဆုံပြီး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို အသိပေးပြောကြားခဲ့သည်။

မတ် ၁၂ ရက်တွင် ဒုတိယဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗုဒ္ဓဂယာသို့ သွားရောက်ခဲ့ပြီး ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားနှင့် မင်းတုန်းမင်းတို့ တည်ဆောက်ခဲ့ကြသော ကျောက်စာစေတီနှစ်ဆူနှင့် မင်းတုန်းမင်းဇရပ်တို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ပြင်ဆင်မွမ်းမံရန်ကိစ္စအား ဘီဟာပြည်နယ်အစိုးရမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

## တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာ ရန်ကုန်တိုင်းဒေသကြီးမှ ၉၇၇၂၉ ဦး ဝင်ရောက်ဖြေဆို

**ရန်ကုန်  မတ်  ၁၃**

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်မှစ၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို စတင်ဖြေဆိုလျက်ရှိရာ ယနေ့ဆိုလျှင် ဖြေဆိုမှု သုံးရက်တာကာလ ပြီးမြောက်ခဲ့ပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မတ် ၁၁ ရက် မြန်မာစာဘာသာရပ်၌ ကျောင်းသားကျောင်းသူ စုစုပေါင်း ၉၉၀၄၅ ဦး (၉၃ ဒသမ ၂၉ ရာခိုင်နှုန်း) ဖြေဆိုကြပြီး မတ် ၁၂ ရက် အင်္ဂလိပ်စာတွင် ၉၈၈၅၃ ဦး (၉၃ ဒသမ ၁၀ ရာခိုင်နှုန်း)နှင့် ယနေ့ မတ် ၁၃ ရက် သင်္ချာတွင် ၉၈၇၂၉ ဦး (၉၂ ဒသမ ၉၉ ရာခိုင်နှုန်း)ဖြေဆိုကြသည်။

ပျက်ကွက်သူဦးရေမှာ ပထမနေ့တွင် ၇၁၂၂ ဦး (၆ ဒသမ ၇၁ ရာခိုင်နှုန်း)၊ ဒုတိယနေ့တွင် ၇၃၁၄ ဦး (၆ ဒသမ ၈၉ ရာခိုင်နှုန်း)နှင့် ယနေ့ တတိယနေ့တွင် ၇၄၃၈ ဦး (၇ ဒသမ ၀၁ ရာခိုင်နှုန်း) ရှိကြောင်း အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းအရ သိရသည်။ **(ခင်ချိုဝင်း)**

## မလေးရှား ယူ-၂၂ အသင်း ရန်ကုန်မြို့သို့လာရောက်၍ မြန်မာအသင်းများနှင့် ခြေစမ်းမည်

**ရန်ကုန် မတ် ၁၃**

အာရှခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မလေးရှား ယူ-၂၂ အသင်းသည် ရန်ကုန်မြို့သို့ လာရောက်၍ လေ့ကျင့်မှုများပြုလုပ်ပြီး မြန်မာလူငယ်အသင်းများနှင့် ခြေစမ်းပွဲကစားမည်ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာ ယူ-၂၂ အသင်း၊ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၀ အသင်းတို့မှာ မလေးရှားအသင်းနှင့် ခြေစမ်းမည် ဖြစ်သည်။

မလေးရှား ယူ-၂၂ အသင်းမှာ ခြေစမ်းပွဲများ လာရောက်ကစားရင်းမှ လေ့ကျင့်မှုများလည်း ပြုလုပ်မည်ဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် မတ် ၁၉ ရက်တွင် မြန်မာယူ-၂၀ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်း၊ မတ် ၂၂ ရက်တွင် မြန်မာယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲ နှစ်ပွဲစလုံးကို သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် စတင်မည်ဖြစ်ကာ အထူးတန်း ကျပ်သုံးထောင်၊ ရိုးရိုးတန်း ကျပ်တစ်ထောင် သတ်မှတ်ထားသည်။

မလေးရှား ယူ-၂၂ အသင်းမှာအာရှ ယူ-၂၃ ခြေစစ်ပွဲအတွက်ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး မတ် ၁၆ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိမည်ဖြစ်သည်။

မြန်မာယူ-၂၀ အသင်းမှာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး ဆားဘီးယားနိုင်ငံအပါအဝင် ဥရောပနိုင်ငံများသို့ မသွားရောက်မီ ယခုပွဲကို ကစားခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းမှာ ဖေဖော်ဝါရီလအတွင်းက ဖီဂျီယူ-၂၀ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာယူ-၂၂ အသင်းအတွက် မလေးရှားနှင့် ခြေစမ်းပွဲမှာ ခြေစစ်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲဖြစ်လာမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် လက်ရှိတွင် ဂျပန်နှင့် ထိုင်းနိုင်ငံတို့၌ ခြေစမ်းပွဲများသွားရောက်ကစားနေပြီး ကစားပြီးသော နှစ်ပွဲ၌ ဖီဂျီယူ-၂၀ အသင်းနှင့် ဂိုးမရှိသရေကျကာ ဂျပန်ယူ-၂၂ အသင်းကို ကိုးဂိုး-ဂိုးမရှိ ဖြင့်ရှုံးနိမ့်ထားသည်။ မြန်မာယူ-၂၂ အသင်းသည် ထိုင်းခရီးစဉ်မှ မတ် ၁၉ ရက်တွင် ပြန်လည်ရောက်ရှိမည် ဖြစ်သည်။

**(သတင်းဓာတ်ပုံ-ချစ်ကိုကို)**



ခြေစမ်းပွဲကစားမည့်မြန်မာယူ-၂၀ အသင်း။

## တာဝန်သိ ဝန်ထမ်းနှစ်ဦးအား ချီးကျူးဂုဏ်ပြု

**နေပြည်တော် မတ် ၁၃**

ဖေဖော်ဝါရီ ၁၂ ရက် သန်းခေါင်ကျော်အချိန်တွင် မင်္ဂလာဒုံလေယာဉ်ဆိဌာနခွဲမှ ဌာနခွဲမှူး ဦးအုန်းမောင်နှင့် ဌာနစိတ်မှူး ဦးသက်ထွန်းအောင်တို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Boarding Bridge No. (4)မှ Taxi Way အတိုင်း ထွက်လာသော လမ်းကြောင်းအနီးတွင် လေယာဉ်အပိုင်းအစတစ်ခုအား တွေ့ရှိရသဖြင့် မင်္ဂလာဒုံလေဆိပ်ရှိ DCA အဖွဲ့သို့ သွားရောက်အကြောင်းကြားခဲ့သည်။

DCA အဖွဲ့သည် အဆိုပါ အပိုင်းအစအား စိစစ်ခဲ့ရာ Korean Air လေကြောင်းလိုင်းမှ Airbus A-330-200၊ လေယာဉ်အမှတ်အသား HL-7538 ၏ တောင်ပံအဖျားပိုင်းဖြစ်ကြောင်း သိရှိရသဖြင့် Korean Air လေယာဉ်အား ဆက်သွယ်အကြောင်းကြားခဲ့သည့်အတွက် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ဆင်းသက်ရပ်နားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်သိစွာဖြင့် အကြောင်းကြားခဲ့သည့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းနှစ်ဦးအား မတ် ၆ ရက်တွင် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးစိုက် - ရွှေမပရိယတ္တိစာသင်တိုက်၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၂၅၀၀၀၄၄၆၂

# အမျိုး၊ ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)၏ သဘောထားထုတ်ပြန်ချက်

ယခုအချိန်မှာ လက်ပံတန်းရှိ ပင်မကျောင်းသားသပိတ် ထိုက်သင့်သလောက် ပြီးသွားသဖြင့်-

၁။ တည်ငြိမ်အေးချမ်းမှုကို လိုလားသော တိုင်းသူပြည်သားများ၊

၂။ ဆယ်တန်းစာမေးပွဲ လိုလိုလားလား ဖြေဆိုနေကြသော ကျောင်းသူ၊ ကျောင်းသားများ၊

၃။ ပထမပြန် ဓမ္မာစရိယနှင့် သက်ဆိုင်သော ရဟန်းသာမဏေ၊ ဒကာ၊ ဒကာမများ၊

၄။ ၂၀၁၅ ခု ရွေးကောက်ပွဲကို ချောချောမောမော ဖြစ်စေလိုသော ရဟန်းရှင်လူပြည်သူအားလုံး၊

စသည် စသည်တို့သည် စိုးရိမ်ရမှု၊ ရင်မောရမှု စသည်တို့ ပြေပျောက်ကြရပါသည်။

**ဤအရေးအခင်းကို ထိန်းသိမ်းရာ၌ လိုအပ်တာထက်ပိုလွန်သော ထိခိုက်နစ်နာမှုများ အထိုက်အလျောက် ရှိခဲ့သည်ကို စိတ်မကောင်းဖြစ်ရပါသည်။ ဘာပဲဖြစ်ဖြစ် ဖြစ်ပြီးခဲ့သည်များကို တစ်ဖက်နှင့်တစ်ဖက် အပြစ်ပုံချနေခြင်းထက် တိုင်းပြည်နှင့် လူမျိုးအတွက် ဖြစ်ချင်တာကို ဦးစားမပေးဘဲ ဖြစ်သင့်တာထဲမှ ဖြစ်နိုင်သလောက် တစ်ဆင့်ခြင်း ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင် အဖြေရှာခြင်းနည်းလမ်းကသာ အကောင်းဆုံးဖြစ်နိုင်ပါသည်။**

သပိတ်တွင် ပါဝင်သွားသဖြင့် အဖမ်းခံ၊ ထိန်းသိမ်းခံထားရသော ကျောင်းသူ ကျောင်းသားများကိုတော့ သူတို့၏ နောင်ရေးကိုငဲ့ညှာပြီး သက်သက်ညှာညှာအကောင်းဆုံးဖြစ်အောင် စီရင်ဆုံးဖြတ်ပေးလျှင် ကျောင်းသားမိဘများ စိတ်ချမ်းသာနိုင်ရုံမက အစိုးရ၏ မွန်မြတ်သော စေတနာပါ ပေါ်လွင်နိုင်ပါသည်။

ထို့ကြောင့် **ထိန်းသိမ်းခံ ကျောင်းသူ၊ ကျောင်းသားစစ်စစ်များနှင့် သူတို့၏ မိဘများပါ စိတ်ချမ်းသာစေရန် သက်သက်ညှာညှာ အကောင်းဆုံးဖြစ်အောင် တာဝန်ရှိသူများက အမြန်ဆုံး စီမံဆောင်ရွက်ပေးကြပါဟု မဘသအဖွဲ့ကြီး(ဗဟို)**က ကျေးဇူးတင်စွာဖြင့် လေးလေးနက်နက် သဘောထားထုတ်ပြန်အပ်ပါသည်။

ဘဒ္ဒန္တ တိလောကာဘိဝံသ
ဥက္ကဋ္ဌ၊ မဘသအဖွဲ့(ဗဟို)၊
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ
ရွှေမပရိယတ္တိစာသင်တိုက်၊ အင်းစိန်။

၁၃၇၆ ခု၊ တပေါင်းလပြည့်ကျော် ၈-ရက်၊
(မတ်-၁၂၊ ၂၀၁၅)၊ ကြာသပတေးနေ့၊

# ဝိုင်တင်သွင်းခွင့် ခွင့်ပြုပေးတော့မည်

**နေပြည်တော် မတ် ၁၃**

ယခင်က အရက်၊ ဘီယာ၊ ဝိုင်တို့ကို တင်သွင်းရန် ကန့်ကွက်ထားခဲ့သော်လည်း ယခုလအတွင်းမှစ၍ ဝိုင်တင်သွင်းခွင့်ကို ခွင့်ပြုပေးသွားမည်ဖြစ်သည်။ ပြည်တွင်း ဈေးကွက်လိုအပ်ချက်ရှိခြင်း၊ ပြောင်းလဲလာသော အခြေအနေများအရ နိုင်ငံခြားသား ဝင်ထွက်မှု များပြားလာခြင်း၊ အခြားအိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် တရားဝင်ခွင့်ပြုပေးလျက်ရှိခြင်း၊ ပြည်တွင်းထုတ်လုပ်သူနည်းပါးခြင်းတို့ကြောင့် ကန့်သတ်ထားသော်လည်း ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ အကန့်အသတ်ဖြင့် ဖြေလျှော့တင်သွင်းခွင့်ပြုခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

ဝိုင်ကို အကန့်အသတ်ဖြင့် တရားဝင်ခွင့်ပြုထားခြင်းသည် တရားမဝင်တင်သွင်းမှု ထိန်းချုပ်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်အခွန်အခများ အပြည့်အဝရရှိနိုင်ပြီး ပြည်တွင်းဈေးကွက်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့ကဲ့သို့ ဝိုင်တင်သွင်းခွင့်ပြုခြင်းကို ပင်လယ်ရေကြောင်းနှင့် လေကြောင်းမှသာ ခွင့်ပြုသွားမည်ဟု သိရှိရပြီး တင်သွင်းဝိုင်၏ အယ်လ်ကိုဟောပါဝင်မှု ၇ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းရှိသော ဝိုင်အမျိုးအစားများကိုသာ တင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဝိုင်တင်သွင်းခွင့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ထားသည့် အခွန်အခများကို ပေးဆောင်ရမည်ဖြစ်သည်။ ဝိုင်တင်သွင်းမှု လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်စန်းရီ**က "လုပ်ထုံးလုပ်နည်းတွေကို ရေးဆွဲပြီးပါပြီ၊ အမိန့်ထုတ်ပြန်ဖို့ပဲ ကျန်ရှိပါတော့တယ်။ ဒီလအတွင်းမှာပဲ ထုတ်ပြန်သွားမှာပါ။ ဝိုင်တင်သွင်းခွင့်ကတ်ပြားကိုကျွန်မတို့ဝန်ကြီးဌာနရှိ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှာ အရင်လျှောက်ထားရပါမယ်။ လျှောက်ထားသူတွေဟာ ကုမ္ပဏီ၊ အသင်းအဖွဲ့မှတ်ပုံတင်ရှိရမယ်။ ပို့ကုန်သွင်းကုန်မှတ်ပုံတင်ရှိရမယ်။ ပြီးတော့ သက်ဆိုင်ရာကုမ္ပဏီရဲ့ Dealership ရှိရပါမယ်။ ကတ်ပြားရရှိပြီးတဲ့အခါ လိုင်စင်အတွက် လျှောက်ထားရပါမယ်။ ဒီလိုလိုင်စင်အတွက် လျှောက်ထားရာမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ယစ်မျိုးခွင့်ပြုလိုင်စင်လည်း လိုအပ်ပါတယ်။ ပြီးတော့ FDA ထောက်ခံချက်၊ ဝိုင်တင်သွင်းခွင့်မှတ်ပုံတင်ကတ်ပြား၊ ဝိုင်တင်သွင်းပြီး သိုလှောင်မယ့် လိပ်စာ၊ ရောင်းချဖြန့်ဖြူးမယ့်အစီအစဉ်နဲ့ ဝိုင်နဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို ပြည့်စုံစွာဖော်ပြပေးရမယ်" ဟု ပြောပြသည်။

ဝိုင်တင်သွင်းခွင့်ရရှိပြီး ပြည်တွင်းဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ဖွင့်လှစ်ခြင်းတို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီများ၏ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**ဟန်နီဝင်း**

# ကရင်ပြာသာကျေးရွာအပါအဝင် ကျေးရွာခုနစ်ရွာ ဆိုလာစနစ်ဖြင့် မီးလင်းပြီ

**ညောင်တုန်း မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာတွင် ယခုနှစ်အတွင်းဆိုလာစနစ်ဖြင့် မီးရရှိသုံးစွဲနေကြပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆိုလာမီးအလင်းအတွက် မည်သည့်ကုန်ကျစရိတ်မှ ပေးဆောင်ရခြင်းမရှိသည့်အပြင် အိမ်တိုင်ရာရောက်လာရောက်တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"မြို့ပြနဲ့ဝေးပြီး မဟာဓာတ်အားလိုင်းနဲ့ အလှမ်းကွာတဲ့ ကျေးရွာဒေသတွေ မီးအလင်းနဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ကြဖို့ အဓိကရည်ရွယ်ပြီး ခွဲဝေပေးတာပါ။ သက်ကြီးရွယ်အိုအဘိုးအဘွားများ အလင်းဓာတ်ကောင်းစွာရဖို့၊ ကျောင်းသားကျောင်းသူတွေ စာရေးစာဖတ်တဲ့အခါ အလင်းရောင်ရဖို့၊ အခြားအိမ်သုံးအားသွင်းပစ္စည်းတွေအသုံးပြုတဲ့အခါ အဆင်ပြေဖို့ စတဲ့လိုအပ်တဲ့နေရာတွေမှာ အတိုင်းအတာတစ်ခုအထိ အကျိုးရှိအောင် ဆောင်ရွက်ပေးတာပါ။ အိမ်ထောင်စုရှိတဲ့ အိမ်တစ်အိမ်ကို ၉၀ ဝပ် ဆိုလာပြားတစ်ချပ်၊ ၆၅ အမ်ပီယာရှိတဲ့ ဘတ်ထရီတစ်လုံး၊ ဆက်စပ်သုံးစွဲနိုင်ဖို့ အင်ဗာတာတစ်လုံး၊ မီးလုံးနှစ်လုံးနဲ့ မီးချောင်းတစ်ချောင်းကျစီပေးပါတယ်။ အခုပေးအပ်ခဲ့တဲ့ ဆိုလာအစီအစဉ်ကိုတော့ ကျွန်တော်တို့ဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေနဲ့ ဖြည့်စွက်ရန်ပုံငွေခေါင်းစဉ်အောက်ကနေ ကျခံသုံးစွဲတာဖြစ်ပါတယ်။

ကျွန်တော်တို့ဌာနအနေနဲ့ ဒီအစီအစဉ်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးစီမံချက်တွေကို အမှန်တကယ်အကျိုးရှိစေတဲ့ လမ်းတံတားတည်ဆောက်ခြင်း၊ ရေရရှိရေးဆောင်ရွက်ခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ခြင်းကဲ့သို့သော အခြားအထောက်အကူပြု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနေပါတယ်" ဟု ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းအောင်က ပြောသည်။

"ဟုတ်ပါ့တော်၊ ညည်းတို့များ ကုသိုလ်ကောင်းလိုက်ကြတာ၊ အမိုးတို့ခေတ်ကများဆို လျှပ်စစ်မီးသီးတစ်လုံးထွန်းရဖို့မပြောနဲ့ တွေ့ရဖို့တောင် လွယ်တာမဟုတ်ဘူးအေ့၊ ခေတ်တိုင်မရှိ၊ မီးစက်မပါဘဲ နေပူလှန်းရုံနဲ့ မီးလင်းတယ်ဆိုတာ ယုံပါဘူးအေ၊ ဟောအခု နဖူးတွေ့ ဒူးတွေ့ တွေ့တော့မှပဲ ဟုတ်သားဟဆိုပြီး ဘဝင်ကျတော့တယ်၊ အခုလိုခေတ်မီကိရိယာတွေ အထူးအဆန်းတွေ့ရတဲ့အပြင် ငွေကုန်ကြေးကျမရှိဘဲ သုံးရပြန်တော့ အမိုးဖြင့် ဘယ်သူ့ကို ကျေးဇူးတင်ရမှန်းအောင် မသိပါဘူးအေ၊ ပျော်လိုက်တာ၊ တစ်အိမ်လုံးလည်း ထိန်ထိန်ကိုလင်းလို့၊ အမိုးကရေဒီယိုလေးနဲ့ တရားနာ၊ မြေးမတွေက တီဗွီကြည့်၊ စာကျက်လို့ရတဲ့အပြင် မြေးအငယ်ကောင်တောင် ဖုန်းအားသွင်းလို့ရနေသေး၊ ပြောလိုက်ပါ အမိုးတို့ကို ခုလို မီးလင်းအောင်လုပ်ပေးတဲ့သူတွေကို အမိုးတို့ကအရမ်းကျေးဇူးတင်တယ်နော့"ဟု ကရင်ပြာသာကျေးရွာမှ ကရင်တိုင်းရင်းသူ အမိုးဒေါ်ဘိမ့်က ပြောသည်။

ညောင်တုန်း မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆိုလာစနစ်ဖြင့် မီးအလင်းရရှိခဲ့သော ကျေးရွာများမှာ ကျောင်းစု၊ အပေါင်၊ ကျိုက်ပါ၊ သပြုကုန်း၊ ဖိုးနီကုန်း၊ ကညင်ကောက်လေးနှင့် ကရင်ပြာသာ ကျေးရွာများဖြစ်ကြောင်းနှင့် အဆိုပါကျေးရွာ ခုနစ်ရွာအတွက် ခွဲဝေပေးခဲ့သော ဆက်စပ်ပစ္စည်းနှင့် ဆိုလာပြားအရေအတွက်မှာ ၇၄၇ ချပ်ဖြစ်ကြောင်း သိရသည်။ **(သပြေထွန်း)**



# အိန္ဒိယအသင်း သီရိလင်္ကာကို ဂိုးပြတ်သွင်း

၂၀၁၆ အိုလံပစ်အမျိုးသမီး ဘောလုံးပြိုင်ပွဲ အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲအုပ်စု(က)ဒုတိယပွဲစဉ်ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်းတွင် ယှဉ်ပြိုင်ကစားရာ အိန္ဒိယအသင်းက သီရိလင်္ကာအသင်းကို လေးဂိုးပြတ် အနိုင်ရရှိသွားသည်။

အိန္ဒိယ-လေးဂိုး

သီရိလင်္ကာ-ဂိုးမရှိ

ယခုခြေစစ်ပွဲအုပ်စုတွင် အားအနည်းဆုံး အသင်းဖြစ်သည့်သီရိလင်္ကာအသင်းမှာ နှစ်ပွဲဆက်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။ အိန္ဒိယအသင်းမှာ ယခုပွဲအနိုင်ရခဲ့သော်လည်း လေးဂိုးသာသွင်းနိုင်ခဲ့၍ နောက်ဆုံးပွဲတွင် မြန်မာအသင်းကို အနိုင်ရမှသာ နောက်တစ်ဆင့်တက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

အိန္ဒိယအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင်နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ သီရိလင်္ကာအသင်းမှာ နှစ်ပွဲဆက်ရှုံးနိမ့်ပြီး ပထမအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ ယခုပွဲအပြီးတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့မှာ တစ်ပွဲစီအနိုင်ရထားပြီး မတ် ၁၅ ရက်တွင် ကစားမည့် နောက်ဆုံးပွဲများ ဒုတိယအဆင့်တက်ရောက်ရန် အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဇေယျာအောင်**



အိန္ဒိယနှင့်သီရိလင်္ကာအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# အိန္ဒိယဝန်ကြီးချုပ်နာရိန္ဒြာမိုဒီ ကိုလံဘိုသို့ရောက်ရှိ သီရိလင်္ကာမြောက်ပိုင်း ဂျဖနာမြို့သို့လည်းသွားရောက်မည်



**ကိုလံဘို မတ် ၁၃**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နာရိန္ဒြာမိုဒီသည် မတ် ၁၃ရက်တွင် သီရိလင်္ကာနိုင်ငံသို့ တရားဝင်ခရီး အဖြစ်ရောက်ရှိလာသည်။ ယင်းမှာဆယ်စုနှစ်သုံးနှစ်တာကာလအတွင်း သီရိလင်္ကာသို့ ပထမဆုံးလာရောက်သော အိန္ဒိယဝန်ကြီးချုပ်၏ ခရီးစဉ်လည်းဖြစ်သည်။

မကြာသေးမီက အိန္ဒိယသို့ သွားရောက်ခဲ့သော သီရိလင်္ကာသမ္မတမိုင်သီရိပါလာ သီရိဆေနာ၏ ခရီးစဉ်အပြီးတွင် အိန္ဒိယဝန်ကြီးချုပ်အနေဖြင့် သီရိလင်္ကာသို့ နှစ်ရက်ကြာလာရောက်ခြင်းဖြစ်သည်။ အိန္ဒိယဝန်ကြီးချုပ်နှင့် သီရိလင်္ကာသမ္မတတို့သည် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်ရှိပြီး သီရိလင်္ကာနိုင်ငံမြောက်ပိုင်းမှ ထင်ရှားသည့် ဂျဖနာမြို့သို့လည်းသွားရောက်လည်ပတ်မည်ဟု သတင်းတွင်ဖော်ပြသည်။

ဂျဖနာမြို့သည် သီရိလင်္ကာပြည်တွင်းစစ်ပွဲ၏ ဘေးဒဏ်ကိုဆိုးရွားစွာ ခံစားခဲ့ရသော မြို့ဖြစ်သည်။ ၁၉၈၃ မှ ၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော သီရိလင်္ကာ ပြည်တွင်းစစ်၌ ပြည်သူ ၇၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။

အိန္ဒိယဝန်ကြီးချုပ်သည် အိန္ဒိယသမုဒ္ဒရာတွင်းမှ ကျွန်းနိုင်ငံ သုံးနိုင်ငံခရီးစဉ်၌ ဆေးရှဲလ်နှင့်မောရစ်သျှနိုင်ငံတို့သို့ သွားရောက်ခဲ့ပြီးနောက် မတ် ၁၃ ရက်တွင် သီရိလင်္ကာသို့ တတိယခရီးထောက်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်သည် မတ် ၁၄ ရက်တွင် သီရိလင်္ကာနိုင်ငံ လွှတ်တော်၌ မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ဂျဖနာမြို့၌ အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောက်လုပ်ခဲ့သော လူနေအိမ်အလုံးရေ ၂၀၀၀၀ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။**ပီတီအိုင်။**



# ဘင်္ဂလားဒေ့ရှ်တွင် ဘိလပ်မြေစက်ရုံပြိုကျ ရှစ်ဦးသေဆုံး

**ဒါကာ မတ် ၁၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဘိလပ်မြေစက်ရုံအဆောက်အအုံတစ်လုံး၏ အစိတ်အပိုင်းအချို့ ပြိုကျသဖြင့် အနည်းဆုံး ရှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောသည်ဟု ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

မြို့တော်ဒါကာ၏ အနောက်တောင်ဘက် ၁၂၅ မိုင်အကွာ မောင်းလာမြို့၌ အဆောက်အအုံ၏ အမိုးပြိုကျခဲ့ရာ လူ ၇၀ ခန့် ယင်းအဆောက်အအုံတွင် ရှိနေသည်။ ထိုအဆောက်အအုံမှာ ဆောက်လုပ်ဆဲဖြစ်သည်။

လူ ၆၀ ကျော်အား ကယ်ဆယ်၍ ဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိသည်။ အလုပ်သမားအများစုမှာ အဆောက်အအုံ၏ ခေါင်မိုးပေါ်တွင် အလုပ်လုပ်လျက်ရှိကြသည်။

မောင်းလာမြို့တွင် ကယ်ဆယ်ရေးသမားများက ရှစ်ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိပြီးဖြစ်ကြောင်း ဘီဘီစီသို့ ပြောသည်။

အလုပ်သမားဦးရေ မည်မျှ ပျောက်ဆုံးနေသည်ကိုမူ မပြောနိုင်ပေ။

အဆိုပါ ဘိလပ်မြေစက်ရုံဝန်းခြံကို စစ်ဘက်ကပိုင်ဆိုင်ခြင်းဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို တရုတ်ပိုင်ကုမ္ပဏီ တစ်ခုက တည်ဆောက်နေခြင်းဖြစ်သည်။

အဆောက်အအုံ၏ အမိုးပြိုကျစဉ် ဒါဇင်နှင့်ချီသော အလုပ်သမားများသည် ယင်းအမိုးပေါ်၌ အလုပ်လုပ်လျက်ရှိသည်ဟု လွတ်မြောက်သူများက ပြောသည်။**ရိုက်တာ။**

# ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ချထားပေးပါရန် ယူကရိန်းမေတ္တာရပ်ခံ

**ကီယက် မတ် ၁၃**

ယူကရိန်း အစိုးရတပ်များနှင့် ရုရှားလိုလားသော ခွဲထွက်ရေးသမားများအကြား အပစ်အခတ်ရပ်စဲရေး သဘောတူသည့် နိုင်ငံအရှေ့ပိုင်း၌ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ တပ်စွဲထားပေးရန် ကုလသမဂ္ဂသို့ တရားဝင် မေတ္တာရပ်ခံထားခဲ့ကြောင်း ကီယက်က ယနေ့ထုတ်ဖော်ပြောဆိုသည်။

ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့များ၏ အင်အားနှင့် ဆောင်ရွက်နိုင်ခွင့်များကိုမူ ကုလသမဂ္ဂနှင့် ညှိနှိုင်းတိုင်ပင်ရမည်ဖြစ်ကြောင်း ယူကရိန်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ပြောကြားသည်။

အဆိုပါ ငြိမ်းချမ်းရေးတပ်ဖွဲ့များဖြန့်ကြက်မည့် အစီအစဉ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံက ထောက်ခံရမည်ဖြစ်သည်။ သို့သော်ရုရှားနိုင်ငံကမူ ထောက်ခံဖွယ်ရာ မရှိပေ။

ငြိမ်းချမ်းရေးတပ်ဖွဲ့များစေလွှတ်ပေးပါရန် ကြိုတင်မေတ္တာရပ်ခံချက်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ တင်ပြထားပြီးဖြစ်ကြောင်း၊ ယင်းအဆိုပြုချက်ကို ယူကရိန်းလွှတ်တော်က အတည်ပြုပြီးပါက နောက်ထပ်ဆက်လက်တင်ပြမည်ဖြစ်ကြောင်း ၎င်းပြောရေးဆိုခွင့်ရှိသူက ပြောသည်။ **ရိုက်တာ။**

# မြေပြင်-ဝေဟင်ပစ်ဒုံးကျည်ခုနှစ်စင်း မြောက်ကိုရီးယားနိုင်ငံ စမ်းသပ်ပစ်လွှတ်

**ဆိုးလ် မတ် ၁၃**

မြောက်ကိုရီးယားနိုင်ငံသည် မတ် ၁၂ ရက်က နိုင်ငံအရှေ့ဘက်ရှိ ကမ်းလွန်၌ မြေပြင်မှဝေဟင်ပစ် ဒုံးကျည်ခုနှစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ပြီး ခေါင်းဆောင် ကင်ဂျုံအန်သည် လေ့လာသူတစ်ယောက်အဖြစ် ရှိနေခဲ့ဖွယ်ရှိကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောကြားသည်။

ဒုံးကျည်များမှာ ပင်လယ်တွင်းသို့ ကျသွားခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ "မြောက်ကိုရီးယားနိုင်ငံက မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်အမျိုးမျိုး စမ်းသပ်ပစ်လွှတ်ခဲ့တယ်လို့ ယုံကြည်ထားပါတယ်။ အဲဒီကျည်တွေရဲ့ အဝေးဆုံးရောက်ရှိနိုင်စွမ်းကတော့ ကီလိုမီတာ ၂၀၀ နီးပါး (၁၂၅ မိုင်) ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ နှစ်စဉ်ပြုလုပ်နေကျ စစ်ရေးလေ့ကျင့်မှုနှစ်ခုအနက် ပထမတစ်ခုပြီးဆုံးချိန် မတ် ၁၃ ရက်တွင် အဆိုပါစမ်းသပ်ပစ်လွှတ်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ "Key Resolve" ဟုခေါ်ဆိုသည့် ယင်းစစ်ရေးလေ့ကျင့်မှုကို ယခုလအစောပိုင်းက စတင်ခဲ့ခြင်းဖြစ်သည်။

"Foal Eagle" ဟု လူသိများသည့် အခြားပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ ဧပြီ ၂၄ ရက်အထိ ကြာမြင့်မည်ဟု အမေရိကန်စစ်ဘက်ကဆိုသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများက စစ်ပွဲဆင်နွှဲရန် ပြင်ဆင်မှုတစ်ရပ် ပြုလုပ်နေသည်ဟု ထင်မှတ်ရသည့်အတွက် မြောက်ကိုရီးယားနိုင်ငံအား အမျက်ဒေါသထွက်စေသည်။

**ရိုက်တာ။**



# အင်ဒိုနီးရှားနိုင်ငံသားများအား စုံစမ်းစစ်ဆေးရန် အင်ဒိုနီးရှားအထူးတပ်ဖွဲ့ တူရကီသို့စေလွှတ်ခြင်းခံရ

**ဂျကာတာ မတ် ၁၃**

ယခုလအစောပိုင်းက ဆီးရီးယားနိုင်ငံသို့သွားရောက်ရန် ကြိုးပမ်းခဲ့သည့်အတွက် တူရကီအာဏာပိုင်များက ယာယီထိန်းသိမ်းထားသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၆ ဦးအား စုံစမ်းစစ်ဆေးနိုင်ရေးအတွက် အထူးတာဝန်အဖွဲ့တစ်ဖွဲ့ကို အင်ဒိုနီးရှားအစိုးရက ယနေ့စေလွှတ်လိုက်ပြီဖြစ်သည်။

အထူးတာဝန်အဖွဲ့တွင် စုံစမ်းစစ်ဆေးရေး အေဂျင်စီအဖွဲ့ဝင်များ၊ ရဲအရာရှိများနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များပါဝင်သည်။ အဆိုပါအဖွဲ့သည် မတ် ၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသား ၁၆ ဦးအား ဖမ်းဆီးခဲ့သည့် တူရကီ-ဆီးရီးယားနယ်စပ်ရှိ ဂါဇီယန်တတ်မြို့သို့ သွားရောက်စုံစမ်းလိမ့်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာမာနာသာ နာဆာက ဆိုသည်။

ဖမ်းဆီးခြင်းခံထားရသူများတွင် မိန်းမများနှင့် ကလေးငယ်များလည်း ပါဝင်ကြောင်းသိရသည်။

သက်သေထွက်ဆိုချက်များအရ ၎င်းတို့သည် ဆီးရီးယားနိုင်ငံသို့သွားရောက်ရန် ကြိုးပမ်းခဲ့ကြကြောင်း အာမာနာသာ နာဆာကဆိုသည်။

တူရကီအစိုးရအနေဖြင့် အမှုမှန်ပေါ်ပေါက်စေရန် အင်ဒိုနီးရှားအထူးတာဝန်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

အိုင်အက်စ် စစ်သွေးကြွအဖွဲ့၏ တပ်သားသစ် စုဆောင်းခြင်းကို အတည်ပြုနိုင်ရေးအတွက် တူရကီအာဏာပိုင်များနှင့် ပိုမိုအနီးကပ်ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ကြောင်း အင်ဒိုနီးရှား စုံစမ်းစစ်ဆေးရေးအေဂျင်စီအကြီးအကဲ မာဆီရာနိုနော်မန်ကဆိုသည်။

အင်ဒိုနီးရှားအစိုးရက နိုင်ငံအတွင်း ရေပန်းစားလာသည့် အိုင်အက်စ်စစ်သွေးကြွများ၏ အတွေးအမြင်များကိုနှစ်မြို့မှုမရှိကြောင်းပြောသည်။ **ရိုက်တာ။**

# မန်စီးတီးနောက်တန်းကစားသမား ဒီမီချီလစ် စာချုပ်သစ်ချုပ်ဆို



ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ အာဂျင်တီးနားနောက်တန်းကစားသမား ဒီမီချီလစ်သည် လက်ရှိကလပ် မန်စီးတီးအသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဒီမီချီလစ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းအတွက် ပွဲပေါင်း ၃၀ အထိ ပါဝင်ကစားပေးထားပြီး စာချုပ်သစ်ချုပ်ဆိုခဲ့ရာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီကုန်အထိ မန်စီးတီးအသင်း၌ ဆက်ရှိနေတော့မည်ဖြစ်သည်။

"မန်စီးတီးအသင်းကတော့ ကျွန်တော့်အတွက် ဥရောပမှာရှိတဲ့ ကလပ်အသင်းတွေထဲမှာ ကစားဖို့စိတ်ဝင်စားဆုံးအသင်းပါ။ ဘယ်ကစားသမားမဆို မန်စီးတီးအသင်းမှာ ကစားချင်ကြပါတယ်။ မန်စီးတီးအသင်းနဲ့ မန်စီးတီးကစားသမားတွေအတွက်ဆို ကျွန်တော် အကောင်းဆုံးကစားပေးသွားမှာပါ။ ယခုနှစ်ဘောလုံးရာသီမှာလည်း မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားရရှိဖို့ အစွမ်းကုန်ကစားပေးသွားမှာပါ"ဟု မန်စီးတီးနောက်တန်းကစားသမား ဒီမီချီလစ်က ၎င်း၏ ရင်တွင်းစကားကို ဖွင့်ဟပြောကြားခဲ့သည်။

နောက်တန်းကစားသမား ဒီမီချီလစ်သည် ၂၀၁၃ ခုနှစ်တွင် စပိန်လာလီဂါကလပ် အက်သလက်တီကို မက်ဒရစ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၄ ဒသမ ၂ သန်းဖြင့် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းသို့ ရောက်ရှိလာခဲ့သည့်အချိန်မှစတင်ကာ မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီနှင့်အတူ မန်စီးတီးအသင်း၏ ခံစစ်ပိုင်းတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပွဲထွက်ကစားခဲ့သူဖြစ်သည်။ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

(ငွေကြယ်)

## မတ် ၁၄/၁၅ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

**ပရီမီယာလိဂ်**

| | | | |
|---|---|---|---|
| ခရစ္စတယ်ပဲလေ့စ် | - | ကျူပီအာ | ည-၇း၁၅ |
| အာဆင်နယ် | - | ဝက်စ်ဟမ်း | ည-၉း၃၀ |
| လက်စတာ | - | ဟူးစီးတီး | ည-၉း၃၀ |
| ဆန်းဒါးလန်း | - | ဗီလာ | ည-၉း၃၀ |
| ဝက်စ်ဘရွန်း | - | စတုတ် | ည-၉း၃၀ |
| ဘန်လေ | - | မန်စီးတီး | ည-၁၂း၀၀ |

**စပိန်လာလီဂါ**

| | | | |
|---|---|---|---|
| အက်စ်ပန်ညို | - | အက်သလက် | ည-၉း၃၀ |
| အီးဘား | - | ဘာစီလိုနာ | ည-၁၁း၃၀ |
| ဗယ်လီကာနို | - | ဂရန်နာဒါ | နံနက်-၁း၃၀ |
| ဆယ်တာဗီဂို | - | ဘီဘာအို | နံနက်-၃း၃၀ |

**စီးရီးအေ**

| | | | |
|---|---|---|---|
| ပါလာမို | - | ဂျူဗင်တပ် | ည-၁၁း၃၀ |
| ကယ်ဂလီယာရီ | - | အမ်ပိုလီ | နံနက်-၂း၁၅ |

**ဘွန်ဒက်လီဂါ**

| | | | |
|---|---|---|---|
| အော့စ် | - | မိန့်ဇ် | ည-၉း၀၀ |
| ဟော်ဖန်ဟိမ်း | - | ဟမ်းဘတ် | ည-၉း၀၀ |
| ဟာသာဘာလင် | - | ရှော်လ်ကေး | ည-၉း၀၀ |
| ဝါဒါဘရီမင် | - | ဘိုင်ယန်မြူးနစ် | ည-၉း၀၀ |
| ဖရန့်ဖတ် | - | ပါဒါဘွန် | ည-၉း၀၀ |
| ဒေါ့မွန် | - | ကိုလုံး | ည-၁၂း၀၀ |

မောင်မောင်ဖော်

# တံကောက်ကြောဒဏ်ရာရခဲ့သည့် ချန်ဘာလိန် သီတင်းလေးပတ်ကြာအနားယူရမည်

အသက်(၂၁)နှစ်အရွယ်ရှိ အာဆင်နယ်ကွင်းလယ်ကစားသမား ချန်ဘာလိန်သည် အိုးထရက်ဖို့ဒ်၌ မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖေဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် သီတင်းလေးပတ်ကြာ အနားယူရမည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းက မန်ယူအသင်းအား အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် တိုက်စစ်မှူး ဝဲလ်ဘက်နှင့် မွန်ရီးယဲလ်တို့က အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးများကို သွင်းယူပေးခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့သည့် ချန်ဘာလိန်မှာမူ ပရီမီယာလိဂ်ပွဲစဉ်များအဖြစ် ဝက်စ်ဟမ်းအသင်း၊ နယူးကာဆယ်အသင်း၊ လီဗာပူးအသင်းတို့နှင့် ကစားရမည့် ပွဲစဉ်များတွင် လွဲချော်မည့်အပြင် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ပြိုင်ပွဲတွင် မိုနာကိုအသင်းနှင့် ကစားရမည့်ပွဲစဉ်တွင်လည်း အာဆင်နယ်အသင်းနှင့်အတူ ပါဝင်လာနိုင်မည်မဟုတ်ကြောင်း သိရသည်။

ချန်ဘာလိန်သည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် ပွဲပေါင်းများစွာပါဝင်ကစားပေးခဲ့သည့်အပြင် အာဆင်နယ်အသင်းအတွက် မရှိမဖြစ်ကစားသမားတစ်ဦးလည်းဖြစ်သည်။ အာဆင်နယ်အသင်းသည် လက်ရှိတွင် ကွင်းလယ်ကစားသမားများဖြစ်ကြသည့် ဝီရှိုင်းယားနှင့် ဖလာမီနီတို့သည်လည်း



အာဆင်နယ်အသင်း နှင့်အတူ ပါဝင်လာရန် အချိန်များစွာစောင့်စားရလိမ့်ဦးမည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။ (နိုင်လင်းကြည်)

## သန်လျင်တွင် အသက် (၁၅)နှစ်အောက် ဖူဆယ်ပြိုင်ပွဲ ကျင်းပ

**သန်လျင် မတ် ၁၃**

၂၀၁၅ ခုနှစ် မြို့နယ်တိုင်းအားကစား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ သန်လျင်မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဉက္ကဋ္ဌဖလား အသက် (၁၅)နှစ်အောက် ဖူဆယ်ပြိုင်ပွဲကို မတ် ၁၁ ရက် ညနေ ၃ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညိုလင်းထွန်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမြိုင်တို့က ပြိုင်ပွဲဝင်အားကစား သမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်အားပေးသည်။

အဆိုပါ ဖူဆယ်ပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက်များမှ စုစုပေါင်းအသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

**တင်မောင်ငွေ (သန်လျင်)**

# ဥရောပ ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် စီရော်နယ်လ်ဒို ထိပ်ဆုံးမှ ဦးဆောင်



ရီးယဲလ်မက်ဒရစ်အသင်း၏ ပေါ်တူဂီတိုက်စစ်မှူး ခရစ္စတီယာနိုရော်နယ်လ်ဒိုသည် ပြီးခဲ့သည့် အင်္ဂါနေ့ညက ချန်ပီယံလိဂ် ရှုံးထွက် ၁၆ သင်းအဆင့်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ရှော်ကေးလ်အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို သွင်းယူပေးခဲ့ပြီးနောက် ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် သွင်းဂိုး ၇၈ ဂိုးနှင့် ထိပ်ဆုံးမှဦးဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းမှာ အိမ်ကွင်း ဘာနေဗျူးတွင်ရှော်ကေးလ်အသင်းကို ၃ - ၄ ဂိုးဖြင့် ၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ် အိမ်ကွင်းရှုံးပွဲကြုံတွေ့ခဲ့ရသော်လည်း နှစ်ကျော့ပေါင်းရလဒ် ၅ - ၄ ဂိုးဖြင့် ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့သလို ရော်နယ်လ်ဒိုမှာလည်း အသင်းအတွက် အဖိုးတန်ချေပဂိုးနှစ်ဂိုးကို သွင်းယူပေးခဲ့သည်။ ထို့ကြောင့် ရော်နယ်လ်ဒိုအနေဖြင့် ချန်ပီယံလိဂ်သမိုင်းတွင် သွင်းဂိုး ၇၆ ဂိုးနှင့် ၇၇ ဂိုးတို့ဖြင့်ဦးဆောင်နေသည့် မက်ဆီနှင့် ရာအူးလ်တို့၏ စံချိန်ကိုချိုးဖျက်ကာ ယခုကဲ့သို့ ၇၈ ဂိုးဖြင့် စံချိန်မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ရော်နယ်လ်ဒိုမှာ စပို့တင်းလစ္စဘွန်း၊ မန်ယူ၊ ရီးယဲလ်အသင်းတို့ဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲပါဝင်ကစားခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ရီးယဲလ်အသင်းဖော်ဟောင်း ရာအူးလ်နှင့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီတို့အား ကျော်ဖြတ်ကာ ထိပ်ဆုံးမှဦးဆောင်နေပြီဖြစ်သည်။ သို့သော် ၎င်းအနေဖြင့် ရီးယဲလ်အသင်း၏ စွမ်းဆောင်ရည်အပေါ် စိတ်ပျက်လျက်ရှိနေပြီး အသင်းအနေဖြင့် ချန်ပီယံဆုကို ကာကွယ်ထိန်းသိမ်းလိုပါက လက်ရှိခြေစွမ်းဖြင့် မဖြစ်နိုင်ကြောင်း ပွဲအပြီး မီဒီယာများနှင့်တွေ့ဆုံရာတွင် သုံးသပ်ပြောကြားခဲ့သည်။

ထို့ပြင် ရော်နယ်လ်ဒိုမှာ အသင်းနှင့်အတူ နောက်ထပ်စံချိန်မှတ်တမ်းသစ်တစ်ရပ်ကို ယခုပွဲတွင် ထပ်မံရေးထိုးနိုင်ခဲ့ပြီး ငါးရာသီဆက် သွင်းဂိုး ၄၀ နှင့် အထက်သွင်းယူခဲ့သည့် ပထမဆုံးရီးယဲလ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ UEFA အနေဖြင့် ဥရောပသွင်းဂိုးအား ချန်ပီယံလိဂ်ပြိုင်ပွဲအပြင် ရာသီအစ ဥရောပကွင်းဖွင့်ပြိုင်ပွဲအဖြစ် ဥရောပချန်ပီယံနှစ်သင်းကို ယှဉ်ပြိုင်ကစားစေသည့် ဥရောပစူပါဖလားပြိုင်ပွဲမှ သွင်းဂိုးများကိုပါ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ပြီး ထိပ်ဆုံး ၁၀ ဦးစာရင်း၌ ရော်နယ်လ်ဒိုက သွင်းဂိုး ၇၈ ဂိုးဖြင့်ဦးဆောင်နေသလို ရာအူးလ်၊ မက်ဆီ၊ အင်ဇာဂီ၊ ရှက်ဗ်ချန်ကို၊ ဂတ်မူလာ၊ နစ္စတယ်ရွိုင်း၊ ဟင်နရီ၊ ဟင်းနရစ်လာဆင်နှင့် အူစီဘီယို တို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြောင်း သိရသည်။ (ကိုရဲ)

# ဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် အသက်(၂၁)နှစ်အရွယ်သာရှိသေးသည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပြင်သစ်နောက်တန်းကစားသမား ရာဖေးလ်ဗာရာနီအား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် အဓိကပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- ယူကရိန်းကလပ် ဒိုင်နမိုကိဗ်အသင်းသည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန်ပြင်ဆင်လျက်ရှိသည့် အသက်(၂၄)နှစ်အရွယ်နောက်တန်းကစားသမား ဒရာဂိုဗစ်အား အသင်းတွင် ဆက်လက်ရှိနေစေရန် စာချုပ်သစ်ချုပ်ဆိုကာ ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် အသက်(၁၉)နှစ်အရွယ်ရှိ ဘယ်နောက်ခံကစားသမား ဘယ်လီရင်အား လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန်ကမ်းလှမ်းခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ အငှားချထားသည့် နောက်တန်းကစားသမား ဂျန်ကင်ဆင်သည် ဝက်စ်ဟမ်းအသင်းသို့ အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့သွားရန် ရှိနေကြောင်းသိရသည်။
- ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်းသည် အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်နှင့် အသက်(၂၃)နှစ်အရွယ်ရှိ နောက်တန်းကစားသမား နက်သန်နီယယ်ကလိုင်းတို့နှစ်ဦးအား စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။
- ဘာစီလိုနာနောက်တန်းကစားသမား ဒန်နီအဲလ်ဗက်သည် တစ်ပတ်လုပ်ခလစာပေါင် ၁၀၀၀၀၀ ရရှိမည်ဖြစ်သောကြောင့် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီထားကြောင်း သိရသည်။
- အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် လာမည့်ဘောလုံးရာသီတွင် ဆောက်သမ်တန်ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်၊ ချယ်လ်ဆီးဂိုးသမား ပီတာချက်နှင့် ဒေါ့မွန်နောက်တန်းကစားသမား ဆူဘိုတစ်တို့အား ခေါ်ယူစာချုပ်ကာ ပရီမီယာလိဂ်ဖလားရယူသွားရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။
- မန်စီးတီးအသင်းသည် လက်ရှိနည်းပြ ပယ်လီဂရီနီအား နာပိုလီအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်နှင့် အစားထိုးသွားရန် ရှိနေကြောင်း သိရသည်။

(ငွေကြယ်)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေအတွင်း ဘိန်းဖြူ၊ ဘိန်း၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်(စ်)နှင့် ကဖင်းများသိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၃**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ တာဝန်ပေးမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ အထူးတပ်ဖွဲ့များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မဲခေါင်မြစ်ဝှမ်းဒေသအတွင်း မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရန်အတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ မတ် ၁၂ ရက်အထိ မဲခေါင်စစ်ဆင်ရေးကို စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆင်ရေးသည် မြန်မာ-ထိုင်း-လာအို-တရုတ် လေးနိုင်ငံပူးပေါင်းဆောင်ရွက်သော *Operation for Safe Mekong* အရ မဲခေါင်မြစ်ဝှမ်းဒေသတွင် နိုင်ငံအလိုက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည် ရရှိခဲ့သော သတင်းများအပေါ် မြေပြင်သတင်းဖော်ထုတ်၍ နယ်မြေခံတပ်နှင့်အတူ ဝင်ရောက်စီးနင်းခြင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသ၊ တာချီလိတ်ခရိုင်အတွင်းရှိ မဲခေါင်မြစ်ကြောင်းတစ်လျှောက် မူးယစ်ဆေးဝါးများ ဝင်/ထွက်မှု၊ ကျိုင်းတုံခရိုင်အတွင်း မူးယစ်ဆေးဝါးများ ဝင်ရောက်လာမှု၊ မိုင်းဆတ်ခရိုင်အတွင်းသို့ မူးယစ်ဆေးဝါးဝင်ရောက်လာမှုတို့ကို လမ်းကြောင်းပိတ်ဆို့ရှာဖွေခြင်းများ ပြုလုပ်ခဲ့ရာ ဘိန်းစိမ်းကိုးမှု (၈ ဒသမ ၃၁၃၁၅ ကီလို)၊ ဘိန်းဖြူ ကိုးမှု (၇၀ ဒသမ ၇၂၆၀၂၁ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၇ မှု (၃၃၆၃၉၀ ပြား)၊ အဆင့်နိမ့်ဘိန်း တစ်မှု (သုည ဒသမ ၀၄၅ ကီလို)၊ ဘိန်းဆီခဲ သုည ဒသမ ၀၂၇၂ ကီလို၊ အိုက်စ် သုံးမှု (၈ ဒသမ ၀၁၀၈၀၁) ကီလို၊ ကဖင်း နှစ်မှု (၈၁၅၃ ဒသမ ၂၄၀၈ ကီလို)၊ ဓာတုဆေးမှုန့် သုည ဒသမ ၂၁ ကီလို၊ စိတ်ကြွဆေးမှုန့် တစ်မှု(သုည ဒသမ ၁၅၉၅ ကီလို)သိမ်းဆည်းရမိ မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၂၅၃၁၈ ဒသမ ၆၃ သိန်း၊ မူးယစ်ဆေးဝါးရောင်းဝယ်သည့် ငွေကျပ် ၆၅ ဒသမ ၃၈၆ သိန်း၊ ထိုင်းငွေ ၁၆၆၄၀ ဘတ်၊ တရုတ်ငွေ ၁၉၀၀ ယွမ်၊ လက်နက်မှု သုံးမှု ၉ မမ ပစ္စတိုသေနတ် သုံးလက်၊ ယင်းကျည် ၁၉ တောင့်၊ ကျည်အိမ် သုံးခု၊ *M-22* သေနတ် နှစ်လက်၊ ကျည်အိမ် နှစ်ခု၊ ယင်းကျည် ၅၂၇ တောင့်၊ လုပ်သေနတ်တို နှစ်လက်၊ ခဲသီးကျည် အကြီးလုံး ၂၀၊ ခဲသီးကျည်အသေးလုံး ၂၀၊ လက်ကိုင်ဖုန်း ၁၁ လုံး၊ လက်ကိုင်စကားပြောစက် တစ်လုံး၊ မော်တော်ယာဉ် ၁၀ စီး၊ ဆိုင်ကယ် ၃၇ စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိမှု စစ်ဆင်ရေးတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၁၀၆ မှုကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းများတွင် အမှုဖွင့်လှစ်ခဲ့ပြီး တရားခံပေါင်း ၁၄၇ ဦးတို့အား ဖမ်းဆီးအရေးယူနိုင်ကာ အသိပညာပေးဟောပြောပွဲ (၁၀) ကြိမ်ပြုလုပ်၍ ပြည်သူလူထု ၁၅၆၆ ဦးတို့အား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**



**တာလေမြို့နယ် ပါလကျေးရွာ နယ်မြေတစ်ဝိုက်တွင် နယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိသော ကဖင်း ၈၁၅၀ ကီလိုအား မဲခေါင်မြစ်အတွင်း သယ်ဆောင်လာစဉ်။**

(ရဲပြန်ကြား)

# အရှိန်မထိန်းနိုင်သောယာဉ် လမ်းဘေးသစ်ပင်အား ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်

**နေပြည်တော် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၃၄/၆-၇) ကြားတွင် မတ် ၈ ရက်မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇေယျာဓိကုန်းအမြန်လမ်းမကြီး ရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မောင်မောင်(၄၆)နှစ်မောင်းနှင်လာသော 9H/--- တိုယိုတာဝှစ် အဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားလမ်းရှိ သစ်ပင်အား ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်မိတိမ်းမှောက်မှုကြောင့် ယာဉ်မောင်းမောင်မောင်နှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မန္တလေးမြို့နေ ဒေါ်ခင်မျိုးလှိုင်(၄၅) နှစ်ပါ ငါးဦး စုစုပေါင်း ခြောက်ဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် အုတ်တွင်းဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး မောင်မောင်အား ဇေယျာဓိကုန်း အမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**



# ဆိုင်ကယ်နှစ်စီး တိုက်မိ ဇနီးမောင်နှံနှစ်ဦး ဒဏ်ရာများရရှိ

**စစ်ကိုင်း မတ် ၁၃**

စစ်ကိုင်းမြို့ ရေခါးကျေးရွာနေ ကိုစိန်ထွန်းသည် မတ် ၉ ရက် နံနက် ၈ နာရီခန့်က စစ်ကိုင်းမြို့ထဲမှ ရွာသို့ပြန်ရန် ဇနီး မစာဥအား နောက်တွင် တင်ဆောင်၍ *C21/(125)* မိတ်ကပ်ရောင်အနီကျား ၂၃ယ/. . . . အား စစ်ကိုင်း-မုံရွာကားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် ပန်းဘဲတန်းရပ် သောင်းသောင်းညဏ်သဘော်ာဆေးအရောင်းဆိုင်ရှေ့လမ်းအရောက်တွင် အလားတူလမ်းအတိုင်း ဇော်မျိုးသန်း ကားဘော်ဒီလုပ်ငန်း ပါရမီရပ်ကွက် စစ်ကိုင်းမြို့နေသူ မောင်းနှင်လာသော ဆိုင်ကလုန်း *(110)* အမျိုးအစား အနက်ရောင် ၂၄ယ/. . . . ဆိုင်ကယ်က နောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်လဲကျကာ ကိုစိန်ထွန်း၏ ညာဘက်တံတောင်ဆစ်ပွန်းပဲ့၊ ဘယ်ညို့သကျည်းပေါက်ပြဲ၊ ညာနဖူးရောင်ဒဏ်ရာနှင့် ဇနီး မစာဥမှာ ခါးနာကျင်အောင့်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဇော်မျိုးသန်းအား အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ထွေးမြင့်နိုင် (စစ်ကိုင်း)**

# ခဲ့ထီလောင်းကစားပြုလုပ်သူ အရေးယူ

**နေပြည်တော် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၀ ရက် ညနေ ၆ နာရီက ဖဒိုမြို့ (၂) ရပ်ကွက်နေ ဒေါ်ခင်စန်းရီ (၅၆)နှစ်၏ ကွမ်းယာဆိုင်တွင် နှစ်လုံးခဲ့ထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ ဒေါ်ခင်စန်းရီအား ဆိုင်အတွင်းရှိ ကွမ်းယာခုံပေါ်မှ ခဲ့ထီလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၅၃၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သောကြောင့် ဖဒိုနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြန်အောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၀ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်က မြန်အောင်မြို့ တာခွအမှတ် (၈) ရပ်ကွက်နေ ထွန်းထွန်းဦး(၃၈) နှစ်၏ နေအိမ်တွင် နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။ ရှာဖွေရာ နေအိမ်၌ ထွန်းထွန်းဦးအား နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၄၅၀၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိသောကြောင့် မြန်အောင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# လှည်းကူး၌ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်

**လှည်းကူး မတ် ၁၃**

လှည်းကူးမြို့နယ်တွင် မတ် ၁၀ ရက် ည ၉ နာရီခွဲက အမှတ် (၃) လမ်းမကြီးအတိုင်း လှည်းကူးဘက်မှ မြောက်ဥက္ကလာပမြို့နယ်ဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ်(မသိ)သည် မိုင်တိုင်အမှတ် (၁/၁) အနီးအရောက် လမ်းပေါ်တွင် ရှိနေသည့် အသက် (၃၅)နှစ်ခန့် အမျိုးသား (စုံစမ်းဆဲ) တစ်ဦးအား တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်တိုက်ခံရသော အမျိုးသားမှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားသောကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်ထွက်ပြေးသွားသူ ယာဉ်မောင်း (စုံစမ်းဆဲ) အပေါ် အရေးယူအမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(MLA)**

## ဓာတ်ဆီဖြည့်လျှင်၊ ဓာတ်ဆီဖလှယ်လျှင်

- စက်နှိုးထားစဉ် ဆီမထည့်ရ၊ ဆီထည့်စဉ် လက်ကိုင်ဖုန်း မသုံးရ။
- ဖယောင်းတိုင်မီးဖြင့် ကြည့်ခြင်း၊ ဆေးလိပ်သောက်ခြင်း မပြုလုပ်ရ။
- ရာသီဥတုပူပြင်းချိန် ပလတ်စတစ်ပုံးသုံးခြင်း ရှောင်ပါ။
- လောင်စာဆီကို အင်ဂျင်ပန့်ဖြင့် တွန်းပို့ရွှေ့ပြောင်းခြင်း မပြုရ။
- ပွတ်တိုက်မှု *(Friction)* မှ သဘာဝတည်ငြိမ်လျှပ်စစ် *(Static electricity)* ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်နိုင်သည်။

mitv

*MYANMAR INTERNATIONAL*
*Programme Schedule*
*(14-3-2015) (Saturday)*

- *Great Shwedagon: The Architectural Heritage*
- *Kyeikhteeyoe: Welcome All*
- *Ar Khar New Year Festival*
- *Size Does Matter (Episode - 6) "Human - Elephant Conflict, Escaping Tips"*
- *Scented Buddha Images*
- *Crab Business (Part-I) Mud Crab*
- *Mogok: The Colourful Land of Rubies*
- *Solar Impulse*
- *My Great Limitless Adventure - Inle Lake (Part-2)*
- *Food Trip (EP-4) (Part-2)*
- *Today Myanmar "Myanma Beans Export"*
- *The Stories Of The Great Souls (Mar Mar Aye) (Ep-1)*
- *Lisu: Their Life and Customs (Part- II)*
- *The Iron Rider*
- *Size Does Matter: Human-Elephant Conflict, "Habitat Loss"*
- *MONASTERY (Bargayar Kyaung)*
- *[Doctor] [Painter]*
- *Mon Traditional Wedding*
- *Enchanting Rakhine Land*
- *Fortune Teller: "Yan Moe Aung"*
- *A visit to Htam Hsan Cave A Miraculous Place*
- *Indian Footsteps*

## ဒီပဲယင်း၌ကြက်ငှက်တုပ်ကွေးရောဂါကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဒီပဲယင်း မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စိုင်ပြင်စံပြကျေးရွာရှိ ကြက်မွေးမြူရေးခြံများတွင် ရာသီဥတုအပြောင်းအလဲကြောင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် (H7N9) ဖြစ်ပွားနေခြင်းကြောင့်လည်းကောင်း၊ အခြားမြို့နယ်များတွင်လည်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေသဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအဖွဲ့များမှ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဥမ္မာအေးနှင့် မြို့နယ် ကြက်ငှက်တုပ်ကွေး ရောဂါထိန်းချုပ်ရေးအဖွဲ့များသည် ထိုမြို့နယ်ရှိ ဈေးများအတွင်း စစ်ဆေးခြင်း၊ မုံရွာ-ရေဦးကားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာ နေသောယာဉ်များတွင် စစ်ဆေးခြင်း၊ တိရစ္ဆာန် ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ် (AHD PC3) များကို စစ်ဆေးခြင်း၊ ကြက်မွေးမြူရေး လုပ်ငန်းရှင်များကို ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ကြက်ခြံများကို ဇီဝလုံခြုံမှုမြှင့်တင်ခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၈ရက်မှ မတ် ၁၆ရက်အထိ ကာကွယ်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းထွန်း** (iprd)

## ကုန်းဘောင်ဈေးသစ် တည်ဆောက်ရေးတင်ဒါဖွင့်

**ရွှေဘို မတ် ၁၃**

ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်ရှိ ကုန်းဘောင်ဈေးသစ် တည်ဆောက်နိုင်ရေးအတွက် တင်ဒါဖွင့်ပွဲကို မြို့နယ်စည်ပင်သာယာဈေးအစည်းအဝေးခန်းမ၌ မတ် ၁၁ ရက်၊ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

Cosmic Crown Co.ltd နှင့် ULTRA Co.ltd တို့တင်ဒါတင်သွင်းကြပြီး တင်ဒါကြမ်းခင်းဈေး အမြင့်ဆုံး မှာကျပ်သိန်း ၃၁၂၈ နှင့် အနိမ့်ဆုံးဈေးမှာ ကျပ်သိန်း ၂၉၀၀ သတ်မှတ်ထားရာ Cosmic Crown Co.ltdမှကျပ်သိန်း ၂၉၄၀ ဒသမ ၅၊ ULTRA Co.ltd မှ ၂၉၀၇ သိန်း အသီးသီးတင်ဒါ တင်ကြရာ တင်ဒါကိုစိစစ်ရွေးချယ်ရာတွင်တင်ဒါတင်သွင်းရာတွင်ပါဝင်သော စည်းကမ်းချက်နှင့်ကိုက်ညီသည့် ULTRA Co.ltd က တင်ဒါရရှိ သွားခဲ့သည်။

အဆိုပါတင်ဒါ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအောင်သန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးနီပွန်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌဒေါက်တာတင်ဝင်း၊ အခွန်ဦးစီးမှူးဒေါ်ဇင်နွယ်စိုး၊ ပြည်သူ့ဆောက်လုပ်ရေးအင်ဂျင်နီယာ မျိုးဇာနည်ဦး၊ လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်လွင်ဦး၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးကျော်နိုင်နှင့် အဖွဲ့ဝင်များက ပွင့်လင်းမြင်သာစွာ တင်ဒါကိုဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **စိုးသီဟ**(iprd)

## မန္တလေး-မြစ်ကြီးနား အမှတ် ၅၇ အဆန်ရထား ပင်ဝယ်နှင့် မော်လူးကြားဘီးချော်

**အင်းတော် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပင်ဝယ်ဘူတာနှင့် မော်လူးဘူတာကြား မတ် ၁၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်အချိန် အမှတ် ၅၇ အဆန် မန္တလာရထားဘီးချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရထားစက်ခေါင်းမောင်း ဦးတိုးမြင့်၊ ဂါတ်ဘို ဦးအောင်ဆွေဝင်းတို့ မောင်းနှင်လာသော စက်ခေါင်းအမှတ် DF-1335 မန္တလေး-မြစ်ကြီးနား အမှတ်၅၇ အဆန်မန္တလာရထားသည် ပင်ဝယ်ဘူတာမှ မတ် ၁၀ ရက် နံနက် ၈ နာရီ ၃၃ မိနစ်အချိန် ထွက်ခွာပြီး ပင်ဝယ်ဘူတာနှင့် မော်လူးဘူတာကြား မိုင်တိုင် အမှတ် ၅၉၈/၁၇ တွင် မတ် ၁၀ရက် နံနက် ၈ နာရီ ၄၅ မိနစ် အထက်တန်းလူစီးတွဲ အမှတ် BDUXEZ 10722 ၏ ဘီးအမှတ် ၁ နှင့် ၂ သည် သံလမ်း၏အတွင်းသို့ကပ်ကျပြီး ဘီးအမှတ် ၇ နှင့် ၈ သည် သံလမ်း၏အပြင်သို့ ကပ်ကျမှုဖြစ်ပွားခဲ့ရာ ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်နေရာသို့ မော်လူးဘူတာရုံပိုင်ကြီး၊ အင်းတော်လမ်း ဗိုလ်ကြီးဦးတင်လှနှင့် တာဝန်ရှိသူများမှ သွားရောက်ပြုပြင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ ခြောက်မိနစ်တွင် ရထားလမ်းပိုင်းပြင်ဆင်ပြီးစီးသွားသဖြင့် မန္တလေး-မြစ်ကြီးနား အစုန်အဆန်ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# ပဲခူးမြို့တွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းရန် ရပ်ကွက်နေသူ အများက အလှူရှင်များကိုမျှော်လင့်

**ပဲခူး မတ် ၁၃**



ပဲခူးမြို့ မြို့ပေါ်ရပ်ကွက် ၃၁ရက်ကွက်ထဲပါရှိသော ကျွန်းသာယာရပ်ကွက် နယ်မြေ(၁၃) နီလာ(၂)တွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းနိုင်ရန်အတွက် ကောက်ခံရရှိငွေဖြင့် လုံလောက်မှုမရှိသောကြောင့် အလှူရှင်များအား မျှော်လင့်လျက်ရှိကြောင်း ယင်းရပ်ကွက်နေထိုင်သူများကပြောသည်။

အဆိုပါရပ်ကွက်တွင် တစ်အိမ်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် လမ်းကော်မတီဖွဲ့ကာ ညှိနှိုင်းကောက်ခံရရှိမှုကြောင့် မတ် ၁၀ ရက်မှ စတင်ခင်းနေခဲ့ကြရာ ယခုပေ ၂၀၀ ကျော် ခင်းပြီးပြီဖြစ်သော်လည်းဆက်လက်ခင်းရန် အခက်အခဲများရှိနေခြင်းကြောင့် ယင်းကဲ့သို့ အလှူရှင်များကို မျှော် လင့်ကြောင်းသိရသည်။

"အခုပေ ၂၀၀ ကျော် လောက်တော့ခင်းနိုင်နေပါပြီ။ လမ်းကတော့ ၁၀ ပေ အကျယ်၊ ခြောက်လက်မ အမြင့်နဲ့ ပေ ၁၀၀၀ ကျော်ခင်းကြရမှာပါ။ ဒီလိုဘဲ အများစည်းရုံးညီညွတ်မှု အားယူပြီး ကိုယ့်အားကိုယ်ကိုးခင်းနေကြရတာပါ။ ဒီလမ်းနေသူတွေက လက်လုပ်လက်စားတွေများတယ်။ ခုလိုပဲ နိုင်တဲ့ဝန်ထမ်းပြီး ကိုယ့်အားကိုယ်ကိုး ခင်းနေကြရတာဆိုတော့ ရှေ့ဆက်ဖို့ကတော်တော်လေး ရုန်းကန်ကြရအုံးမှာပါ။

"မြို့ပေါ် ရပ်ကွက်ဆိုပေမယ့်လို့ မိုးတွင်းကာလဆို ရဟန်းသံဃာ ဆွမ်းခံကြွမယ်။ ကျောင်းသားကျောင်းသူများ သွားလာရေး ရွှံ့နွံဗွက်ထဲသွားနေရတာ။ အခုလို ကွန်ကရစ်လမ်းခင်းပြီးသွားရင် အားလုံး စိတ်ချမ်း သာကြရတော့မှာပါ"ဟု လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ရှိန်က ပြောပြသည်။ **၅၈၇**

**ပြောင်းလဲကျင်းပမည့် တံတားမြို့(အထက) ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ**

တံတားမြို့ အ. ထ. က၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မူလအစီအစဉ်အတိုင်းမဟုတ်ဘဲ ၂၆-၃-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုဒ် ယခင်ရေခဲဆိုင်မှတ်တိုင်အနီး၊ ရွှေကျင်သာသနာ့လင်္ကာရမဟာဗိမာန်တော်ကြီးတွင် ပြောင်းလဲကျင်းပမည်ဖြစ်ပါကြောင်း ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ရွှေလမ်းခရီး** ...မှ ကျိုက်ထီးရိုး(နေ့စဉ်)
* **မန်းရွှေစက်တော်ဘုရားပွဲတော်** နှင့်အထက်မြန်မာပြည်ခရီးစဉ်များ။
* **အလောင်းတော်ကဿပ** (ဗိုလ်ဝင်တောင်၊ ရွှေဘာတောင်) ခရီးစဉ်။
* ပုဂံ(စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။
* တောင်ကြီး (ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ)၊ အင်းလေး (လှိုင်ကော်)
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ* မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ နွားလဘိုတောင်
* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် (ရွှေလီ၊ ဝမ်တိန်၊ မန်စီ)
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ * ကျိုက္ခမီ
(ထမင်းကျွေး ကားခ၊ တစ်ဆင့်သွားကားခ/စက်လှေခ၊ တည်းခိုခန်းခ စရိတ်ငြိမ်း)
မဟာသင်္ကြန်ခရီးစဉ်များ လက်မှတ်ကြိုတင်ရောင်းပြီ
* ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး ☎ 371317, 095124678, 09401589907

**မြင်းကကုန်းအသင်း(ရန်ကုန်)**

အသင်းဖွဲ့စည်းရေးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်မြို့ရောက် မြင်းကကုန်းနှင့်အနီးပတ်ဝန်းကျင် ကျေးရွာဇာတိဖွားများ၊ အသင်းသားအဖြစ်ပါဝင်လိုသူများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၂ နာရီ
နေရာ - ကျောက်ဆည်အသင်းခမ္မာရုံ (အနောက်ရွှေဂုံတိုင်လမ်းမကြီးနှင့် ရေတာရှည်လမ်းသစ်ထောင့်)

အသင်းဖြစ်မြောက်ရေးကော်မတီ

**ကြူးနှစ်** HR စာစဉ် (၁၈)
အိပ်မက်ဆိုး (၂၅)ည
ဝတ္ထုတိုများ
ထွက်ပြီ
HR Publishing House ဖုန်း ၀၁-၂၉၇၉၆၅၊ ၀၉-၇၃၁၂၁၇၅၄

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဈေးပြိုင်အိတ်ဖွင့်လေလံခေါ်ယူခြင်း**

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီပိုင် (၁၀)ဘီးမော်တော်ယာဉ်များဖြစ်သည့် ယာဉ်အမှတ်(၃ခ/၇---) (NISSAN, Truck)နှင့် (၄ခ/၈---) (HINO, Truck)တို့ကို မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ လေလံဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) လေလံပုံစံစတင်ရောင်းချမည့်နေ့ရက် - ၁၃-၃-၂၀၁၅ရက် (သောကြာနေ့)
(ခ) လေလံပုံစံနောက်ဆုံးပေးသွင်းရမည့် ရက်/အချိန် - ၃၁-၃-၂၀၁၅ရက်၊ (အင်္ဂါနေ့) - ၁၆း၀၀ နာရီ၊
(ဂ) လေလံဖွင့်မည့်ရက်/အချိန် - ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)၊၁၂း၀၀နာရီ
(ဃ) လေလံတင်သွင်းရမည့်နေရာ - မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး (ရန်ကုန်/နေပြည်တော်)
(င) လေလံဖွင့်မည့်နေရာ - မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၊ အမှတ်(၆၈)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့
၃။ မော်တော်ယာဉ်များကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး (နေပြည်တော်တွင်) သွားရောက်ကြည့်ရှုပြီး လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်နှင့်နေပြည်တော်) ဖုန်း-၀၁ ၆၅၈၁၄၉၊ ၀၁ ၆၅၈၁၅၀၊ ၀၆၇ ၄၃၂၃၈၄၊ ၀၆၇ ၄၃၂၃၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံရောင်းချရေးအဖွဲ့
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရှိ ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ မြင်းခြံ Gas Engine အတွက် (၁၀)လက်မပိုက်နှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် ၁၆-၃-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် ၆-၄-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇- ၄၁၀၂၈၂

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းရှိဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ကျောက်ဆည် GEG အတွက် Gas Filteration Skid (၂)လုံးကို (နိုင်ငံခြားငွေ) USD ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် ၁၆-၃-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် ၆-၄-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇- ၄၁၀၂၈၂

# ဖုန်မတက်တဲ့လက်မှတ်များ – လူများ

à cifarmifh(dabm*aA')

၂၀၀၁ ခုနှစ်လောက်မှာ တစ်သက်လုံးဘယ်တော့မှ မထွက်ဘူးလို့ ထင်ထားခဲ့တဲ့ တက္ကသိုလ်ဆရာဘဝကို စွန့်ခွာခဲ့ပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ ကျောင်းဆရာတစ်ယောက်လို့ပဲ စွဲစွဲမြဲမြဲခံယူထားမိပုံရတယ်။ တက္ကသိုလ်ဆရာဘဝက ထွက်ခဲ့တာကလည်းဘယ် လိုမှ ကို ပျော်စရာမကောင်းတော့ဘဲကိုး။ သတ်သတ်မှတ်မှတ် စာသင်ကြားခွင့်ရခဲ့တာမျိုးမဟုတ်ခဲ့ဘူးလေ။

အပြင်လောကထဲရောက်တော့လည်း တပည့်ဟောင်းတွေကိုခေါ်ပြီးအလုပ်ခန့်တယ်။ စာသင်ပေးတယ်၊ ဘွဲ့လွန်သင်တန်းတက်ခိုင်းတယ်ဆိုတော့ ဆရာတပည့် ဆက်ဆံရေးကမပြောင်းမလဲရှိနေတယ်။ အပြင်ကလာလည်တဲ့ ဧည့်သည်တစ်ယောက်ကတောင် စာဖတ်လိုက်၊ စာရေးလိုက်၊ စာသင်လိုက်လုပ်နေတာတွေ့ရတော့ဌာနသာပြောင်းသွားတာ ဒီအလုပ်ပဲလုပ်နေတာကိုးလို့မှတ်ချက်ချသွားတယ်။ ကိုယ်ကလည်း ဒီအလုပ်ပဲလုပ်တတ်တာကိုး။

ဒီအချိန်မှာ ဝန်ကြီးဌာနတစ်ခုက သင်တန်းတစ်ခုမှာ အမြဲတမ်းလောက်သင်ခွင့်ရတယ်။ ဒီတော့လည်း ကိုယ့်ရဲ့ ကျောင်းဆရာအစွဲက အမြစ်မပြတ်တော့ဘူး။ သင်တန်းချိန်မှာ စာသင်လိုက်၊ အပြင်မှာဆွေးနွေးလိုက်၊ ပြီးတော့ ခရီးတွေသွားလိုက်၊ ချောင်းသာ၊ ငွေဆောင်၊ ရွှေစက်တော်၊ ကျိုက်ထီးရိုးအနှံ့ရောက်ခဲ့တယ်။ တကယ်တမ်း သင်တန်းကတာဝန်ရှိတဲ့သူတွေတောင် သင်တန်းအပေါ် ကိုယ့်လောက်သံယောဇဉ်ကြီးမယ်မထင်ဘူး။ သူတို့က ဝင်လိုက်ထွက်လိုက်နဲ့ လူလဲသွားပေမယ့် ကိုယ်ကမလဲဘဲကိုး။ ပြီးတော့ တစ်နှစ်တစ်ခါ ဝါဆိုသင်္ကန်းကပ်လိုက်၊ ကထိန် သင်္ကန်းကပ်လိုက်နဲ့ လူစုမိနေတယ်။

> သင်တန်းသားတွေကြား ထဲမှာ သဘောထားမတူ တာကို ဆန့်ကျင်တယ်။ လှုံ့ဆော်တယ်လို့ . . . .

သင်တန်းဆရာတွေထဲမှာ အသက်(၈၀)ကျော် ဝါရင့်ဆရာမကြီးတွေတောင်ပါတယ်။ သူတို့ရဲ့ အတွေ့အကြုံတွေ၊ ပညာဗဟုသုတတွေကို စေတနာအပြည့်နဲ့ ပို့ချဝေငှကြပေမယ့် သင်တန်းသားဆိုတာက အမျိုးမျိုးဆိုတော့ အတော်အားနာစရာကောင်းတဲ့အဖြစ်မျိုး တွေနဲ့ခဏခဏကြုံရလို့ သင်တန်းတာဝန်ရှိသူတွေလည်း အတော်အားနာရ၊ မျက်နှာပျက်ကြရတယ်။

ခုလို သံယောဇဉ်ကြီးတဲ့သင်တန်း၊ ကိုယ့်အပေါ်လည်း သံယောဇဉ်ကြီးကြတဲ့ သင်တန်းသားတွေကြားထဲမှာ သဘောထားမတူတာကို ဆန့်ကျင်တယ်၊ လှုံ့ဆော်တယ်လို့ ယူဆတဲ့ သင်တန်းသားတချို့ရဲ့ တိုင်တန်းမှုကြောင့် သင်တန်းကိုးပတ်လောက် နားလိုက်ရတယ်။ ကိုယ်ဘာတွေပြောသလဲဆိုတာ ကိုယ့်ဘာသာကို သိထားပြီး တုံ့ပြန်မှုအမျိုးမျိုးရှိမယ်ဆိုတာလည်း နားလည်ထားလို့ လက်ခံလိုက်ပြီး သံယောဇဉ်ဖြတ်လိုက်တော့တယ်။

တော်တော်လေးကြာမှ တာဝန်ရှိသူနောက်တစ်ဦးက သတိရပြီး ပြန်လာသင်ဖို့ပြောတော့လည်းသင်ရပြန်တာပေ့ါ။ ဒါပေမယ့် ကိုယ်ကလဲစိတ်ပြောင်း၊ သင်တန်းသားတွေကလည်းအတော်လေးပြောင်းလဲကုန်တော့ သံယောဇဉ် သိပ်မထားတော့ သင်စရာရှိတာသင်ပေးလိုက်တယ်။ သင်တန်းဖွင့်ပွဲတို့၊ သင်တန်းဆင်းပွဲတို့ဆိုတာ တက်ချင်မှတက်တယ်။

ငါးနှစ်လောက်က သင်တန်း(၁၀)နှစ်ပြည့် အခမ်းအနားလုပ်တယ်။ သင်တန်းသားဟောင်း အတော်များများနဲ့ ဆုံတွေ့ကြရတယ်။ သင်တန်းသားဟောင်း တွေလည်း ဘဝရဲ့လောကဓံအနိမ့်အမြင့်၊အတက်အကျတွေခံစားကြရတာပေ့ါလေ။

အခုဆိုရင် သင်တန်းက (၁၅)နှစ်လောက် သက်တမ်းရှိတယ်။ အသုတ်ပေါင်း ၃၀ ကျော်၊ နံနက်ရော ညနေရောဆိုတော့ သင်တန်းဆင်းတာ ၇၀၀၀ လောက်ရှိပြီ။ သင်တန်းတက်ဖို့အရေး တန်းစီစောင့်ရတယ်။ လူတွေ့၊ နှုတ်ဖြေဖြေရတယ်။ နံနက်ရုံးမသွားမီ ဒါမှမဟုတ် ညနေရုံးဆင်းချိန်တက်ကြ ရတယ်။ ဘယ်သူကမှ ရိုက်ခိုင်းတာမျိုးမဟုတ်။ဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အသက်အရွယ်အမျိုးမျိုးတွေ့ဆုံဆက်ဆံခွင့်ရကြတယ်။

တချို့ဘာသာရပ်တွေက သူတို့အတွက် အသုံးချစရာအခွင့်အရေးမရှိတာမျိုးဖြစ်လေတော့စိတ်ဝင်စားမှုနည်းတာမျိုးကြုံတွေ့နိုင်တယ်။ ဒါပေမယ့် ယူတတ်ရင် ကိုယ့်အတွက်အကျိုးရှိဖို့ချည်းပဲမဟုတ်လား။

မလာတော့ဘူးလို့ကြုံပြောထားပေမယ့်သင်တန်းဆင်းပွဲကိုရောက်သွားတယ်။ ဒီသင်တန်းရဲ့ထူးခြားချက်ကသင်တန်းဆင်းပွဲနဲ့ တစ်ပါတည်း ဆရာဆရာမတွေကိုပါ တတ်အားသမျှ ကန်တော့ကြတာပါ။ ဝါရင့်အရာရှိကြီးတွေကြားထဲမှာအသက်အားဖြင့်ရော၊ ဝါအားဖြင့်ရော ငယ်တဲ့သူက ကိုယ်တစ်ယောက်ပဲပါမယ်ထင်တယ်။ သင်တန်းဆင်းအပြီး ထုံးစံအတိုင်း ဓာတ်ပုံရိုက်ကြ၊ ပြုံးကြနဲ့

> ဟိုသင်တန်း ဒီသင်တန်းတွေ အစုံလိုက်တက်ပြီး အချိန်ကုန်မခံဘဲ ကိုယ်ဝါသနာပါရာ. . . . .

ဆိုတော့ နေ့လယ်စာစားဖို့အရေး မနည်းပြေးရတယ်။ တကယ်တော့ ပီတိတွေစားအားရှိနေလို့ ဆာတောင်မဆာလှပါဘူး။

တော်တော်လေးကြာတော့ ကိုယ်ရော၊ သူတို့ရော Facebook မှာ ဓာတ်ပုံတွေတက်လာတယ်။ ဒီအထိ မဆိုးပါဘူး။

ဒါပေမယ့် သူတို့ရဲ့ status တွေတက်လာတော့ တစ်မနက်လုံးပျော်နေတာတွေ အရှိန်ပျက်သွားတယ်။ ကြည့်လေ သင်တန်းသူတစ်ယောက်ရဲ့ မှတ်ချက်က သူတို့ အချင်းချင်း နောက်တာပြောင်တာတွေ ဖြစ်ပုံရပေမယ့် သင်ကြားပို့ချသူတစ်ယောက်အနေနဲ့ (ကိုယ့်ကိုရည်ရွယ်တာဟုတ်ချင်မှဟုတ်ပေမယ့်) အတော်ခံစားရတယ်။ နံနက်စောစောထသွား နှစ်နာရီလောက် စာသင်၊ နေ့လယ် ခဏနေ၊ ညနေစောင်းကျ တစ်ခေါက်ထပ်သွားပြီး နှစ်နာရီလောက် စာသင်၊ ပြန်လာတော့ မောတဲ့အမောထက် ပိုမောသွားတယ်။

"ဖုန်တင်စရာ လက်မှတ်လေးတစ်စောင်"

"သင်တန်းဆင်းတဲ့နေ့ဟာ အပျော်ဆုံးပဲ"တဲ့။

"သင်တန်းပျက်စရာ ပြေးစရာမလိုတော့ဘူး"တဲ့။

ကဲ-ဖုန်တင်စရာ လက်မှတ်လေးတစ်စောင်ကို ဘာလို့ယူနေကြပါလိမ့်။ လက်မှတ်လေးဖုန်တင်သလို သမီးတို့ရဲ့ ဘဝလေး ဖုန်မတင်စေချင်ပါဘူး။ သင်တန်းဆိုတာ တက်ဖို့ဖြစ်ပြီး ပြေးဖို့မဟုတ်၊ ပျက်ဖို့မဟုတ်ပါဘူး။ သင်တန်းဆင်းတဲ့နေ့အထိ အပျော်ဆုံးနေ့တစ်နေ့ကို စောင့်နေစရာမလိုပဲ သင်တန်းမတက်ဘဲနေကြရင် အပျော်ဆုံးနေ့ကို အစောကြီးရနိုင်သလို ကိုယ်တစ်ယောက် စိတ်မဝင်စားဘဲ တက်လိုက်လို့ တက်ခွင့်မရလိုက်တဲ့နောက်တစ်ယောက် အတွက်လည်း အပျော်ဆုံးနေ့ဖြစ်သွားနိုင်ပါတယ်။

အများအားဖြင့် ဌာနဆိုင်ရာတွေကဖွင့်တဲ့ သင်တန်းတွေမှာ ငွေကြေးခံစားခွင့်နည်းပါးပေမယ့် တာဝန်အရ၊ စေတနာအရ သွားပြီးသင်ကြတာပါ တော်တော်လေးအချိန်ပေးကြရပါတယ်။

တစ်လောက ညနေပိုင်းသင်တန်းတစ်ခုရဲ့ အဓိပ္ပာယ်ကိုမေးပြီး ကိုယ်က "ညနေပိုင်းအပြင်ထွက်ခွင့် လက်မှတ်ရသင်တန်း"လို့ ဘာသာပြန်ကြတော့ ဝိုင်းရယ်ကြတယ်။ သင်တန်းကိုလာတာ သင်တန်းမရောက် လမ်းခုလတ်မှာ၊ လက်ဖက်ရည်ဆိုင်မှာ ပျောက်သွားတဲ့သူတွေကရှိတာကိုး။ ဆရာ့ကို ကြောက်လို့ပြေးကြတယ်ဆိုတာပါသေး။ ရှိစေတော့။ ဒါပေမယ့် ကိုယ့်ဘာသာကို ကျောင်းပြေးတာကို ဆရာ့အပေါ်အပြစ်ပုံချတာတော့ တယ်တရားတယ်လို့မထင်။

သင်တန်းသားတွေကို ခုတစ်လောပြောဖြစ်တာက အပျော်လည်းတက်ပါ၊ အတည်လဲတက်ပါ။ ဟိုသင်တန်း ဒီသင်တန်းတွေအစုံလိုက်တက်ပြီး အချိန်ကုန်မခံဘဲ ကိုယ်ဝါသနာပါရာ ဘာသာရပ်တစ်ခုကို ဒီပလိုမာတွေ၊ မဟာဘွဲ့တွေ၊ ဘွဲ့လွန်တွေ၊ ပါရဂူတွေရတဲ့အထိ တက်စမ်းပါ။ ဟိုစပ်စပ် ဒီစပ်စပ် ဘာမှလည်းမတတ်၊ အချိန်ကုန် လူပင်ပန်း မဖြစ်စေချင်တဲ့အကြောင်းတိုက်တွန်းဖြစ်ပါတယ်။

နယ်တွေမှာဆို အင်္ဂလိပ်စာလို ဘာသာစကားသင်တန်းဆိုတာမျိုးတောင် ဟုတ်တိပတ်တိရှိတာမဟုတ်တော့ ရန်ကုန်လိုနေရာမျိုးမှာ ကိုယ်ဝါသနာပါရာ ဇောက်ချလေ့လာပြီးထူးချွန်အောင် လုပ်စေချင်ပါတယ်။ အထူးသဖြင့် အခွင့်အလမ်းတွေ၊ အလုပ်အကိုင်တွေ ပေါ်လာချိန်မှာ ကိုယ်ကအရည်အချင်းမမီလို့ မရတာမျိုးဖြစ်မှာ စိုးရိမ်မိပါတယ်။

ဒါကတော့ ရထားတဲ့ ဘွဲ့လက်မှတ်လေးတွေ ဟောင်းနွမ်းသွားပေမယ့် ကိုယ့်ကိုယ်ကိုယ်မဟောင်းသေးဘူးလို့ ထင်ထားတဲ့သူတစ်ယောက်ရဲ့အမြင်ပါ။ ။





## လေလံတင်ဒါကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပင်မအလုပ်ရုံ(တောင်) ရွာမ-အင်းစိန်တွင် တာယာဟောင်း အလုံးရေ(၁၀၂၀) (၂၉)မျိုးကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၁၆-၃-၂၀၁၅မှ၂၀-၃-၂၀၁၅ရက်ထိ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - ၂၃-၃-၂၀၁၅ရက် နံနက် ၉း၃၀ နာရီ |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - ပင်မအလုပ်ရုံ(တောင်)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မင်းကြီးလမ်း၊ ရွာမအရှေ့၊ အင်းစိန်မြို့နယ် |
| ဆက်သွယ်ရန်ဖုန်း | - ၀၁-၆၄၀၁၂၃ |

လေလံတင်ရောင်းချရေးကော်မတီ

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

ဗမ္မာ့ကျော် — အိပ်အရောက် လက်မှတ်ပို့
ရွှေစက်တော် Mar(20)
ရွှေစက်တော်၊ပုဂံ Mar(20)
တောင်ကြီး၊လွိုင်ကော် Mar(26)
09-73177727
095194608-09252899887-09250137066

## တိုက်ခန်း ရောင်းမည်

၄၉လမ်း(အပေါ်)၊
ပုဇွန်တောင်
မြေညီ- 12'x60'x18'
09-256092472
09-5402305

## ဝန်ထမ်းအလိုရှိသည်။

| | |
|---|---|
| (၁) Air-Con ကျွမ်းကျင် | 150,000/- မှ 250,000/- |
| (၂) ကျွမ်းကျင် အကူ | 100,000/- မှ 150,000/- |
| (၃) အလုပ်သင်အကူ | 70,000/- မှ 100,000/- |
| (၄) ယာဉ်မောင်း | 150,000/- မှ 200,000/- |

PANDA Air-Con Service
09 49 30 2004, 09 253833810
No. 32(A), Daw Thein Tin St, MTNT

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပထမဦးဆုံး ဦးထွန်းဦး+ဒေါ်ဝင်းမာ

## TV (ရန်ကုန်)

အမျိုးသား/အမျိုးသမီး
ကားမောင်းစက်ပြင်သင်တန်း
(၁) မဆလာစက်မှတ်တိုင်ရှေ့
(၂) ၉၇/၉၉၊ ဗညားဒလမ်း၊ (၁၂၄)လမ်းမှတ်တိုင်အနီး
(၃) မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း၊ ဗိုလ်မှူးဗထူးလမ်း။
Ph:09-5041550,09-421150033,09-73044311,
09-42066955,09-260111942(မြောက်ဒဂုံ)
အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင် TV(ရန်ကုန်)နှင့်သင်လိုက်ပါ။

## အမည်ပြောင်း

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း GRADE V(J) တွင် ပညာသင်ကြားနေသော အဖ ဦးမင်းသန့်၏ သမီးမနေအဥ္ဇရာအား ယနေ့မှစ၍ မဟန်ယွန်းယွန်းသာဟု ပြောင်းလဲခေါ်ဆိုပါရန်။ မဟန်ယွန်းယွန်းသာ

## တိုက်ခန်းရောင်းမည်

လှိုင်မြင့်မိုရ်လမ်း/ကံလမ်း
မြေညီထပ်
ဖုန်း-၀၉-၄၂၀၀၅၃၁၂၂

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) ထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နံနက် (၆း၀၀)နာရီမှစပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင် ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယားဘာသာများကို ည (၂၃း၀၀)နာရီအထိ ထုတ်လွှင့်ခဲ့ပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် ဧပြီလ (၁)ရက်နေ့မှစပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လ (၃၁)ရက်နေ့အထိ နံနက် (၆း၀၀)နာရီမှ (၇း၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် (၇း၀၀)နာရီမှ (၈း၀၀)နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ နံနက်(၈း၀၀)နာရီမှ (၉း၀၀)နာရီအထိ ချင်း (ချိုး)ဘာသာအစီအစဉ်၊ နံနက် (၉း၀၀)နာရီမှ နံနက် (၁၁း၀၀)နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် (၁၁း၀၀)နာရီမှ မွန်းလွဲ (၁၃း၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃း၀၀)နာရီမှ (၁၅း၀၀)နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ညနေ (၁၅း၀၀)နာရီမှ(၁၇း၀၀)နာရီအထိ 'ဝ'ဘာသာအစီအစဉ်၊ ညနေ (၁၇း၀၀)နာရီမှ ည(၁၉း၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည (၁၉း၀၀)နာရီမှ (၂၁း၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ ည (၂၁း၀၀)နာရီမှ (၂၂း၀၀)နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည (၂၂း၀၀)နာရီမှ (၂၃း၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ပါသည်။

**(၁-၄-၂၀၁၅)မှ (၃၁-၇-၂၀၁၅)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်ချိန်စာရင်း**

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | အရှေ့ပိုးကရင် | ၀၆း၀၀-၀၇း၀၀ နာရီ |
| ၂။ | ချင်း(လိုင်ဇိုး) | ၀၇း၀၀-၀၈း၀၀ နာရီ |
| ၃။ | ချင်း(ချိုး) | ၀၈း၀၀-၀၉း၀၀ နာရီ |
| ၄။ | မွန် | ၀၉း၀၀-၁၁း၀၀ နာရီ |
| ၅။ | ရခိုင် | ၁၁း၀၀-၁၃း၀၀ နာရီ |
| ၆။ | ရှမ်း | ၁၃း၀၀-၁၅း၀၀ နာရီ |
| ၇။ | 'ဝ' | ၁၅း၀၀-၁၇း၀၀ နာရီ |
| ၈။ | ကချင် | ၁၇း၀၀-၁၉း၀၀ နာရီ |
| ၉။ | ကယား | ၁၉း၀၀-၂၁း၀၀ နာရီ |
| ၁၀။ | စကောကရင် | ၂၁း၀၀-၂၂း၀၀ နာရီ |
| ၁၁။ | အနောက်ပိုးကရင် | ၂၂း၀၀-၂၃း၀၀ နာရီ |

တိုင်းရင်းသားအစီအစဉ် (၁၁)ဘာသာအား နေ့စဉ်နံနက် (၆း၀၀)နာရီမှ ည (၂၃း၀၀)နာရီထိ ထုတ်လွှင့်ချိန် (၁၇း၀၀)နာရီ ထုတ်လွှင့်လျက်ရှိပါသည်။

**ကြေးမုံ**



**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ MPT, ooredoo, telenor ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများ ပိုမိုကောင်းမွန်စေရန်အတွက် ဇမ္ဗူသီရိ မြို့နယ် ကုံကော်အဝိုင်းမှ ပျဉ်းမနားမြို့ထဲအထိ မြေအောက်ဖိုက်ဘာဆက်ကြောင်းများကို မတ် ၇ ရက်မှစ၍ ထပ်မံတိုးချဲ့ ဆောင်ရွက်လျက်ရှိသည်။ ဆုထက်လှိုင်**

# တောင်ကြီးမြို့နယ် ပြည်သူ့ဗဟိုပြု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**တောင်ကြီး မတ် ၁၃**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်တွင် ပြည်သူ့ဗဟိုပြု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးရုံးမှ ပြည်နယ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်စိန်က အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းက မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဂျာမနီ-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ Mr.Wulf-Hendrik Goretzky, Senior Advisor, GIZ က အလုပ်ရုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူ့ဗဟိုပြု မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအားလုံး အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်းသိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးရုံး ဒုတိယညွှန်ကြားရေးမှူး၊ တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တောင်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာများ၊ မြို့ နယ်အဆင့်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ တက်ရောက်ကြသည်။

ထို့အပြင် ကျေးရွာရှိဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များ၊ အရပ်ဘက်ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၇၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**


## ဝန်ထမ်းအလိုရှိသည်

စာရေးမ(ဘွဲ့ရ) (၅)ဦး
အမှတ်(၂/၂)၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ဘေကျင်းလမ်း၊ အင်းစိန်မြို့နယ်။
ဖုန်း-၀၁-၆၈၆၆၈၀၊ ၆၈၆၆၈၁၊ ၆၈၆၆၈၂
လျှောက်ထားလိုသူများသည် ရုံးချိန်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

## အမှားပြင်ဆင်ခြင်း

၂၀-၂-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၆)ပါ ဦးငြိမ်းမောင်(သာကေတမြို့နယ်)၏ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်မူရင်း)ဖျက်သိမ်းကြောင်း ကြော်ငြာခေါင်းစဉ် "ကန့်ကွက်နိုင်ပါကြောင်း"အစား "အများသိစေရန်ကြေညာ"ဟုပြင်ဆင်ဖတ်ရှုပါရန်။

## တိုက်ခန်းရောင်းမည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ ၄၇ လမ်းထိပ်၊ ပထမထပ်၊ ပေ(၁၅ × ၅၅) အမြင့်(၁၄)ပေ၊ ထပ်ခိုး(၅၀%)၊ ရေမီးကိုယ်ပိုင်၊ အရှုပ်အရှင်းကင်း။

(အမှန်တကယ် ဝယ်မည့်သူသာ ဆက်သွယ်ပါရန်)

ဖုန်း-၀၉-၂၅၂၀၀၄၉၉၀၊ ၀၉-၄၂၁၇၁၆၂၂၉

## သိစေရန်ကြေညာခြင်း

စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း(၁)ရပ်ကွက်၊ သုံးပင်မြောက်ရပ်နေ ဒေါ်ငွေကြည်(အဖ) ဦးခွေးကြီး[၈/စလန(နိုင်)၀၁၃၉၀၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေရန်ကြေညာပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ငွေကြည်သည် ၎င်းပိုင်ဆိုင်ခံစားခွင့်ရှိသော စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း(၁)ရပ်ကွက်၊ သုံးပင်မြောက်ရပ်အတွင်းရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် ဝိုင်းမြေနှင့် တိုက်တာအဆောက်အအုံများအား သားသမီးများဖြစ်ကြသော မကျော့ကေခိုင်၊ [ပြန့်လွင့်ရပ်၊ ဆင်ဖြူကျွန်း(၂)]၊ မနှင်းအိခိုင် (နန်းရှေ့၊ အမှတ်(၁)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး) မောင်နိုင်လင်းထွန်း၊ မောင်အောင်စိုးသူ [သုံးပင်မြောက်ရပ်၊ ဆင်ဖြူကျွန်း(၁)]တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေကြည်မှ မိသားစုစီမံမှုဖြင့် အမွေခွဲဝေပေးမည်ဖြစ်ပါသည်။ အမွေခွဲဝေ ပေးမည့်ကိစ္စအား မကျေနပ်ပါက မကျေနပ်သူသည် ဤကြော်ငြာပါသည့်နေ့မှ (၁၀) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အထက်ပါသား၊သမီးများသည် အမွေခွဲဝေပေးမည့် ကိစ္စအား ကန့်ကွက်မှု တစ်စုံတစ်ရာ မရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်မြောက်သောနေ့တွင် ကျွန်ုပ်မိတ်ဆွေ ဒေါ်ငွေကြည်မှ အမွေ ခွဲဝေပေးမည်ဖြစ်သည်။ သို့သော် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်ပြည့်မြောက်သောနေ့တွင် အဆိုပါ သား၊ သမီးများ ရောက်ရှိလာခြင်းမရှိပါက သင်တို့၏မျက်ကွယ်တွင် အမွေခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစိုးလင်း (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၆၀၉၀)

ဒေါ်တင်တင်မြင့် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၂၁၇၀)

ဆင်ဖြူကျွန်းမြို့၊ စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး
ဖုန်း-၀၉- ၄၀၁၅၇၃၅၅၈၊ ၀၉- ၄၂၀၇၄၃၆၄၀

## အသိဉာဏ်ပေးအလုပ်ပေးသတိပဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အဘယာရာမကျောင်း၌ ကျေးဇူးတော်ရှင် အဘယာရာမဆရာတော် ဘဒ္ဒန္တသောဘဏမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီး ဟောကြားတော်မူခဲ့သည့်အတိုင်း (၁၇)ကြိမ်မြောက် အသိဉာဏ်ပေးအလုပ်ပေး သတိပဋ္ဌာန်တရားစခန်းပွဲကို ၄-၄-၂၀၁၅ရက် ညနေ ၄း၃၀ နာရီ တွင် ဖွင့်လှစ်ပြီး ၁၁-၄-၂၀၁၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများသည် ၂၅-၃-၂၀၁၅ ရက် နောက်ဆုံးထား၍ အမှုဆောင်များထံ စာရင်းပေးသွင်းကြပါရန်နှင့် ဆွမ်းအလှူရှင်များအနေဖြင့်လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
အဘယာရာမကျောင်း
၇/အနောက်ရပ်ကွက်၊ သာကေတ
ဖုန်း-၀၉-၄၉၅၇၇၇၅၂၊ ၀၁-၅၄၇၀၃၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁/၂)၊ မြေကွက်အမှတ်(၇၁၇)၊ မြေကွက်တည်နေရာအမှတ်(၇၁၇)၊ (၄)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်မြေအား ဒေါ်ခင်မာအေးထံမှ ၂၇-၅-၂၀၁၄ ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဖုန်းမြင့်[၁၂/မဘန(နိုင်)၁၀၅၀၈၅]မှ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ဘုရင့်နောင်နယ်မြေရဲစခန်းထောက်ခံချက်တို့တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာသော်လည်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၇-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်-မအ/မအခ/မရက(၁/၂)၊ ၂၀၁၄(၁၂၇၀)ဖြင့် ပြန်ကြားစာအရ မအေးအေးသင်း [၁၂/လမန(နိုင်)၀၀၁၀၃၀]အမည်ဖြင့်မှတ်သားထားသော်လည်း ပေမပြည့်သဖြင့် မြေချပါမစ် ထုတ်ပေးခဲ့ခြင်းမရှိသည့်မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် မြေချပါမစ်ထုတ်ပေးမည်ဖြစ်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုနေဝင်းထွန်း(E/DGNMTT-၀၁၄၈၅၉)၏ PP No.MA 882333သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၀၄၉၉၁၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆-စီ)၊ မြေကွက်အမှတ်(V၁၅၀)၊ မြေကွက်တည်နေရာအမှတ်(၆၀)၊ အုန်းပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ K.Y.A Chettyar Firm အမည်ပေါက် စက္ကူတာမြေအား ရန်ကုန်တိုင်းဒေသကြီး၊ အနေ-ာက် ပိုင်းခရိုင်၊ ဒုတိယခရိုင်တရားသူကြီး(၆)ရုံး၏ တရားမ ကြီးမှု(၃၅၉/၂၀၁၂)၏ ၂၅-၉-၂၀၁၃ရက် တရား လိုအား အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တစ်ဖက်သတ် ဒီကရီနှင့် တရားမဇာရီမှု ၁၀၄/၂၀၁၃၏ ၆-၂-၂၀၁၄ရက်စွဲပါ အမိန့်အရ အရောင်းအဝယ်စာချုပ်(၇၉၆၁/၂၄) (၁၇-၁၁-၂၀၁၄)ဖြင့်ရရှိသူ ဦးဇော်ဦး[၁၂/ကမတ(နိုင်)၀၄၅၂၁၁]မှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ချစ်ပိုင်သစ္စာ

562829,09-73198239
569782,09-450006779
- မန်းရွှေစက်တော်(သီးသန့်)
- ပုဂံ(ဓွယ်တော်လေးဆူ)ပုပ္ပါးပေါ်ပဲ့
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ
- မန္တလေး၊ ပြင်ဦးလွင်၊ ဧစ်ကိုင်း၊ မုံရွာ

ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
www.chitpaithitsar.blogspot.com

## ဓါတ်ပုံသင်တန်း နည်းပြဆရာအလိုရှိသည်။

YANGON 09 5121467 01 504317

## ရောင်းမည်

လယ်ဧက(၅၈)၊ ပြည်လမ်းမဘေး၊ တိုက်ကြီးမြို့နယ်
ဖုန်း - ၀၉-၅၁၂၄၇၂၀၊ ၀၉-၉၇၂၁၅၄၅၂၄

## အရောင်းမြှင့်တင်ရေးဝန်ထမ်း

(Marketing) (၁၀)ဦးလိုသည်။
Supreme Success Co.,Ltd.
ဖုန်း-၀၁-၅၀၂၅၀၄၊ ၀၉-၅၁၂၄၇၂၀၊ ၀၉-၅၁၂၉၀၂၅


## သာယာဝတီခရိုင်တွင် ပုံစံ(၈)ဝင် ကျွန်း၊ သစ်မာ၊ အခြားနှင့် ထင်း၊ မီးသွေးများအား လေလံတင်ရောင်းချရန်လေလံကြော်ငြာ

(၂၇၊ ၂၈/ ၂၀၁၄-၂၀၁၅)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်မှ ပုံစံ(၈)ဝင် ကျွန်း၊ သစ်မာ၊ အခြား (၁၄၃. ၅၀၃၀)တန်၊ မီးသွေး(၁၃၈၃)အိတ်၊ ထင်း(၇. ၅၈၃၄)တန်တို့အား လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့၌ ၁၈-၃-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီတွင် လက်ရှိမျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

[ပုံစံ(၈)သစ်/ထင်း/မီးသွေးများအား တိုင်းကျော် သယ်ယူခွင့်မပြုပါ။]

၂။ လေလံတင်လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ သာယာဝတီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ကြော်ငြာပါသည့်နေ့မှစ၍ ၁၇-၃-၂၀၁၅ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဝယ်ယူနိုင်ပြီး မြန်မာ့စီးပွားရေး ဘဏ်၏ ငွေပေးအမိန့်လွှာ(PO Cheque)နှင့်အတူ လျှောက်ထားရမည် ဖြစ်ပါ သည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီး ဌာန၊ သာယာဝတီခရိုင်၊ ဖုန်းနံပါတ်-၀၅၅-၃၀၂၄၇၊ ၀၅၅-၃၀၃၂၁ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

ပြည်တွင်းရေးရာ

# ထူးချွန်စွာဆောင်ရွက်ခဲ့သူ များအား ဆုချီးမြှင့်

**ပဲခူး မတ် ၁၃**

မတ် ၁၂ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် မိုးစပါး၊ နွေစပါးရာသီတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးရာ ကော်မတီဥက္ကဋ္ဌ ဦးအေးစိုး၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်နှင့် ခရိုင်မြို့နယ်များမှ ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ ဆုရတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က ဆုရွေးချယ်ခြင်းနှင့် ဆုပေးရသည့်အကြောင်းရင်းအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်ဦးညဏ်ဝင်းက ၂၀၁၃ ခုနှစ် နွေစပါးတွင် တစ်ဧက ၂၆၂ ဒသမ ၅၀ တင်းနှုန်းဖြင့် အထွက်နှုန်းအကောင်းဆုံးတောင်သူ ပထမဆုရရှိသော ရေတာရှည်မြို့နယ်မှ တောင်သူဦးကျော်ဆန်း၊ တစ်ဧက ၂၆၀ တင်းနှုန်းဖြင့် ဒုတိယဆုရရှိသော ထန်းတပင်မြို့နယ်မှ တောင်သူ ဦးကျော်လှိုင်၊ ဧက ၅၀ စံပြကွက်အကောင်းဆုံးဆုရရှိသော ကဝမြို့နယ်မှ တောင်သူ ဦးပေါက်တူး၊ ဧက ၁၀ စံပြကွက် အကောင်း ဆုံးဆုရရှိသော ကျောက်တံခါးမြို့နယ်မှ တောင်သူဦးလှထွန်းတို့အား ဆုများပေးအပ်ခဲ့သည်။

လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ တိုင်းဒေသကြီးလွှတ်တော် စိုက် ပျိုးရေးနှင့် မွေးမြူရေးရာကော်မတီဥက္ကဋ္ဌ ဦးအေးစိုးနှင့် တာဝန်ရှိသူများက တောင်သူပညာပေးရှေ့တန်း စခန်းဆု ၂၀၁၄ ခုနှစ် မိုးစပါး သိပ္ပံနည်းကျစိုက်စနစ် (GAP) ဖြင့် စိုက်ပျိုးမှုအကောင်းဆုံးမြို့နယ်နှင့် ဝန်ထမ်းဆု၊ မိုးစပါး သိပ္ပံနည်းကျစိုက်စနစ် (GAP) ဖြင့် စိုက်ပျိုးမှုအကောင်းဆုံးဝန်ထမ်းဆု၊ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါး ပုလဲသွယ်စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးမြို့နယ်နှင့် ဝန်ထမ်းဆု၊ ၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါး အထွက်နှုန်းအကောင်းဆုံးမြို့နယ်ဆု၊ ၂၀၁၄-၂၀၁၅ ခုနှစ် သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးတွင် မိုးစပါး ဧက ၂၇၅၇၈၆၂ ဧက၊ နွေစပါး ဧက ၂၆၉၈၁၆ ဧက စုစုပေါင်း ၃၀၂၇၆၇၈ ဧက စိုက်ပျိုးထုတ်လုပ်ပြီး အထွက်နှုန်းအား ဖြင့် ၇၆ ဒသမ ၅၁ တင်းနှုန်း ထွက်ရှိလျက်ရှိသဖြင့် တစ်နိုင်ငံလုံး စပါးထုတ်လုပ်မှု၏ ငါးပုံ တစ်ပုံနီးပါးကို ပဲခူးတိုင်းဒေသကြီးမှ တာဝန်ယူဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးရေးအဖြစ်ကြက်ခြံများသို့ပိုးသတ်ဆေးများပက်ဖြန်း

**ချောင်းဦး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ တိရိစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် တားဆီးရေးအတွက် ချောင်းဦးမြို့နယ်အတွင်းရှိ ကြက်ခြံများသို့ Bio Clean ပိုးသတ်ဆေးများ လိုက်လံပက်ဖြန်းပေးလျက်ရှိကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် တားဆီးရေးအတွက် Bio Clean ပိုးသတ်ဆေးများ လိုက်လံ ပက်ဖြန်းပေးခဲ့သည်။

အဆိုပါကွင်းဆင်း ဆောင်ရွက်ရာသို့ ချောင်းဦးမြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါက်တာလှစိန်၊ ဒေါက်တာငြိမ်းသီတာထူးနှင့် အဖွဲ့ဝင်များက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။



ချောင်းဦးမြို့နယ် တိရိစ္ဆာရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာလှစိန်က ချောင်းဦးမြို့နယ်မှာ ကြက်ခြံ ၅၁ ခြံရှိပြီး ကြက်ကောင်ရေ ၃၄၀၁၉ ကောင်ရှိရာ ကြိုတင်ကာကွယ် တားဆီးရေးအတွက် Bio Clean ပိုးသတ်ဆေးရည် ၅၀၀ CC ၁၀ လုံး ရရှိကြောင်းပြောသည်။

ကြက်ခြံ တစ်ခြံကို တစ်ရက်လျှင် ဆေး ၁၀ CC အခမဲ့ ပေးအပ်ပြီး ဆေး (၁)CC ကို ရေ ၂၂၂ CC ရောစပ်ပြီး ကြက်ခြံများကို ပက်ဖြန်းပေးလျက်ရှိပါကြောင်း၊ ယခုလက်ရှိ ရရှိထားသော Bio Cleanဆေးရည် (၅၀၀) CC ၁၀ လုံးကို မတ် ၉ ရက်မှ ၁၉ ရက်ထိ ပက်ဖြန်းပေးမည် ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါ Bio Clean ပိုးသတ်ဆေးများကို ချောင်းဦးမြို့နယ်အတွင်းရှိ ကြက်ခြံများအား တစ်လတိတိ ပက်ဖြန်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောပြသည်။

**မြို့နယ်ပြန်/ဆက်**

## ရေလှောင်ကန်အား မိုးမကျမီ အချောသပ်နိုင်ရန် ဒေသခံများကမျှော်လင့်

**ငါ့သရောက် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ကံသာယာအုပ်စု၊ ကံသာယာကျေးရွာမှ ဒေသခံပြည်သူများ မိုးရေအတွက် မှီခိုအားထားပြုနေရသည့် မြေသားရေလှောင်ကန်အား အချောသပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်အတွက် ယင်းကျေးရွာရှိ လုပ်ငန်း ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ညောင်ဦးမြို့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားသော်လည်း ယခုအထိဆောင်ရွက်ပေးနိုင်ခြင်းမရှိ၍ ဒေသခံများအနေဖြင့် ရေပိုလွှဲမြောင်းအား ယခုနှစ်မိုးမကျမီပြီးစီးနိုင်ရေးအတွက် မျှော်လင့်နေကြောင်း ကျေးရွာ အုပ်ချုပ်ရေးမှူးဦးအိုကေက ပြောသည်။

ငါ့သရောက်မြို့နယ် ကံသာယာအုပ်စု ကံသာယာကျေးရွာမှ ဒေသခံပြည်သူများ မိုးရေအတွက် မှီခိုအားထားပြုနေရသည့် မြေသားရေလှောင်ကန်အား ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅ သိန်းအသုံးပြု၍ ပြန်လည်တူးဖော်ပေးနေကြောင်းသိရသည်။

ထိုရေလှောင်ကန်မှာ တာကျင်း ပေါင်း ၄၈၆၀ ခန့်နှင့် အလျား ၅၀၀ ပေ၊ အနံ၁၉၄၅ ပေ၊ အမြင့် ငါးပေခန့်ရှိ ရေပိုလွှဲမြောင်းတို့ဖြင့် ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် အသစ်ပြန်လည်တူးဖော်ခြင်းဖြစ်သည်။

ယင်းမြေသားရေလှောင်ကန်ပြုပြင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုရှိသော်လည်း ရေဝင်ရေထွက်ကောင်းမွန်ပြီး မြေသားရေလှောင်ကန်ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဆောင်ရွက်ထားရှိသည့်အလျား ၅၀၀ ပေ၊ အနံ ၁၉၄၅ ပေ၊ အမြင့် ငါးပေခန့်ရှိ ရေပိုလွှဲမြောင်းမှာ အကြမ်းတူးဖော်ဆောင်ရွက်ထားရှိမှု အဆင့်သာ ရှိနေသေးကြောင်း သိရသည်။

**ရဲဝင်းနိုင်**(IPRD)


Glory Hope Education Centre

**အစိုးရတရားဝင် ကိုရီးယား အလုပ်ဝင် Professional**

ကျွမ်းကျင်သင်တန်းကျောင်း

**Better Tomorrow**

**EPS - TOPIK(ကိုရီးယားဘာသာစကားအရည်ချင်းစစ် စာမေးပွဲ)**

**ပညာအရည်ချင်းမလိုဘဲ**

**သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့**

- လစာ(၁၅)သိန်း ဝန်းကျင်ရရှိနိုင်သော အာမခံချက်။
- မြန်မာစကားကျွမ်းကျင်သောကိုရီးယားလူမျိုးဆရာကိုယ်တိုင်သင်ကြားပို့ချချက်များ
- ကိုရီးယား ဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲအောင်မြင်သည်ထိတာဝန်ယူ သင်ကြားပေးနေပါသည်။
- တန်းခွဲသစ်များကို (၁၈.၃.၂၀၁၅)နေ့နောက်ဆုံးလက်ခံပါမည်။

**တွေဝေမနေဘဲ အရင်ဆုံး ဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ။**

**လိပ်စာ -ချမ်းသာပလာဇာ(ပုဇွန်တောင်)ဒုထပ်၊ အထက်ပုဇွန်တောင်လမ်း**

**ဖုန်း ၃၉၇၅၀၂၊ ၂၉၉၁၃၃၊ ၀၉၅၁၅၀၅၈၂**

**ကမာရွတ် ၅၁၂၈၀၄၊ ၀၉၄၃၀၂၉၂၅၆**

(အထူးအနီးကပ်မတ်လတန်းခွဲသစ်တွက် သင်တန်းသား အသစ်များ စတင်လက်ခံနေပါပြီ)



## ဝန်ထမ်းအလိုရှိသည်

1. **Account Assistant**
   လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။
2. **Admin Assistant**
   လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိရမည်။
   Computer (Word,Excel,Page Maker) ကျွမ်းကျင်သူ ဖြစ်ရမည်။
3. **Mechanical/ Electrical Engineer**
   Fresh Graduate (or) Experience ရှိသူဖြစ်ရမည်။
4. **Fitter (Piping/Structure)**
   လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
5. **CNC Machinist**
   လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၄)နှစ်ရှိရမည်။
6. **Welder (4G/6G)**

ကိုယ်ရေးရာဇဝင်နှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ ပါရှိရမည်။

လျှောက်လွှာများကို **REGARDS ENGINEERING CO.,LTD.** အမှတ်-၇၊ ၆(အေ)၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်(သို့)**info@regardsengineering.com** သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။



## (၄၃)ကြိမ်မြောက် ဗိုလ်သင်တန်းအပတ်စဉ်(၄၃) ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၄၃)၏ (၄၃)ကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ အစီအစဉ်အား အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်းများ/ကျဆုံး/ ကွယ်လွန်သူတို့၏ ဇနီး၊ မိသားစုများအား ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ၁၄-၃-၂၀၁၅ | ၈နာရီ ရဲမွန်ဂေါက်ကွင်းတွင် ဂေါက်ပွဲ ကျင်းပပြုလုပ်ပါမည်။ |
| ၁၆-၃-၂၀၁၅ | ရှေ့တန်းတိုက်ပွဲဝင် စစ်သည်နှင့် မိသားစုများအတွက် သိန်း(၃၀) လှူဒါန်းပါမည်။ |
| ၂၀-၃-၂၀၁၅ | နံနက် ၉း၀၀ မှ ၁၂း၀၀ နာရီတွင် ရွှေတိဂုံစေတီတော် ရှေးဟောင်း ရုပ်ပွားတော်မှော်ရုံ၌ ကျဆုံး/ကွယ်လွန်သူငယ်ချင်းများအား ရည်စူး၍ဘုန်းတော်ကြီးများအားဆွမ်းကပ်လှူဒါန်းခြင်းနှင့် ဆရာများအား ပူဇော်ကန်တော့ခြင်း။ |
| ၂၀-၃-၂၀၁၅ | ၁၈း၀၀နာရီ ကုန်းမြင့်သာ စားရိပ်သာတွင် ညစာစားပွဲဖြင့် တည်ခင်းခြင်း။ |
| ဆက်သွယ်ရန် | ဖုန်း-၀၉- ၅၅၀၄၉၈၂၊ ၀၉-၅၁၆၆၀၇၁၊ ၀၉-၂၀၀၀၃၀၃၊ ၀၁-၅၄၇၃၄၀ |


## အများသိစေရန်နှင့် သတိပေးကြေညာချက်


ဒေါ်အေးအေးထွန်း (အဖ)ဦးမြသိန်း နိုင်ငံသားကတ်[၉/ကဆန(နိုင်) ၁၃၄ ၁၃၇] နှင့် ကျွန်တော်ဦးကျော်ဇေယျ(ခ) ဦးကျော်ဇေယျနိုင်တို့သည် တရားဝင် ဇနီးမောင်နှံအဖြစ် ၁၈-၁၂-၂၀၁၄ရက်မှစတင်၍ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

ဒေါ်အေးအေးထွန်းသည် ကျွန်တော်သဘောတူခွင့်ပြုခြင်းမရှိပါဘဲ ၎င်း၏သဘောဆန္ဒအလျောက် ကျွန်တော်တို့ ပေါင်းသင်းနေထိုင်ရာနေအိမ်မှ ၄-၂-၂၀၁၅ ရက်တွင် ထွက်ခွာသွားခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် ဇနီးဖြစ်သူ ဒေါ်အေးအေးထွန်းအား တွေ့ဆုံရန် လိုက်လံရှာဖွေကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။

သို့ပါ၍ ကျွန်တော်နှင့် ဒေါ်အေးအေးထွန်းတို့သည် တရားဝင်ဇနီးမောင်နှံများဖြစ်ကြောင်း အများသိစေရန်နှင့် ဖြားယောင်း သွေးဆောင်လက်ခံထားသူ မည်သူ့ကိုမဆို တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးကျော်ဇေယျ (ခ) ဦးကျော်ဇေယျနိုင်
နိုင်ငံသားကတ်[၁၄/ငပတ(နိုင်) ၁၂၆၂၇၂]
တိုက်-၄၀ (ဘီ/၃)၊ ၃-လွှာ၊ သီရိမြိုင်(၂)လမ်း၊
(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့



## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ အမက(၆)စတုတ္ထတန်း(A)တွင် ပညာသင်ကြားနေသော မောင်စည်သူမင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်သိန်း [၁၂/ခရန(နိုင်)၀၉၈၆၃၆] ဖြစ်ပါကြောင်း။

ဦးဝင်းဇော်သိန်း
[၁၂/ခရန(နိုင်)၀၉၈၆၃၆]


**အေးသစ္စာ**

- Handmade & Smocking သင်တန်း၊
- ပွဲကိုင်အိတ်လုပ်နည်းသင်တန်း

အမှတ်(၅၀)၊ငါးလွှာ(ဘယ်)၊(၁၁၉)လမ်း၊ မင်္ဂလာဈေးအနီး၊
ဖုန်း-၀၉-၂၅၀၆၇၄၉၀၃

**Super Car Rental**

မြို့တွင်း-မြို့ပြင်၊ လချုပ်-နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
394053, 09252092244
09973634087,09793108848

# သစ်ခုတ်ရောင်းချခြင်း အရေးယူပေးရန်ဒေသခံများလိုလား

**ကျောက်ဆည် မတ် ၁၃**

ပြက္ခယွေတောင်၏အောက်ခြေအနီး ခန့်ကျီတိုင်ကျေးရွာအုပ်စုသည် တောင်ယာစိုက်ပျိုးကြသည့်ကျေးရွာများဖြစ်ပြီး ယင်းကျေးရွာများအနီးရှိ တောင်များပေါ်၌ တရားမဝင် သစ်ခုတ်ရောင်းချသူများကြောင့် မိမိတို့အားကိုးနေသော ရေမြေတောတောင်များပြုန်းတီးနေရာ သက်ဆိုင်ရာတာဝန်ရှိသူများမှ ထိရောက်စွာအရေးယူပေးရန် ဒေသခံများလိုလားနေကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။



"ရေကြည်ပင်တောင်အနီးမှာ ရှမ်းပြည်နယ်တောင်ကြီးမြို့မှာရှိတဲ့ သစ်တောဦးစီးဌာနကလာရောက်ပြီး သစ်တောဖမ်းဆီးရေးဂိတ်ထားပေမယ့် ကျွန်တော်တို့က တရားမဝင်သစ်ခုတ်သူ၊ မီးသွေးဖုတ်သူများကိုမဖမ်းဘူးလားလို့မေးတော့ မဖမ်းဘူးလို့ တောအုပ်ဆိုသူကပြောပါတယ်။ အဲဒီလိုပဲ ကင်းတားရေလှောင်တမံနဲ့ ကူမဲမြို့သွားလမ်းပိုင်ပေါ်တွေမှာလည်း မြစ်သားမြို့နယ်သစ်တောကဖမ်းဆီးဂိတ်တွေရှိနေတာတောင် တောတောင်အတွင်းမှာရှိတဲ့သစ်ပင်ကြီးငယ်တွေဟာ သစ်ခုတ်သူတွေ၊ သစ်ပွဲစားတွေကြောင့် ပြုန်းတီးနေပါတယ်။ သစ်ပွဲစားတွေ ချမ်းသာသွားပေမယ် ကျွန်တော်တို့လို တောတောင်ရေမြေကိုအားကိုးပြီး စိုက်ပျိုးနေကြတဲ့တောင်သူအများစုဟာ အခက်အခဲ ဖြစ်ပေါ်နေပါတယ်"ဟု အဆိုပါဒေသခံကျေးလက်ပြည်သူများကဆိုသည်။

"ကျွန်တော်တို့လည်းသက်ဆိုင်ရာတာဝန်ရှိသူတွေကို တင်ပြပါတယ်။အခုဆိုရင် တမံ(၃)လို့ခေါ်တဲ့ရေလမ်းကတောင် လှေသမ္ဗာန်များနဲ့သစ်ပင်များ ခုတ်ယူပြီးလှေဆိပ်မှာ အသင့်စောင့်နေတဲ့သစ်ပွဲစားတွေဆီ လာရောင်းချနေတာတွေနဲ့ပတ်သက်လို့ လွှတ်တော်ကတောင် တရားမဝင်သစ်သယ်လှေသမ္ဗာန်များကိုအရေးယူဖို့ ညွှန်ကြားစာတွေ ထွက်ထားပါတယ်။ ဒါပေမယ့်အောက်ခြေကအားနည်းမှုများကြောင့် အခုလိုတရားမဝင်သစ်ခုတ်သူတွေ၊ သစ်ပွဲစားတွေက အတင့်ရဲနေတာပါ" ဟု ကျီတိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကင်းတားရေလှောင်တမံအနီးရှိ ပြက္ခယွေတောင်မှာ အမြင့် ၃၇၃၄ ပေရှိပြီး ယင်းနှင့်ဆက်လျက်ရှိသည့် တောင်များမှာ ရွှေမင်းဝံတောင်၊ မုန်တောင်တို့ဖြစ်ပြီး သဘာဝစိမ့်စမ်းရေထွက်များရှိနေခြင်းကြောင့် နိုင်ငံခြားသားများလာရောက်လေ့လာကြသည်။

**ကျော်ကျော်(မလှိုင်)**

## မိုးပွင့်(အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပေးအပ်

**မိတ္ထီလာ မတ် ၁၃**

မိတ္ထီလာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပေးအပ်ပွဲကို ဝန်ဇင်းရပ်ကွက် ကျောက်တံခါးတောရကျောင်းတိုက် အောင်ရတနာဓမ္မာရုံတွင် မတ် ၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လူဝန်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက မိုးပွင့်အထူးစီမံချက်ဖြင့် အိမ်ထောင်စု စာရင်းမပြုလုပ်ရသေးသည့် အိမ်ထောင်စုများနှင့်အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား စိစစ်ရေးကတ်မပြုလုပ်ရ သေးသူများကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းပြီး အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်းရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်ဒေသခံများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်လျှင် လိုအပ်သည့်စာရွက်စာတမ်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လူဝန်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက ဝန်ဇင်းရပ်ကွက်ရှိ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်သူ ၂၃၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မိုးညှင်းမြို့နယ်အင်းတော်ကြီး ရေလယ် ရွှေမဥ္ဇူ ဘုရားပွဲတော်တွင် မုဆိုးမခြေရာကို လေ့လာကြည့်ရှုသူများပြား

**မိုးညှင်း မတ် ၁၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့အထိ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေမဥ္ဇူ ရေလယ်ဘုရား၏ (၁၄၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ရက်များတွင် အင်းတော်ကြီးအင်း၏ အထင်ကရ နေရာတစ်ခုဖြစ်သည့် မုဆိုးမခြေရာနှင့် ကျွဲခြေရာရှိသည့်နေရာများသို့ လေ့လာကြည့်ရှုသူ အများအပြားလာရောက်ကြကြောင်း သိရသည်။

"အင်းတော်ကြီးအင်းမဖြစ်ခင်က ဒီအင်းကြီးနေရာမှာ ဥတ္တရစောဖြူမင်းတည်ထားတဲ့ အိမ်ခြေပေါင်း ၁၀၀၀၀ ခန့်ရှိတဲ့ စည်ခမ်းမြို့ကြီးအဖြစ်ရှိခဲ့တာပါ။ ဒီစည်ခမ်းမြို့ကြီးအုပ်ချုပ်တဲ့ မင်းနဲ့ မှူးမတ်ပြည်သူပြည်သားတို့ရဲ့ ကိုယ်ကျင့်တရားပျက်စီးယိုယွင်းမှုတွေကို နတ်များမနှစ်ခြိုက်သဖြင့် အင်းဖွဲ့တော့မယ်ဆိုပြီး ကောင်းကင်ယံမှ တစ်မြို့လုံး မကြားမသိမရှိလေအောင် နတ်တန်ခိုးဖြင့် ကြွေးကြော်သည်ကို စည်ခမ်းမြို့သူမြို့သားတို့၏ အကုသိုလ်ကံကြောင့် မုဆိုးမတစ်ယောက်မှလွဲပြီး မည်သူမျှ မကြားမသိခဲ့ကြဘူး။ မုဆိုးမက သူကြားသိတဲ့အကြောင်းကို စည်ခမ်းမြို့သူ မြို့သားများကို ပြောပြပေမယ့် ဘယ်သူမှမယုံကြည်ကြဘူး။ ဒါနဲ့ မုဆိုးမက သမီးမြေးမြစ် ဆွေးမျိုးရင်းချာ အနည်းငယ်နဲ့ စည်ခမ်းမြို့အနောက်ဘက်မှာရှိတဲ့ တောင်ကုန်းပေါ်ကို တက်ပြေးကြပြီး အနောက်ဘက်ကို ပြန်ကြည့်လိုက်တဲ့အခါ စည်ခမ်းတစ်မြို့လုံး ရေဖုံးလွှမ်းသွားပြီး အင်းဖြစ်သွားတော့တာ။ အဲ့ဒီမုဆိုးမရဲ့ခြေရာနဲ့ သူ့ကျွဲခြေရာဟာ ဒီတောင်ကုန်းလေးရဲ့ခြေရင်း အင်းအစပ်မှာ ထင်ကျန်ရစ်ခဲ့တာပါ။ ဒီခြေရာတွေကို ပွဲတော်ရက်အတွင်း နေ့စဉ်လာရောက်ကြည့်ရှုလေ့လာသူ တစ်ရက်ကို လူတစ်သောင်းလောက်ရှိမယ်ထင်ပါတယ်" ဟု အင်းတော်ကြီးဒေသ လွဲမွန်ကျေးရွာအုပ်စု လွဲမွန်ကျေးရွာသူ ဒေါ်တင်ခင်ကပြောပြသည်။

အင်းတော်ကြီးအင်းသည် အလျား ၁၆ မိုင်၊ အနံ ၈ မိုင်၊ ရေအမြင့် ပေ ၇၀၀ရှိကြောင်း အင်း၏အလယ်တွင် ရွှေမဥ္ဇူစေတီတော်မြတ်ကို တည်ထားကာ နှစ်စဉ်ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပရာ မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးများ နိုင်ငံခြားခရီးသွား ဧည့်သည်များ လာရောက်ကြကြောင်း သိရသည်

**(၆၈၅)**

**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**
**National Management College (NMC)**

**Diploma in BUSINESS MANAGEMENT နှင့် Diploma in FINANCE & BANKING**

**အမှတ်စဉ် (၄) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း**


အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်း အမှတ်စဉ်(၄)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Diploma in Business Management (DBM)
(ခ) Diploma in Finance and Banking (DFB)

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။
(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး CBM နှင့် CFS အောင်မြင်ထားသူများ
(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာ ရရှိပြီးသူများ
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော အောင်လက်မှတ်ရရှိပြီးသူများ
၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး ၂၀၁၅ ခုနှစ် ဧပြီလ (၄)ရက် နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ သင်တန်းအောင်မြင်ပြီးသူများသည် Advanced Diploma သင်တန်းမှတဆင့် The Open University of Hong Kong ၏ Bachelor of Business Administration (Finance and Banking/Management) BBA ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ Advanced Diploma ၏ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး BBA နောက်ဆုံးနှစ်၏ သင်တန်းကာလမှာ (၁)နှစ်ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ STI Myanmar University
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၃၇၇၉၈၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈၊ ၀၉၄၂၀၁၈၃၁၅၅၊ ၀၉၄၂၀၂၅၄၈၇၂၊
၀၉၄၂၀၁၃၁၇၃၀

စိုးဇင်စာပေ၏ စာအုပ်အမှတ် (၁၇)



ဒေါက်တာ **စိုးလွင်**
ခွဲမွေးရမယ့်ရက် ဗေဒင်မေးလို့တွက် နှင့် မိခင်လောင်းတို့အရေး မေးချင်ရာမေး
Tel:01 228297,
09 5049783,
09 450040767

**စက်ရုံပိုင်ရှင်များအတွက်သတင်းကောင်း**

◆ စက်ရုံသုံး Boiler များတွင်ဖြစ်လေ့ရှိသော Tube ပိုက်များသံချေးတက်ခြင်း၊ကျောက်ပေါက်မာများဖြစ်ခြင်း၊ချိုးတက်ခြင်းများကို ကာကွယ်ရန်အတွက် Boiler Maintenance Chemical များကို *"မြန်မာနိုင်ငံတွင် တိုက်ရိုက်ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း"* သတင်းကောင်း ပါးအပ်ပါသည်။
◆ ဝယ်ယူထားပြီးဖြစ်သော Customer များကိုလည်း(၁)လ(၁)ခါ Free service သာမက တခြားအကြံဉာဏ်ပေးဆောက်ရွက်ခြင်းများ ကိုလည်းအခမဲ့ဝန်ဆောင်မှုပေးနေပါသည်။
➢ မှတ်ချက် - စားသောက်ကုန်များတွင်လုံးဝ ဘေးထွက်ဆိုးကျိုးမရှိပါ။
**Ph : 09-400536761 , 09 420704907**

ပြည်တွင်းရေးရာ

# မော်လူးတွင် လိုင်စင်မရှိ ယစ်မျိုး ဆိုင်များအား စစ်ဆေးအရေးယူ

**မော်လူး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် ယစ်မျိုးလိုင်စင်မရှိဘဲရောင်းချနေသည့် အရက်ဘီယာဆိုင်များအား မတ် ၆ ရက် နံနက် ၁၁ နာရီက တာဝန်ရှိသူများက စစ်ဆေးအရေးယူခဲ့ကြောင်း သိရသည်။

မော်လူးတွင် နိုင်ငံတော်အစိုးရအား ယစ်မျိုးလိုင်စင်ခွန်ဆောင်ကာ ရောင်းချနေသည့် အရက်ဘီယာဆိုင် ၇ ဆိုင်ရှိပြီး ယင်းဆိုင်ရှင်များမှ ယစ်မျိုးလိုင်စင်မရှိဘဲ ရောင်းချနေသည့် အရက်ဘီယာဆိုင်များအား တာဝန်ရှိသူများက စစ်ဆေးအရေးယူပေးရန် တောင်းဆိုခဲ့ခြင်းကြောင့် ကွင်းဆင်းစစ်ဆေးခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ယစ်မျိုးလိုင်စင်မရှိဘဲ အရက်ဘီယာရောင်းချနေသည့် ဆိုင်များအားစစ်ဆေးရာတွင် အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးစိုးထိန်ဝင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှ ဦးတင်ဦး၊ မြို့နယ်စည်ပင်ဌာနမှ ဦးသန်းမြင့်ဝေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးအဆင့်(၁) ဦးအောင်ဇော်ထွန်း၊ မြို့နယ် ကျန်းမာရေးဌာနမှ ဦးအောင်သန်းဝင်း၊ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ မော်လူးရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ဝေမိုး၊ တပ်ကြပ် အောင်အောင်လတ်တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် ယစ်မျိုးလိုင်စင်မရှိဘဲ ရောင်းချနေသည့် ဆိုင်များမှ ပြည်တွင်းဖြစ်အရက်၊ နိုင်ငံခြားအရက်၊ ဘီယာများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းသို့ ယစ်မျိုးလိုင်စင်မရှိဘဲ အရက် ဘီယာများရောင်းချနေသည့် ဆိုင်များအား တရားဥပဒေအရ အရေးယူနိုင်ရန် မော်လူးရဲတပ်ဖွဲ့စခန်းမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ**



**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကူမဲမှ ကင်းတားရေလှောင်တမံသွား ၂၁ မိုင်လမ်းပိုင်းအား မတ် ၁၁ ရက်တွင် ပြုပြင်နေသည်ကို တွေ့ရစဉ်။**
ကျော်ကျော် (မလှိုင်)

## ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ ဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်း ဖွင့်လှစ်

**ကော့ကရိတ် မတ် ၁၃**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်းကို မတ် ၉ ရက် နံနက်ပိုင်းက ခရိုင်ရုံးအစည်းဝေးခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်စိုးက ရွေးကောက်ပွဲဆိုင်ရာ မကျင်းပမီ၊ ကျင်းပစဉ်နှင့် ကျင်းပပြီး လုံခြုံရေးဆိုင်ရာ အသိပညာပေးသင်တန်း အတွေ့အကြုံကိုရှင်း လင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကော့ကရိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်က ရွေးကောက်ပွဲဆိုင်ရာကော်မရှင် လုပ်ငန်းသင်တန်းအတွေ့အကြုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ရှမ်းပြည်နယ် ဥက္ကဋ္ဌဦးတင်ဝင်းလှိုင်က မန္တလေးမြို့တွင် ဖေဖော်ဝါရီလအတွင်းကကျင်းပခဲ့သော ရွေးကောက်ပွဲနှင့် မီဒီယာအခန်းကဏ္ဍ၊ နိုင်ငံလုံးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲအကြောင်းကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

သင်တန်းသို့ ကော့ကရိတ်ခရိုင်အတွင်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဦးစီးအရာရှိများ၊ ရဲစခန်းမှူးများတက်ရောက်ခဲ့ကြသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## မြေယာရှင်နှစ်ဦးအတွက် လျော်ကြေးငွေပေးအပ်

**ပခုက္ကူ မတ် ၁၃**

ပခုက္ကူခရိုင် ပခုက္ကူမြို့ အမှတ်(၁) ရပ်ကွက် ဗုဒ္ဓကုန်းရပ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ပခုက္ကူမြို့၊ လေယာဉ်ကွင်းသစ်ဆောက်လုပ်စဉ်က သိမ်းယူခဲ့သော မြေယာပိုင်ရှင်နှစ်ဦး၏ မြေယာများအတွက် လျော်ကြေးငွေပေးများအား မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

လေယာဉ်ကွင်းသစ်ဆောက်လုပ်စဉ်က သိမ်းဆည်းခံရသည့် ဒေါ်ခင်ရှိန်း၏ ယာမြေ ကွင်းအမှတ်-၃၁၉(၁)၊ ဦးပိုင်အမှတ်(၂၇/၃၀)၊ မြေဧက ၅ ဒသမ ၁၅ ဧကအတွက် တစ်ဧကလျှင် ၁၅ သိန်းကျပ်နှုန်းဖြင့် လျော်ကြေးငွေ ၇၇၂၅၀၀၀ အားလည်းကောင်း၊ ဒေါ်ကြည်ရွှေ၏ ယာမြေ ကွင်းအမှတ်-၃၁၉ (၁)၊ ဦးပိုင်အမှတ်(၄၅/၂)၊ မြေဧက ၃ ဒသမ ၀၅ ဧကအတွက်တစ်ဧကလျှင် ၁၅ သိန်းကျပ်နှုန်းဖြင့် လျော်ကြေးငွေ ၄၅၇၅၀၀၀ အားလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးမိုးဇော်ထက်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ လျော်ကြေးရယူမည့် ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာမှ မြေယာပိုင်ရှင် ဒေါ်ခင်ရှိန်းနှင့်ဒေါ်ကြည်ရွှေတို့ တက်ရောက်ခဲ့ကြသည်။

**ဇေယျာတု(မကွေး)**


**ပျောက်ဆုံးကြောင်း**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၅၆)ရပ်ကွက်၊ ချမ်းမြေ့သာစည်လမ်း၊ (၂၅၁/ခ)နေ ဦးဝင်းမင်းဦး၏ မြေချပါမစ် ပျောက်ဆုံးနေပါသဖြင့် အသစ်လျှောက်ထားမည်ဖြစ်ပါ၍ နှစ်ပတ်အတွင်း မည်သူမဆို ကန့်ကွက်နိုင်ပါသည်။

ဖုန်း-၀၉-၄၂၀၇၇၈၀၂



POPULAR STAR Travel & Services
Find us on Facebook
လန်းဆန်းပျော်ရွှင် သင်္ကြန်ခရီးစဉ်
တောင်ကြီး - အင်းလေး - ပင်းတယ
ကလော - ထမ်းဆိမ်း - မွေတော်ကက္ကူ
Mar 26 - 130000 ကျပ်
Apr 11,12,13,17 - 190000 ကျပ်
မန္တလေး - မင်းကွန်း
ပြင်ဦးလွင် - စစ်ကိုင်း
Mar 26 - 130000 ကျပ်
Apr 12,17 - 150000 ကျပ်
Scania (2+2) Bus, 3 Stars Hotel, Restaurants
အမှတ် ၅၄ (ပထမထပ်)၊ နံ့သာလမ်း၊ ဌာနာချုပ်ကွက်၊ အလုံမြို့နယ်။
Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523



သင်္ကြန်မှာ ချိုနဲ့အတူ ခရီးသွားရအောင်..ချိုနဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့?
မိတ်ဆောင်း/သစ် များအတွက် အထူးစေတနာထုတ်လိုက်သူ၍ *ဗုဒ္ဓဂါယာအခမဲ့လိုက်ပါခွင့်ကံစမ်းမဲ*
Restaurant,Hotel,VIP Tour Express - SCANIA ကားသစ်ကြီးများဖြင့် Mar-26 Apr-12/13/17
သင်္ကြန်ခရီးစဉ်များအားလုံး 50% Discounts အားလုံးစရိတ်ငြိမ်း
တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–မွေတော်ကက္ကူ–ထမ့်စမ်း
(ကံ့လုံဆရာတော်၏ထူးခြားဖြစ်စဉ်ဖူးမျှော်ရန်) ၄ည/၅ရက် ယခင် 320000 ယခု 160000
ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ (ရွယ်တော်လေးဆုပြည့်ငါးပြည့်) လမ်းဘုရားစုံ
သင်္ကြန်သီးသန့်(၄)ည (၅)ရက် ခရီးစဉ်ရှိသည်၊ Dinner စားရင်း/ဖျော်ဖြေမှုပါ ၄ည/၅ရက် VIP 120000
ရွှေစက်တော်–ပုဂံ–ညောင်ဦး–ပုပ္ပါး (ရွယ်တော်လေးဆု ပြည့်ငါးပြည့်အထူး)
(ညပိုင်း Dinner စားရင်းဖျော်ဖြေမှုပါ/တံကျောင်းလုံးချင်းသီးသန့်) ၄ည/၅ရက် ယခင် 320000 ယခု 160000
မန္တလေး–စစ်ကိုင်း–ပြင်ဦးလွင်–ပုဂံ (ရွယ်တော်လေးဆုပြည့်ငါးပြည့်အထူး)
(ညပိုင်း Dinner စားရင်း ဖျော်ဖြေမှုပါ။) ၄ည/၅ရက် ယခင် 320000 ယခု 160000
အလောင်းတော်–မန္တလေး–စစ်ကိုင်း–မုံရွာ
**မုံရွာ ဝင်းယူနတီ ဟိုတယ်တွင် (၂)ညအိပ်** ၄ည/၅ရက် ယခင် 340000 ယခု 180000
ရွှေလီ–မူဆယ်–မန္တလေး–ပြင်ဦးလွင်
3 Stars Hotel တွင်(၃)ညအိပ်မည်။ VIP 2+1 Car ၅ည/၆ရက် 280000
၂၀၁၅ သင်္ကြန်အတွက် သီးသန့်အဆင့်မြင့် စရိတ်ငြိမ်း ခရီးစဉ်အားလုံး ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ်(၅၄)၊ Orange Center ဘေး၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်း။ အိမ်တိုင်ရာရောက်
Ph: 09-420073607, 09-73211079, 09-49250637 လက်မှတ်ဝန်ဆောင်မှု



**ဖြူးမဟာစည်(ရန်ကုန်) ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်မည်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံအနီး ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက် ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပပြုလုပ်မြဲ ဖြစ်သော (၁၁)ကြိမ်မြောက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်(တနင်္လာနေ့)မှစ၍ တန်ခူးလဆန်း ၁၃ ရက်(ဗုဒ္ဓဟူးနေ့)အထိ ၂၃-၃-၂၀၁၅ ရက်မှ ၁-၄-၂၀၁၅ ရက်အထိ ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ(M.A,Ph.D, နိုင်ငံတော်ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)ဦးဆောင်၍ ဖြူးဆရာတော်၏တပည့် ဓမ္မကထိက သံဃာတော်များ၊ လှိုင်မြို့နယ်၊ သာသနာ့နုဂ္ဂဟအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ နေ့စဉ် မွန်းလွဲ ၂ နာရီမှစ၍ ညနေ ၅ နာရီအထိ (၁၀)ရက် တိုင်တိုင် သင်ကြားပြသမည်ဖြစ်ရာ တက်ရောက်သင်ကြားလိုသော ကျောင်းသား၊ ကျောင်းသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ရန်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ကလေးသူငယ်များအတွက် စာအုပ်၊ ဘောလ်ပင်၊ အာဟာရဒါန လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင်အဖွဲ့၊ ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၅၃၉၀၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

လှိုင်မြို့နယ်သာသနာ့နုဂ္ဂဟအဖွဲ့
ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ဖြူးမဟာစည်သာသနာ့ရိပ်သာ
အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။



**ပျောက်ဆုံးကြောင်း**

ကျွန်တော် စိုင်းအောင်ညွန့်ဦး ၏ PP No.A.072919 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၄၆၃၃၀၃



**ယာဉ်မောင်းအလိုရှိသည်**

CNG TAXI, AA Caldina လေးတိုက် နေ့မောင်း တစ်လက်ကိုင်စပေါ်-၃၀၀၀၀၀ ကြည့်မြင်တိုင်မြို့နယ် ဦးစားပေး

Ph:09-5194097

အတွေးအမြင်

# “ဖားနှစ်ကောင်၏ အမြင်”

ခဲ ကိုရွှေသိမ်းအေး (ငါးသိုင်းချောင်း)

စာရေးသူငယ်စဉ်က လှေသမားတစ်ဦးအကြောင်း ဖတ်ဖူးသည်။ လှေသမားတစ်ဦးသည် တစ်ညလုံးကြိုးစားပြီးလှေလှော်ခတ်သော်လည်း အရုဏ်တက်ချိန်ရောက်လာပေမယ့် မြို့ကိုမရောက်သေးဘူး။ မိုးလင်းတော့မြို့ကိုမရောက်သေးပါလားဆိုပြီးကြည့်လိုက်တော့ ကမ်းစပ်ကငုတ်ကိုချည်ထားတဲ့ကြိုးကို မဖြုတ်မိဘဲလှော်မိနေတာကို။ လှေသမားအဖြစ်က ငိုအားထက်ရယ်အားသန်ဆိုသလိုဖြစ်နေသည်။

ပုထုဇဉ်လူသားများသည်လည်း ဤလှေသမားနှယ်တူလှပေသည်။ မသိမှုအဝိဇ္ဇာအမှောင်ထုကြီး ဖုံးလွှမ်းနေသဖြင့် အမှန်တရားကိုမမြင်၊ အတ္တဒိဋ္ဌိကြိုးတန်းလမ်းဖြင့် လောကီ၊ လောကုတ္တရာလမ်းကို လျှောက်လှမ်းနေကြသည်။ လိုရာခရီးသို့မရောက်နိုင်၊ အခက်အခဲများဖြင့်သာတွေ့ကြုံနေရပေမည်။ လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ အစွန်းတရား၊ အစွဲတရားများဖြင့် အတ္တကိုရှေ့တန်းတင်ထားပါမူ အမှန်တရားသို့ရောက်မည်မဟုတ်ပေ။

နေ့စဉ်ဘဝထဲမှာ အငြင်းပွားဖွယ်ကိစ္စများပေါ်ပေါက်လာတိုင်း ကိုယ့်ဘက်ကပဲ အမှန်လို့ထင်တဲ့ အတ္တမာနကခေါင်းထောင်ထလာစမြဲပါ။ အတ္တမာနခေါင်းထောင်ထလာသရွေ့ ငါကအမှန် ငါ့လူကအမှန်၊ ငါ့အဖွဲ့အစည်းကအမှန်ဆိုတဲ့ဘက်လိုက်ခြင်းတွေ ရှိနေပေဦးမည်။ ဟိုဘက်ဒီဘက်ဆိုတဲ့ ခွဲခြားသတ်မှတ်ရှုမြင်ခြင်းတွေရှိနေသရွေ့ စည်းလုံးညီညွတ်မှုတမူ မရှိနိုင်။ “အရင်းစစ်အမြစ်မြေက” ဆိုသလို အတ္တဒိဋ္ဌိ အုတ်နံရံကြီး ခြားထား၍ဖြစ်သည်။

အမှန်တရားကို မည်သည့်အရာနှင့် တိုင်းတာရမည်နည်း၊ ‘ငါ’ဆိုသောအစွန်းတရားနှင့် တိုင်းတာလို့မရနိုင်၊ ဟိုဘက်ဒီဘက်ခြားထားသည့် အတ္တဒိဋ္ဌိအုတ်နံရံကြီးကို ဖြိုချလိုက်လျှင် နှစ်ဦးနှစ်ဖက်ကြည်လင်စွာမြင်တွေ့သွားနိုင်ပေမည်။

ဗုဒ္ဓသည် ဓမ္မစကြာတရားဦးတွင် ကာမသုခလ္လိကာနုယောဂလောဘစွန်းနှင့် အတ္တကိလမထနုယောဂ-ဒေါသစွန်းကို စွန့်ခွာပြီး မဇ္ဈိမပဋိပဒါအလယ်အလတ် (သမာသမတ်) မဂ္ဂင်လမ်းကြောင်းကို လျှောက်လှမ်းခဲ့သည်။ နှိုင်းနှိုင်းချိန်ချိန် သုခမိန်လမ်းစဉ်ကို ကျင့်သုံးခဲ့သည်။

လောဘ-ဒေါသကိုရှေ့တန်းတင်ထားကြသည့် အတ္တသမားတို့သည် အမှန်တရားကိုမျက်စိအောက်မှာပင် ပျောက်ကွယ်နေပေမည်။ ကျွဲကျောင်းသမားကျွဲပျောက်သည့်ပမာဖြစ်ချေမည်။ ကျွဲကျောင်းသားသည် ကျွဲကျောင်းအသွားမှာကျွဲ ၁၀ ကောင်အပြည့်ဖြင့် ကျွဲကျောင်းလေသည်။ အပြန်တွင်ကျွဲတစ်ကောင်ကိုခွစီးပြီး ကျွဲကိုရေတွက်ကြည့်ရာ ကိုးကောင်သာတွေ့ရသည်။ အိမ်အပြန်တစ်လမ်းလုံး စိတ်ညစ်နေမိသည်။ အိမ်ရောက်လို့ကျွဲပေါ်ကခုန်ဆင်းမှ စီးလာတဲ့ကျွဲနဲ့ ၁၀ ကောင်ပြည့်သွားတာသိရလေသည်။ ထိုဥပမာအတိုင်းပင် လောဘ၊ ဒေါသ၊ အတ္တ၊ မာန်မာနတွေကိုခွစီးနေသရွေ့ အသိမှား၊အမြင်မှား၊ မှောက်မှောက်မှားမှားဖြင့် လမ်းမပေါ်ဝယ် လမ်းပျောက်နေမည်ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု လူမှုအဖွဲ့အစည်းနယ်ပယ်တွင် ဝိရောဓိ ပဋိပက္ခများကို ဆွေးနွေးတိုင်ပင် ဖြေရှင်းရာတွင် မိမိပြောသမျှအမှန်၊ သူတစ်ဖက်သားဆွေးနွေးသည်ကို အမှားများသာဟုသတ်မှတ်မထားသင့်ပေ။ တစ်ဖက်နှင့်တစ်ဖက် အပြစ်ပြောဆိုခြင်း၊ တန်ဖိုးမထားပစ်ပယ်ခြင်းမျိုး မပြုဖို့ အလွန်အရေးကြီးပါသည်။ သူ့ဘက်လည်းမြင်အောင်ကြည့်သင့်သည်။

စာရေးသူသည် ဖားနှစ်ကောင်၏အမြင် ဂျပန်ပုံပြင်ကို မှတ်မှတ်ရရရှိလှသည်။ ‘တစ်ခါသော် ဖူဂျီတောင်ခြေတွင် ဖားနှစ်ကောင်တွေ့ကြပါသတဲ့၊ ထိုဖားနှစ်ကောင်အနက် တစ်ကောင်သည် တိုကျိုမြို့ကလာပြီး ကျန်တစ်ကောင်မှာ ကျိုတိုမြို့ကလာပါသတဲ့။ တိုကျိုဖားနှင့် ကျိုတိုဖားတို့သည် သူ့မြို့ကကောင်းသည်၊ ကိုယ့်မြို့ကကောင်းသည်။ သူ့မြို့ကကြီးကျယ်သည် ကိုယ့်မြို့ကကြီးကျယ်သည် စသည်ဖြင့် ကြွားဝါကာ စကားနိုင်လုရင်း ဆဲရေးငြင်းခုံသည့် အခြေအထိရောက်ကြပါသတဲ့။ နောက်ဆုံး၌မည်သည့်မြို့ကကြီးကျယ်သည်ကို နှစ်ကောင်သားမျက်မြင်ဆုံးဖြတ်ရန် ဖူဂျီတောင်ထိပ်ရောက်အောင်တက်ကြပါသတဲ့။ တောင်ထိပ်ရောက်လျှင် သူတို့ခြေထောက်ငယ်လေးများကို ထောက်ကာထောက်ကာ တိုကျိုနှင့်ကျိုတိုမြို့ကိုလှမ်းကြည့်ကြပါသတဲ့၊ တိုကျိုကိုလှမ်းကြည့်တဲ့ ကျိုတိုဖားက-‘ကဲ-မင်းတို့မြို့ဟာတို့မြို့လောက် မကြီးကျယ်တာအမှန်ပါပဲ” ဟုပြောပါသတဲ့၊ ကျိုတိုကိုလှမ်းကြည့်တဲ့ တိုကျိုဖားကလည်း ‘ကဲ မင်းတို့မြို့သာ တို့မြို့လောက်မကြီးကျယ်တာကွ” ဟုပြောပြန်ပါသတဲ့။ အမှန်မှာ သူတို့သည် ကိုယ့်မြို့ကိုသာကိုယ်ပြန်မြင်ပြီး အပြစ်တင်ပြောကြခြင်းဖြစ်သည်။

ဖားတို့၏မျက်စိသည် ဖားခေါင်း၏ ရှေ့ပိုင်းတွင်မရှိဖားခေါင်း၏နောက်ပိုင်းတွင်သာရှိသဖြင့် ရှေ့ကိုတည့်တည့်ကြည့်၍မမြင်နိုင်ဘဲ နောက်ပိုင်းကိုသာမြင်ရပါသတဲ့။ သို့ဖြစ်၍ ဖားနှစ်ကောင်သည် သူတစ်ပါးမြို့ကိုမမြင်နိုင် မသိနိုင်ကြဘဲ ငြင်းခုံမြဲ ငြင်းခုံနေကြခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ မိမိသည်သာအမှန် သူတစ်ဖက်သားပြောသမျှအမှား မထားသင့်၊ သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်မြင်အောင်ကြည့်သင့်သည်။ ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ခြင်းသာ အကောင်းဆုံးဖြစ်ပေသည်။ မိမိတို့တိုင်းပြည်သည် ဘာသာသာသနာအဆုံးအမ၊ သူတော်ကောင်းပညာရှိတို့ကင်းမဲ့သောနိုင်ငံမဟုတ်ပါ။ ဗုဒ္ဓဘာသာဝင်အများဆုံးနေထိုင်သောနိုင်ငံ ဖြစ်သည်။

ယခုတလော သတင်းစာ၊ ရုပ်မြင်သံကြားတွင် ဆရာတော်ကြီးများ အတွေ့အကြုံမျိုးစုံ ဖြတ်သန်းလာခဲ့သော ပညာရှင်ကြီးများ၏ ဟောပြောချက်များ၊ စကားဝိုင်းများကိုမြင်ရ ကြားရသဖြင့် အလွန်တန်ဖိုးရှိလှပါသည်။ နှစ်ဖက်အမြင်များကို လေ့လာသိရှိခွင့်ရကြပေသည်။ သို့ဖြစ်၍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်းကသာ ငြိမ်းချမ်းမှုနှင့် ညီညွတ်မျှတသော အောင်မြင်မှုကိုရရှိနိုင်ပေမည်။ ဗုဒ္ဓသည်ပင် အငြင်းပွားနေကြသော လိစ္ဆဝီလူမျိုးတို့အား အကြိမ်ကြိမ်စည်းဝေးတိုင်ပင်ခြင်းဖြင့် ညီညွတ်မျှတသောအမှန်တရားကို ရရှိနိုင်ပါကြောင်း တိုက်တွန်းဟောကြားခဲ့ခြင်းဖြစ်ပေသတည်း။



**မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှကြီးမှူး၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ စေတုတ္တရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများသည် မြို့တွင်းသွယ်တန်းထားသည့် ဟောင်းနွမ်းနေပြီဖြစ်သော Eleven 11 KVAလိုင်းရှိ သစ်သားတိုင် ၁၉ တိုင်နှင့် Eleven 0.4KVA လိုင်းရှိ သစ်သားတိုင် ၅၉ တိုင်တို့ကို ကွန်ကရစ်တိုင်များ၊ သံလက်တန်းများဖြင့် အစားထိုး လဲလှယ်တပ်ဆင်ခဲ့ကြသည်။ အဆိုပါလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ကြရာ မတ် ၁၀ ရက်ထိ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။**

ကျော်ဇင်မင်း
(စေတုတ္တရာ)

We must work together! MYANMAR'S LAND We must build our Nation!
SUCCESS MOTIVATION AND MANAGEMENT INSTITUTE
Certificate in Modern Marketing ခေတ်သစ် မာကတ်တင်း စီမံခန့်ခွဲမှုသင်တန်း

လူတိုင်းဟာ မာကတ်တင်းနဲ့ တစ်နည်းနည်း ပတ်သက်နေပါတယ်။ သင်ဟာ ...
မာကတ်တင်းပညာနဲ့ တစ်နည်းနည်းပတ်သက်နေသူဆိုရင် ဒီသင်တန်းကို မဖြစ်မနေတက်ရောက်လိုက်ပါ။ အခြေခံမာကတ်တင်းစီမံခန့်ခွဲမှုပညာ၊ မာကတ်တင်း မဟာဗျူဟာများ၊ ခေတ်သစ်မာကတ်တင်းသဘောတရားများ၊ E-commerce အခြေခံ၊ အွန်လိုင်းမာကတ်တင်း၊ Facebook Marketing, Marketing Idea စသည်တို့ကို သင်ကြားပေးပါမည်။
New Campus
ABE (UK)၏ ကမ္ဘာ့အမှတ်အများဆုံးဆု (World First) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။

Campus 1 - (B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus 2 - Taw Win Centre (3rd Floor)
Can Contact : 548500, 095010014, 09259290274, 0943121060, 0932350785 website : www.lynnthaiknyunt.com
အပတ်စဉ် - Sunday (2 pm to 5 pm)
၂-လသင်တန်း ( ၂၂ - ၃ - ၂၀၁၅ ) နေ့စမည်။

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

B.L.T Travels
ကျိုက်ထီးရိုး နေ့စဉ် 8000
ချောင်းသာ 13000
YUTONG (or) SCANIA
09-73163538, 09-31785622

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
တ/ဒဂုံဆိပ်ကမ်း၊ (၇၉)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ လမ်းကျယ် ပေ(၂၀×၆၀) ကြော်ငြာပွဲစားမလို။
ဖုန်း-၀၉-၅၀၈၁၉၉၆

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
အလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ် (ထိုင်း)
မတ်လ (၁၈) ရက်မှ (၂၁) ရက်နေ့အထိ

မျက်ရစ်ဖော်ခြင်း
နှာတံပြုပြင်ခြင်း
အဆီပိုများကိုအဆီစုပ်စက်ဖြင့်ဖယ်ရှားပေးခြင်း
ရင်သားအလှပြုပြင်ခြင်း
မွေးရာပါနှုတ်ခမ်းကွဲပြုပြင်ခြင်း
လည်ပင်းအရေပြားတင်းအောင်ပြုပြင်ခြင်း
မျက်နှာအရေပြားတင်းအောင်ပြုပြင်ခြင်း
အဆီပိုများကိုခွဲစိတ်ပြုပြင်ခြင်း
မေးစေ့ပြုပြင်ခြင်း
LIKE US ON facebook Pun Hlaing Hospital
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၆၄၈၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing-phih@spa-mm.com



၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန်ထမ်းဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းကို မတ်လ ၈ ရက်က မြို့နယ် ရဲတပ်ဖွဲ့စခန်းမှူးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။ သင်တန်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေက ရွေးကောက်ပွဲကာလတွင် လုံခြုံရေးဆိုင်ရာဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့(ခွဲ) ဥက္ကဋ္ဌ ဦးသန်းဆွေက မြို့နယ်၊ ရပ်ကွက်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ)တို့၏ ဖွဲ့စည်းပုံနှင့် တာဝန်များကို ရှင်းလင်းဆွေးနွေးကြသည်။

သတင်းနှင့် ဓာတ်ပုံ - ဝင်းဗိုလ် (မြန်/ဆက်)

# ကျေးရွာမီးလင်းရေး ဆိုလာမီးများလှူဒါန်း

**ကလေး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မင်းလှ အောင်မင်္ဂလာကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီး ၅၇ လုံးကို အိမ်ထောင်စု ၅၇)ခုအတွက် တစ်အိမ်ထောင်လျှင် နှစ်သိန်းနှုန်း တန်ဖိုးရှိ ၈၀ ဝပ် ဆိုလာပြားတစ်ချပ်စီဘက်ထရီအိုး တစ်လုံးနှင့် အင်ဗာတာ မီးချောင်းများ၊ မီးလုံးများကို ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ဖြင့်တပ်ဆင်ပေးထားမှုကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် မြို့နယ်ကျေးလက် ဦးစီးမှူး ဦးအောင်ကျော်မျိုးတို့သည် မတ် ၁၀ ရက်က သွားရောက်စစ်ဆေးခဲ့ကြသည် ။

ကျေးရွာမှာက ညဆိုရင် ဖယောင်းတိုင်မီးနှင့် မီးခွက်တွေကိုသာ အသုံးပြုနေရတာပါဒီလိုမျိုး ဆိုလာမီးတွေ ဘက်ထရီမီးတွေဝယ်ဖို့ကို မစဉ်းစားနိုင်ခဲ့ဘူးဒါပေမဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ ဆိုလာမီးကို ကျေးရွာမှာရှိတဲ့ အိမ်ထောင်စုနီးပါးတိုင်း အခမဲ့ တပ်ပေးလိုက်တော့ ညဆိုရင်လည်း လမ်းတွေမှာရော အိမ်ထဲတွေမှာပါ မီးလင်းနေပါပြီ အဆင်ပြေဆုံးကတော့ ညတွေမှာ ယက္ကန်းစင်လေးမှာ ဆိုလာမီးလေးထွန်း ယက္ကန်းရက်လို့ရတော့ တော်တော်ကို အဆင်ပြေပါတယ်ဟု မင်းလှကျေးရွာမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစ်သာမြစ်အရှေ့ဖက်ခြမ်းနှင့် ဆင်းရဲချို့တဲ့သည့် ကျေးရွာများမဟာ ဓာတ်အားလိုင်းနှင့်ဝေးကွာသည့် ကျေးရွာများအတွက် ၈၀ ဝပ်ရှိဆိုလာပြားနှင့် ၁၂ ဗို့ဘက်ထရီအိုးများကို အိမ်ထောင်စု ၁၄၃၃ အိမ်ထောင်စုအတွက် ငွေကျပ် ၂၈၆၆ သိန်းတန်ဖိုးရှိဆိုလာပြားများကို အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်စင်**

# မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားကတ်ပြားများ ချောင်းဆုံမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ မတ် ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာနက အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို မိုးပွင့်(အထူး)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်က ကရင်ဝင်းစိန်ကျေး ရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် လ. ဝ. က မှူး ဦးကျော်ဆွေနှင့် ဝန်ထမ်းများသည် ကျေးရွာများသို့ ကွင်းဆင်း၍ အိမ်ထောင်စုစာရင်း မပြုလုပ်ရသေးသည့် အိမ်ထောင်စုများနှင့် နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသည့်သူများအား ကွင်းဆင်းဆောင်ရွက်ပေးရာ ကျေးရွာအထောက်အကူပြုကော်မတီဝင်များက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**မြို့နယ်(မြန်/ဆက်)**

# ကမ္ဘာ့အမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအကြောင်း ပညာပေး

**မကွေး မတ် ၁၃**

မကွေးခရိုင် မကွေးမြို့ အောင်စေတနာ (စီ) ရပ်ကွက် မကွေးပညာရေးကောလိပ်အစည်းအဝေးခန်းမ၌ 'ကမ္ဘာ့အမွေအနှစ်နှင့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအကြောင်း' အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို မတ် ၁၀ ရက် နံနက် ၉ နာရီမှ ၁၁ နာရီခွဲထိ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းများအကြောင်း အသိပညာပေးပြောကြားပြီး ဩစတြေးလျနိုင်ငံအမျိုးသားတက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာရှင် Mr. Hudson အီတလီနိုင်ငံသား Mr. Mauro Cucarzi နှင့် အီတလီနိုင်ငံသူ Mrs. Paritrica Zoiese တို့မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဇေယျာတု(မကွေး)**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ


အထူးအာဗိအဇင် Special Discount
ဒဏ္ဍာရီ
ဆံပင်ဖြောင့် + ပေါင်းတင် + မျက်နှာပေါင်းတင်
အထူးဆံပင်ဖြောင့်ဆိုင်
အထူးနှုန်း 15000 ks.
ထူးအလလင်း၊ အောင်မင်္ဂလာမှတ်တိုင်နှင့်သီတာလမ်းမှတ်တိုင်ကြား၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်။

တရုတ်
Sayar.Yang
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ENGLISH
Conversation Practice
ပြောလိုပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

ရှာဝိုးသား
မြန်မာပြည်အနှံ့ ဘုရားဖူးနှင့် အပန်းဖြေခရီးသွားလုပ်ငန်း
ကျိုက်ထီးရိုး(နေ့စဉ်)၊ ချောင်းသာ(နေ့စဉ်)၊ ငွေဆောင်(သောကြာ)၊ ကားစီးလုံးငှား စီစဉ်ပေးသည်။
ရွှေစက်တော်(သီးသန့်) သောကြာ ညသွား၊ တနင်္လာ နံနက်ပြန်ရောက်(စားတည်းငြိမ်း) တစ်ဦးလျှင် ၃၅၀၀၀
အလောင်းတော်ကဿပ၊ ပုံရွာ၊ စစ်ကိုင်း(သီးသန့်)သောကြာညသွား၊ တနင်္လာနံနက်ပြန်ရောက်(စားတည်းငြိမ်း)တစ်ဦးလျှင် ၄၅၀၀၀
ကျိုက်(၅)ကျိုက် (ကျိုက်ထီးရိုး၊ ကျိုက်ထီးဆောင်၊ ကျိုက်သရဲ၊ ကျိုက်မရော၊ ကျိုက်ကူမီ) စက်စီး၊ နွားလပို့တောင်လမ်း၊ ဘုရားနံ့ )(စားတည်းငြိမ်း)တစ်ဦးလျှင် ၄၃၀၀၀
09-425334456, 09-49323965, 09-250233599, 09-49578205


ဂရိတ်ဝေါရွှေမြေကုမ္ပဏီလီမိတက်
(ဆောက်လုပ်ရေးပစ္စည်းအရောင်းစင်တာ)
နိုင်ငံတကာစံချိန်မီ အရည်အသွေးမြင့် ဆောက်လုပ်ရေးပစ္စည်းများ
➢ ပါကေးဆိုဒ်အမျိုးမျိုး၊ အရောင်အမျိုးမျိုး
➢ သဘော်ဆေး၊ ရေဆေး၊ ဆီဆေးအမျိုးမျိုး
(မိုးဒဏ်/လေဒဏ်ခံနိုင်၍ (၁၀)နှစ်ခန့်ခိုင်ခံ့မှုရှိပြီး အညစ်အကြေးပေသည့်နေရာအား ဆပ်ပြာရည်နှင့်ဖော့ဖြင့်ဆေးကြောပါက ပြန်လည်သစ်လွင်တောက်ပစေသည်)
➢ T-တိုင်အမျိုးမျိုး (အနိမ့်၊ အမြင့် စိတ်တိုင်းကျပြုပြင်တပ်ဆင်နိုင်ပါသည်)
(ရောင်းသည် / ငှားသည်)
➢ ဆိုလာပြားအမျိုးမျိုး
➢ ဂရင်းနိုက်ကျောက်ပြားဆိုဒ်ကြီး၊ ဆိုဒ်သေး အရောင်အမျိုးမျိုး
➢ ပတ်တီးမှုန့်အမျိုးမျိုး (ကော်မလို၍ လွယ်ကူစွာအသုံးပြုနိုင်ပါသည်)
➢ အချောပြား (ကွန်ကရစ်လောင်းရန်)
➢ လေအေးပေးစက်ဆိုဒ်စုံအမျိုးမျိုး
➢ C- Channel ချောင်းအမျိုးမျိုး (ဆိုဒ်စုံ)
➢ အင်ဂျင်စက်အမျိုးမျိုး
➢ ဘိလပ်မြေကွန်ကရစ်အုတ်
ကိုယ်စားလှယ်ယူလိုသူများနှင့်ရောင်းချလိုသူများ လာရောက်ဆက်သွယ်ဆွေးနွေးနိုင်ပါသည်။
❖ အမှတ်(၁၃၂/၁၃၃)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်။
: 09 250500099, 09 30196154, 09 33221502, 09 257143489, 09 425007484, 09 795352854, 09 250500066
❖ အမှတ်(၉၇/၉၉)၊ ၂၂-လမ်း၊ လသာမြို့နယ်။ :09 250065716, 09 250065719, 09 73048157, 01-381999, 01-382333

ဒေါက်တာစောလှဖြူ ဦးစီးတည်ထောင်သည်

# EC ကိုယ်ပိုင်အထက်တန်းကျောင်း

EC : The Prestigious School of Future Leaders

## EC အစ်ကိုအစ်မများ၏ ဂုဏ်ယူဝမ်းမြောက်ခြင်း

## ၂၀၁၄ တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်များ



မောင်ခွန်ထူးရဲအောင်
(ဆဗဟ-၇၀၀)
တောင်ကြီးမြို့



မယွန်းရတုနွယ်
(ဆဗဟ-၆၅၂)
တောင်ကြီးမြို့



မမေထက်သာ
(ဆဗဟ-၆၇၇)
ရန်ကုန်မြို့



မောင်ရဲရင့်ပိုင်ဦး
(ဆဗဟ-၇၀၃)
ရန်ကုန်မြို့



မဟန်နီချို
(ဆဗဟ-၆၁၃)
ရန်ကုန်မြို့



မယဉ်ယဉ်မိုးဦး
(ဆဗဟ-၇၀၄)
ပဲခူးယ်ကုန်းမြို့



မမြင့်မြတ်ဇော်
(ဆဗဟ-၆၂၂)
ရန်ကုန်မြို့

**Top-Ten နှင့်ဘာသာစုံဂုဏ်ထူး နှစ်စဉ်ဆွတ်ခူးခဲ့ကြသော**
**EC အစ်ကိုအစ်မများ၏ အစဉ်အလာများအတိုင်း**
**EC ညီငယ်ညီမငယ်များသည် ၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲတွင်**
**အောင်မြင်မှုအသီးအပွင့်များ ဆွတ်ယူနေကြပြီဖြစ်သဖြင့်**
**ဂုဏ်ယူဝမ်းမြောက်ပါကြောင်း**

၆ (က) ကန်တော်ကြီးကန်ပတ်လမ်း၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၇၃၀ ၇၇၅၈၂၊ ၊ ၀၉ ၄၂၁၀ ၂၈၆၅၄၊ ၀၉ ၅၀၆ ၂၉၉၅၊ ၀၉ ၄၃၀ ၅၆၃၅၁ www.facebook.com/ecprivatehighschool

## ၂၀၁၅ခုနှစ် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနားအတွက် ပြိုင်ပွဲဝင်များဖိတ်ခေါ်ခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ၂၀၁၅ခုနှစ်၊ ဧပြီလ ၂၆ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အခမ်းအနားကို စာပေအနုပညာနယ်ပယ်၊ သိပ္ပံနှင့်နည်းပညာနယ်ပယ်တို့တွင် တီထွင်ဖန်တီးမှုများကို မြှင့်တင်နိုင်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်၊ ပြည်သူလူထု၏ ယဉ်ကျေးမှုနှင့် ဗဟုသုတများတိုးပွားစေရန်၊ ကိုယ်ပိုင်တီထွင်ဖန်တီးမှုများအား အကာအကွယ်ပေးခြင်းအားဖြင့် ရရှိနိုင်မည့်အခွင့်အရေးများအား သိရှိနားလည်ခြင်းဖြင့် ဖန်တီးမှုများမြှင့်တင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားတွင် IP Office Logo ပြိုင်ပွဲ World IP Day 2015 ဆောင်ပုဒ် "Get up, Stand Up. For Music" ပိုစတာပြိုင်ပွဲ၊ Innovation for Energy Saving Innovation for Household Product နှင့် A Design made of Recycle Material ခေါင်းစဉ်များဖြင့် ပြိုင်ပွဲများကျင်းပပြုလုပ်ခြင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့်ပိုစတာ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဓာတ်ပုံများခင်းကျင်းပြသခြင်း၊ Educational Talk, Quiz ဖြေဆိုခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပြခန်းများ ခင်းကျင်းပြသခြင်း အစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါပြိုင်ပွဲခေါင်းစဉ်များဖြင့် ပြိုင်ပွဲဝင်လက်ရာများ ပေးပို့ယှဉ်ပြိုင်ကြရန်နှင့် ခင်းကျင်းပြသနိုင်ရေးအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့်ပိုစတာ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးဓာတ်ပုံများပေးပို့ကြရန် ဖိတ်ခေါ်ထားပါသည်။ ယှဉ်ပြိုင်မှုသည် ကိုယ်ပိုင်တီထွင်ဖန်တီးမှုဖြစ်ရမည်ဖြစ်ပြီး ယခင်ရှိပြီးသား လက်ရာများနှင့် တူညီမှုမရှိစေရ၊ ပြိုင်ပွဲဝင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ခေါင်းစဉ်တစ်ခုချင်းစီအတွက် ယှဉ်ပြိုင်ချက်တစ်ခုတည်းကို တင်သွင်းနိုင်သည်။ မိမိကြိုက်နှစ်သက်ရာကုန်ကြမ်းသို့မဟုတ် Software အားအသုံးပြု၍ခေါင်းစဉ်နှင့်ကိုက်ညီသည့်အကြောင်းအရာများကို ပေါ်လွင်အောင်ဖန်တီးရမည်။ ပြိုင်ပွဲဝင်လက်ရာတစ်ခုချင်းစီအတွက် ရှင်းလင်းချက်အပြည့်အစုံဖြင့်ဖော်ပြရမည်။

ပြိုင်ပွဲဝင်လက်ရာများနှင့် ပြပွဲအတွက် ပိုစတာ၊ ကာတွန်း၊ ဆောင်းပါး၊ ဓာတ်ပုံများပေးပို့ရာတွင် Hard Copy သို့မဟုတ် Soft Copy တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဖအမည်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၅၀၇၊ ဖက်စ်-၀၆၇-၄၀၄၀၁၁/၄၀၄၁၈၂သို့ မတ်လ ၃၀ရက် ညနေ ၄း၃၀ နာရီတွင် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။

